# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၄)


# ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ ညနေ ၆ နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နေအိမ်၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော် ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ **(ယာပုံ)**

**ကြိုဆိုနှုတ်ဆက်**

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော် ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရစ်ယာန် အသင်းတော်များမှ သင်းအုပ်ဆရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ဓမ္မတေး သီဆိုချီးမွမ်း**

အခမ်းအနားကို Bishop Dr. Zothan Mawia က ခရစ္စမတ် ဆုမွန်ကောင်းတောင်း၍ ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ Sang Pi က ခရစ္စမတ် ဓမ္မတေး သီဆိုချီးမွမ်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခရစ္စမတ် နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် ခရစ္စမတ် နှုတ်ခွန်းဆက် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖတ်ကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊




## သိမ်မွေ့သော ကျူးကျော်မှုများနှင့် လွတ်လပ်ရေး

ဆောင်းပါး | စာ ၆

## လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးနှင့် နွေရာသီ ရေနံဝင်ရောက်မှု ကာကွယ်ရန် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စာ ၇

## တည်ငြိမ်အေးချမ်းမှု ရရှိလာပြီဖြစ်သော မြို့တိုင်းရင်းသားတို့၏ ကျေးရွာများ

စာ ၁၀


Established in 1958

ကံ့နှရီ

အဆင့်မြင့်ချည်ချောလုံချည်

*The Ultimate Quality and Fastness.*

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အသုံးစွန်

ပင်ရင်း - **ကံ့နှရီ** အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄ - ၂၀၅၀၁၃၁၊ ၀၆၄ - ၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး - အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၁ ၂၂၈

## မြန်မာ့အလင်း

# အွန်လိုင်းမှစသည့် ပြစ်မှုများနှင့် ရယူကြရမည့် သင်ခန်းစာ

မိဘအုပ်ထိန်းမှုအောက်တွင်ရှိနေသည့် မိန်းကလေးငယ်ကို ခိုးယူမှု၊ အသက် ၁၆ နှစ် မပြည့်သေးသည့် မိန်းကလေးငယ်ကို သားမယားအဖြစ် အကြိမ်ကြိမ် ပြုကျင့်ခဲ့သည့် မုဒိမ်းမှုတို့ဖြင့် ပြစ်မှုကျူးလွန်သည့် အသက် ၂၀ ကျော်အရွယ်အမျိုးသားကို အလုပ်နှင့်ထောင်ဒဏ် ၂၃ နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည့် သတင်းကို နေ့စဉ်ထုတ် သတင်းစာများတွင် ဖတ်ရှုကြရသည်။

အဆိုပါ ရာဇဝတ်မှုတွင် ကျူးလွန်ခံရသူ မိန်းကလေးငယ်မှာ ကျောင်းနေဆဲ အသက် ၁၅ နှစ်ကျော်ကျော် အရွယ်မျှသာ ရှိသေးပြီး အွန်လိုင်းတွင် သိကျွမ်းခဲ့သူ အကြံသမား၏ လျှောက်လည်မည်ဟုပြောသော ချိန်းဆိုမှုကို ယုံကြည်ကာ သွားရောက်တွေ့ဆုံခဲ့ခြင်း၊ မသမာသူက ဆေးခတ်တိုက်ကျွေးသည့်အရာကို သောက်သုံးမိခဲ့ခြင်းတို့ကြောင့် အသိစိတ်တို့ ပျောက်ဆုံးကာ သားကောင်ဘဝသို့ ကျရောက်ခဲ့ရသည်ကို သင်ခန်းစာယူဖွယ်ရာ တွေ့ရသည်။ အင်တာနက်လူမှုကွန်ရက်များကို အခြေပြုကာ ပြင်ပတွင် မတွေ့ဆုံဖူးသူ၊ နောက်ကြောင်းရာဇဝင် အစစ်အမှန်ကို မသိနိုင်သူတို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆက်ဆံမိကြပြီး လိမ်လည်မှု၊ အဓမ္မကျူးလွန်မှု၊ လူကုန်ကူးမှု၊ လူသတ်မှု စသည်ဖြင့် အမှုအခင်းများစွာတို့ ဖြစ်ပေါ်ခဲ့ကြကြောင်း သတင်းများကို မကြာခဏဆိုသလို ကြားသိနေကြရာ လူမှုကွန်ရက်ပေါ်မှ ဆက်သွယ်ဆက်ဆံမှုများအပေါ် အယုံမလွယ်ဖို့၊ မသာယာမိကြဖို့နှင့် အချိန်မရွေး သားကောင်ဘဝ ကျရောက်နိုင်ကြောင်း သတိထားကြဖို့လိုမည် ဖြစ်သည်။

မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့၏ သားငယ်သမီးငယ်များကို လက်ကိုင်ဖုန်း သုံးစွဲခွင့်ပြုထားပြီဆိုပါက အွန်လိုင်းပေါ်မှ အန္တရာယ်များအကြောင်းကို မကြာခဏ သတိပေးကြရန် လိုအပ်မည်ဖြစ်ပြီး မျက်ခြည်မပြတ်လည်း စစ်ဆေးကြည့်ရှုရန် လိုအပ်မည်ဖြစ်သည်။ လူမှုကွန်ရက်များ အသုံးပြုရာတွင် "ရည်ရွယ်ချက်ရှိရှိ အန္တရာယ်ပေးနိုင်သူများသည် ဆွဲဆောင်မှုရှိသော ဓာတ်ပုံများကို အသုံးပြုပြီး အယောင်ဆောင်ကာ ဆက်သွယ်မှုများ ပြုလာနိုင်ကြောင်း၊ ယင်းနောက် ပြင်ပ၌ တွေ့ဆုံရန် ချိန်းဆိုကာ ရာဇဝတ်မှုကို ဖြစ်ပေါ်စေကြောင်း၊ အဆိုးဆုံးအားဖြင့် လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှုတို့တွင် ပါဝင်ပတ်သက်စေနိုင်ကြောင်း၊ ထို့ကြောင့် မသိသောသူများနှင့် ဆက်သွယ်ခြင်းမပြုရန်၊ အကယ်၍ ၎င်းတို့ဘက်က တောင်းဆိုခြင်းပြုလာခဲ့လျှင်လည်း အပြင်၌ မတွေ့ရန်၊ မိမိ၏နာမည်၊ ဓာတ်ပုံ၊ ဖုန်းနံပါတ်၊ လိပ်စာစသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သူစိမ်းများအား မပေးရန်၊ တစ်ခါတစ်ရံ အန္တရာယ်ပေးနိုင်သူများက မိမိ၏မိတ်ဆွေ သူငယ်ချင်းဟန်ဆောင်ပြီး ဆက်သွယ်လာတတ်ခြင်းကြောင့် သူငယ်ချင်းဟုတ်မဟုတ် သေချာအောင်ပြုလုပ်ရန်" စသည်ဖြင့် အကြံပြုချက်များရှိရာ လူမှုကွန်ရက်ကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် လိုက်နာသင့်သော အချက်များပင်ဖြစ်သည်။

အထက်ဖော်ပြပါ မှုခင်းဖြစ်စဉ် ဖြစ်ပွားရာနေရာသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခုတွင်ဖြစ်ပြီး တရားခံဖြစ်သူက ပုံမှန်စိတ်ကင်းမဲ့နေသည့် မိန်းကလေးငယ်ကို ခေါ်ဆောင်သွားကာ သုံးရက်ခန့် ပိတ်လှောင်ထားပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် တွေ့ရှိရသည်။ တည်းခိုခန်းများက တည်းခိုမည့်ဧည့်သည်များကို လက်ခံရာတွင် ဆောင်ရွက်ရမည့် စည်းကမ်းများ၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များ၊ ဒေသန္တရထုတ်ပြန်သည့် အမိန့်များ စသည်ဖြင့် ရှိသော်လည်း လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ ကွပ်ကဲကြပ်မတ်မှု၊ စစ်ဆေးမှုအားနည်းခြင်း၊ ငွေရရှိရေးကိုသာ အဓိကထားကြခြင်းတို့ကြောင့် တည်းခိုခန်းများတွင် ဖြစ်ပွားသော အမှုအခင်းများကို မကြာခဏတွေ့ရှိနေကြရခြင်းဖြစ်ရာ အမှုအခင်းများ ဖြစ်ပေါ်လာမှုတွင် တည်းခိုခန်းများအနေဖြင့် တာဝန်မရှိသကဲ့သို့ လွတ်ကင်းနေသည့်အပေါ် ပြန်လည်သုံးသပ်ကာ နည်းလမ်းရှာ ထိန်းကွပ်သွားရန်လည်း လိုအပ်မည်ဟု ရှုမြင်မိပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ကျေးလက်ကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးနိုင်ရေး မြေပြင်ကွင်းဆင်း တိုင်းတာ

**ညောင်ဦး ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ပြီး မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးလက်လယ်ယာ၊ သား၊ ငါး၊ မွေးမြူရေးကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးသွားနိုင်ရန်အတွက် ကျေးရွာများမှ တင်ပြလာသော ကျေးလက်ကုန်ထုတ်လမ်းများအား ဦးစားပေးအလိုက် စိစစ်တင်ပြသွားနိုင်ရေး ဒီဇင်ဘာ ၁၂ ရက်မှ စတင်ကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ရှိန်၏ ကြီးကြပ်မှုဖြင့် ဦးညီညီဦး (ဦးစီးအရာရှိ-နည်းပညာ) နှင့် ဝန်ထမ်းများအဖွဲ့က မြေပြင်ကွင်းဆင်း တိုင်းတာခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ကျေးလက်ဒေသ လယ်ယာ၊ သား၊ ငါး၊ မွေးမြူရေးကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးသွားနိုင်ရန် တင်ပြလာသော ကျေးရွာများမှာ ညောင်ဦးမြို့နယ် အင်တိုင်းကျေးရွာ၊ ကမ္ဘူနီကျေးရွာ၊ ရေတွင်းညောင်ပင်၊ စည်သာ၊ ကန်နီပေါက်၊ ဂျိုးကန်၊ အေးရွာ၊ အောက်ညဉ့်၊ သူကောင်းတည်၊ လက်ထုတ်၊ မကျီးစောက်၊ ကုန်းရွာ၊ ညောင်တိုကျေးရွာနှင့် ညောင်လုကျေးရွာ စုစုပေါင်း ကျေးရွာ ၁၄ ရွာခန့်ရှိကြောင်း သိရသည်။ ကျေးရွာများအလိုက် တိုင်းတာရရှိသည့် ခန့်မှန်းတွက်ချက်မှုစာရင်း၊ တည်နေရာမြေပုံနှင့် မှတ်တမ်းဓာတ်ပုံများကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်ဖြစ်သည့် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ဌာန၏ ခွင့်ပြုရန်ပုံငွေချထားမှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စိစစ်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည့် အမျိုးအစားမှာ လမ်းအကျယ် ၁၂ ပေ ချဲ့ထွင်ပြီး မြေသား၊ ဂဝံ၊ သံကျောက်၊ မြစ်ကျောက်များ ခင်းကျင်းပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ဓာတ်အားခွဲရုံတည်ဆောက်

**မိတ္ထီလာ ဒီဇင်ဘာ ၂၂**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ကျေးရွာ ၂၂ ရွာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၅ မိုင်တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၂ လုံးတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့က ကြီးကြပ်ပြီး အောင်သောင်းကုမ္ပဏီက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု ဖလံကျင်းကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဆိုပါကုမ္ပဏီမှ တာဝန်ယူ၍ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း၊ ဖလံကျင်းဓာတ်အားခွဲရုံကို ဒီဇင်ဘာလ ပထမပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းတည်ဆောက်ပြီးစီးပါက ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၅ မိုင်တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၂ လုံးတည်ဆောက်ခြင်းကို မြောက်လည်ကျေးရွာအုပ်စုမှ မြောက်လည်၊ ထိန်ကန်၊ သိမ်းကုန်း၊ မုန်တိုင်ကျေးရွာအုပ်စုမှ ဖလံကျင်း၊ မုန်တိုင်၊ သရက်ခြံ၊ လဲတော၊ ညောင်ပင်သာ၊ သရက်ပင်ကျေးရွာအုပ်စုမှ အိုင့်ကုံး၊ ဆပ်ပြာကျင်း၊ သရက်ပင် (၇)၊ သရက်ပင် (န)၊ တပျော်ကျေးရွာအုပ်စုမှ မန်ကျည်းတန်း၊ လက်ပံအိုင့်၊ ကြာကန်၊ သဲတော၊ ရှမ်းမငယ်ကျေးရွာအုပ်စုမှ သပြေကုံး၊ ဂတ်ကုံး၊ ညောင်လည်၊ ရေဝေကျေးရွာအုပ်စုမှ ရေဝေ၊ အင်းမ၊ ကန်သာစသည့် ကျေးရွာအုပ်စု ခြောက်စုမှ ကျေးရွာ ၂၂ ရွာကို လျှပ်စစ်မီးများရရှိနိုင်ရေးအတွက် ဖလံကျင်းဓာတ်အားခွဲရုံကို ၂၀၁၈ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဆက်လက်၍ အဆိုပါဓာတ်အားခွဲရုံမှ ကျေးရွာပေါင်း ၅၂ ရွာအထိ ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော် (အင်ဂျင်နီယာ) က ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မူဝါဒများ ရည်မှန်းချက်များ ရှင်းလင်း

**ပေါင် ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများ၊ မျှော်မှန်းချက်များကို ချပြရန် မွေးရေ/ကျေးလက်ကဏ္ဍ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်သည် ဒီဇင်ဘာ ၁၉ ရက်က မော်လမြိုင်မြို့ ကျေးလက်ဦးစီးရုံး၌ ဦးစီးဌာနများမှ ဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် ပေါင်မြို့နယ် လူထုဗဟိုပြု စီမံကိန်း ဥတ္တံတားနှင့် သပြုချောင်ကျေးရွာတို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီဝင်များအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်လှ (မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ . ၃ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံ ယူကရိန်းနိုင်ငံ သံအမတ်ကြီးနှင့် ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံ မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်ဒရီ ဘက်ရှ်တာ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံ မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်ဒရီ ဘက်ရှ်တာသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**ခန့်အပ်လွှာပေးအပ်**

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ်သည် ညနေ ၃ နာရီ ၅ မိနစ်တွင် ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ် ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခရစ္စမတ် နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားစဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

အခမ်းအနားတွင် Jesse Van Bawi နှင့် Jennifer Ngun Sui Par တို့က ခရစ္စမတ်ဓမ္မတေးသီချင်းများကို သီဆိုကြပြီး သိက္ခာတော်ရဆရာ Dr. Aye Min နှင့် သိက္ခာတော်ရဆရာ Mahn Palmerston တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံ့ အကြီးအကဲများအတွက် ဆုတောင်းမေတ္တာပို့သ၍ ခရစ္စမတ် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**သမ္မာကျမ်းစာကို ဖတ်ကြား**

ထို့နောက် သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦး က ခရစ္စမတ်ဒေသနာတော်ကို ဟောကြားပြီး သိက္ခာတော်ရဆရာ Dr. Samuel Ngun Ling က သမ္မာကျမ်းစာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက ခရစ္စမတ် တေးသီချင်းများကို သီဆိုကြသည်။

**ဖယောင်းတိုင် ထွန်းညှိ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရှွေလှမ်းတို့က ခရစ္စမတ် အထိမ်းအမှတ် ဖယောင်းတိုင်ကို ထွန်းညှိပေးကြသည်။

ယင်းနောက် သိက္ခာတော်ရဆရာ Dr. J. Ral Buai က ခရစ္စမတ် ဆုမွန်ကောင်း တောင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရှွေလှမ်းတို့က ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနားတွင် ဆုမွန်ကောင်းတောင်းကြစဉ်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ ၁၄ ခုကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အောင်မြင်စေရေးအတွက် အားလုံးဝိုင်းဝန်းညီညွတ်နိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုနှစ်ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးအတွက် အဓိကထားရည်ရွယ်ကျင်းပသွားမည်ဖြစ်ပြီး ဦးတည်ချက်များမှာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားများအားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

**(၇၁)နှစ်မြောက်ရှိ**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံညီလာခံ ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၁)နှစ်မြောက်ရှိပြီ ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရရှိခဲ့ပြီး နောက်ပိုင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျ ကျန်ရစ်ခဲ့ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးပြန်လည် တည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်လာမည်မှာ ကေန်မုချဖြစ်ပါကြောင်း။

**စိတ်ဓာတ်သည် အရေးကြီး**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနှင့် စီးပွားရေးသည် ဒွန်တွဲလျက်ရှိပြီး စီးပွားရေးမူဝါဒကို အခြေခံသည့် အုတ်မြစ်များထဲမှ အရေးကြီးဆုံး အချက်တစ်ချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဖြစ်ပါကြောင်း၊ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပုံဖော်နိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို နှစ်ကြိမ် ကျင်းပပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ၏ အနှစ်သာရမှာ တစ်စုတစ်စည်းတည်းဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးဆုံး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာမှုနှင့် နီးကြားရှင်သန်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး

## “ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနှင့် စီးပွားရေးသည် ဒွန်တွဲလျက်ရှိပြီး စီးပွားရေးမူဝါဒကို အခြေခံသည့် အုတ်မြစ်များထဲမှ အရေးကြီးဆုံး အချက်တစ်ချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဖြစ် ”

လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတူတကွ ပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်ရန်အတွက် အောင်မြင်အောင် ကြိုးပမ်းအကောင်အထည် ဖော်သွားကြရန် တိုက်တွန်းပြောကြား လိုပါကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှု ဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသအမျိုးမျိုးတွင် ရှိနေကြသည့် တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ သိရှိစေရန်အတွက် ပြည်ထောင်စုနေ့တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသရင်း ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ကြောင်း။

**တိုက်တွန်း**

ယခုနှစ် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားအား ယခင်နှစ်များကဲ့သို့ အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းတွင် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား၊ ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်က အားနည်းချက်များကို သင်ခန်းစာယူပြီး ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကော်မတီတွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှု၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ညှော်ခံကျွေးမွေးရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ၂၀၁၈ ခုနှစ် ( ၇၁ )နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး၊ လုံခြုံရေး၊ သဝဏ်လွှာပြုစုရေး၊ အလံတင်အခမ်းအနားကျင်းပရေးနှင့် ဘဏ္ဍာရေးအခြေအနေတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ် အောင်စိုး၊ ဦးဝင်းမော်ထွန်း၊ ဦးမောင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးအမှတ် (၅၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လယ်ယာစိုက်ပျိုးရေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချနိုင်ခြင်းတို့ကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့အောင်ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုပညာပေးခြင်းများ ပါဝင်ကြောင်း။

မြန်မာနိုင်ငံကထွက်ရှိပြီး ပြည်ပပို့ရောင်းချနေသည့် လယ်ယာထွက်ကုန်သီးနှံများ၏ ထွက်ရှိမှုနှုန်း၊ ပြည်ပပို့နိုင်မှု အလားအလာများ၊ ဈေးကွက်ပေါက်ဈေး၊ ဈေးကွက် အလားအလာ၊ မိမိသီးနှံများဝယ်ယူနေသည့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှု မူဝါဒများ၊ ဝယ်လိုအားနှင့် စိုက်ပျိုးသည့် သီးနှံအမျိုးအစားများ၊ ထုတ်လုပ်တင်ပို့ ရောင်းချနေသည့် ပြိုင်ဘက်နိုင်ငံများ၏ ထုတ်လုပ်မှု၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နှင့် ရာသီဥတုအခြေအနေ၊ ဈေးနှုန်းနှင့် ဈေးကွက်တို့အား အမြဲတမ်းလေ့လာ သိရှိရန် လိုအပ်ကြောင်း။



အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးအကောင်အထည်ဖော်မည့် ဆန်စပါးကဏ္ဍ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ရော်ဘာကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍစသည့် ကဏ္ဍကြီး ခုနစ်ရပ်အား ရွေးချယ်ထားပါကြောင်း။

သီးနှံအမျိုးအစားအလိုက် ပို့ကုန်အလားအလာများကို စဉ်ဆက်မပြတ်သုံးသပ်ပြီး စီးပွားရေး သတင်းအချက်အလက်သာမက ပြည်တွင်းသီးနှံစိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ပြည်တွင်းရှိကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ အကျိုးအမြတ်ရရှိမှု အခြေအနေတို့နှင့် နိုင်ငံတကာ၏ သတင်းအချက်အလက်များအား လေ့လာ သုံးသပ်သွားကြရန်နှင့် ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော သီးနှံအမျိုးအစားအလိုက် ပို့ကုန် အလားအလာကို သုံးသပ်ပြီး နိုင်ငံတော်သို့ စဉ်ဆက်မပြတ် တင်ပြနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်သွားကြရန် ပြောကြားသည်။

ထို့ပြင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့! ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နာဂဒေသ လဟယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း ၁၅ ရွာ ဆောင်ရွက်မည်

**လဟယ် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက လဟယ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဌေးက အမှာစကားပြောကြားပြီး နာဂဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းက (VDP) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော (VDP) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကျေးရွာ ၁၅ ရွာမှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းတွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြ အတည်ပြုချက် ရယူသည်။

အဆိုပါ (VDP) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နာဂဒေသ လဟယ်မြို့နယ်အတွက် ကျေးရွာပေါင်း ၁၅ ရွာကို တစ်ရွာလျှင် ခွင့်ပြုငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာ ၁၅ ရွာအတွက် ခွင့်ပြုငွေကျပ် သိန်း ၁၅၀၀ ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လဟယ်(မြန်/ဆက်)**

✳ *ကျောဖုံးမှ*

ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ထိုင်း ယူ-၂၁ အသင်း ချေပဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ၂၁ မိနစ်တွင် နာတာဝပ်က ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။ ဂိုးပြန်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ထိုင်းအသင်းဘက်သို့ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ဒုတိယဂိုးရခဲ့သည်။

**သွင်းယူပေးခဲ့**

ယင်းဂိုးကို တောင်ပံကစားသမား ကျော်မြင့်ဝင်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း ခံစစ်ပိုင်း အမှားအယွင်းမရှိဘဲ ဖျက်ထုတ်နိုင်ခဲ့သည်။ ၈၂ မိနစ်တွင် ပီတာဝပ်၏ ချေပဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသော်လည်း မြန်မာအသင်းမှာ အနိုင်ဂိုးများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၄ မိနစ်တွင် ကျော်မြင့်ဝင်းနှင့် ၈၅ မိနစ်တွင် အီစိုးတို့က သွင်းယူပေးခဲ့သည်။ **ဖိုးသော်ဇင်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့်အတွက် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၇) အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၆ ခုနှစ် မေလမှ စတင်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို နှစ်နှစ်နီးပါး တာဝန်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဖြစ်ပေါ်ခဲ့သည့် ဘေးများအပေါ် မတူကွဲပြားသည့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ဖြေရှင်းဆောင်ရွက်မှု အတွေ့အကြုံများ ရရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့၏ နှစ်နှစ်တာကာလ အတွေ့အကြုံများအရ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များအကြောင်းကို သိရှိနားလည်ပြီး ဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေမည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**သဘာဝဘေးလျော့ပါးရေး**

သဘာဝဘေးများသည် မလွဲမသွေ ကြုံတွေ့နေရမည် ဖြစ်ပါကြောင်း၊ ယခုနောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်များသည် အကြိမ်ရေ ပိုမိုများပြားစွာ ဖြစ်ပွားနေပြီး ဖျက်ဆီးမှုစွမ်းအား ပိုမိုကြီးမားစွာဖြင့် ရိုက်ခတ်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ ပိုမိုအားကောင်းလာသော်လည်း စီမံခန့်ခွဲမှုများသည် ယခုအတိုင်းအတာနှင့် ရပ်တန့်နေမည်ဆိုပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပိုမိုများပြားလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုအားကောင်းလာသည့်နည်းတူ ပိုမိုကောင်းမွန်ထိရောက်သည့် သဘာဝဘေးစီမံခန့်ခွဲမှုများကို မိမိတို့က ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေး အန္တရာယ်များသည် လူတစ်ဦးချင်းသာမက ကမ္ဘာကြီးကိုပါ ခြိမ်းခြောက်နေသည့်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် စုပေါင်း၍ သော်လည်းကောင်း၊ တစ်နိုင်ငံချင်းစီသော် လည်းကောင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး ကမ္ဘာ့ညီလာခံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ကို ချမှတ်ခဲ့ပြီး နိုင်ငံများက လိုက်နာဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဆန်ဒိုင်းမူဘောင်၏ ဦးစားပေးလုပ်ငန်း လေးရပ် ဖြစ်သည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝကို နားလည်ထားရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးစေရေးအတွက် စီမံခန့်ခွဲမှု ပိုမိုအားကောင်းလာရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးခြင်းတို့ကို မြှင့်တင်ဆောင်ရွက်သွားရန် ဖော်ပြထားပါကြောင်း။

မိမိတို့ နိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ဆန်ဒိုင်းမူဘောင်ကို လိုက်နာကျင့်သုံး ဆောင်ရွက်နေသည့်အတွက် ဆန်ဒိုင်းမူဘောင်၏ ဦးစားပေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့် စသည်ဖြင့် စီမံခန့်ခွဲမှုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်အဆင့်တွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး လုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR)ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs)၊ ဆန်ဒိုင်းမူဘောင် (Sendai Framework for Disaster Risk Reduction-SFDRR)တို့နှင့်အညီ ရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးလုပ်ငန်းစီမံချက်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်း ၃၂ ခုအား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာအပိုင်းအလိုက် တာဝန်ယူ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**လိုအပ်ချက်များ ပေါ်ထွက်လာမည်**

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ နှစ်ပတ်လည် စီမံချက်များ ရေးဆွဲထားရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့ဒေသတွင် တစ်နှစ်ပတ်လည်ကာလအတွင်း မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သို့သောဘေးများ ဖြစ်နိုင်သည်ကို သိရှိပြီးဖြစ်ပါကြောင်း၊ စီမံချက်တွင်အချိန်ကာလအလိုက် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ပြီး ယင်းဘေးအန္တရာယ်များနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် မည်သို့လုပ်ဆောင်သွားမည်ကို ကြိုတင်စီမံဆောင်ရွက်ထားရမည့်အပြင် ဖြစ်ပေါ်လာပါက ရင်ဆိုင်တုံ့ပြန်ရမည့် အစီအစဉ်များနှင့် ဖြစ်ပြီးသွားပါက ဆောင်ရွက်ရမည့် အစီအမံများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါအစီအမံများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူ၊ ပစ္စည်းကိရိယာ၊ ငွေကြေး၊ နည်းပညာ စသည်ဖြင့် ရရှိနိုင်မည့် ရင်းမြစ်များ အဆင်သင့်ဖြစ်မှုနှင့် လိုအပ်ချက်များ၊ အထက်၊ အောက်၊ ဘေးနံ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရမည့် အခြေအနေနှင့် အစီအမံများ၊ ဖွဲ့စည်းဆောင်ရွက်မှုများစသည့် အချက်များ ပါဝင်ပါက ဒေသတစ်ခုအတွင်း ဖြစ်နိုင်သည့် သဘာဝဘေးများအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်မှုနှင့် လိုအပ်ချက်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီး သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် Cyclone Shelter များ တည်ဆောက်ရန် ဆောင်ရွက်နေပါကြောင်း၊ ယင်းတို့ကို ဧရာဝတီတိုင်းဒေသကြီးတွင် ၅၆ လုံး၊ ရခိုင်ပြည်နယ်တွင် ၂၆ လုံး၊ ချင်းပြည်နယ်တွင် နှစ်လုံးနှင့် ရှမ်းပြည်နယ်တွင် တစ်လုံး စုစုပေါင်း ၈၅ လုံး တည်ဆောက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက တည်ဆောက်မည့်နေရာများကို ရွေးချယ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရေရှည်အတွက် မျှော်မှန်းပြီး ဆောင်ရွက်သည့် သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကိုလည်း လိုအပ်သည့် နေရာ၊ လိုအပ်သော လုပ်ငန်းအလိုက် ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း ဝိုင်းဝန်းစဉ်းစား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

လုပ်ငန်းကော်မတီ အသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ တာဝန်ယူထားရသည့် ဒေသ၊ လုပ်ငန်းကဏ္ဍများအလိုက် ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုများ၊ နိုင်ငံတော်၏ မူဝါဒများကို လိုက်နာကျင့်သုံးပြီး မိမိတို့ဒေသများနှင့် လိုက်လျောညီထွေဖြစ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ ပိုမိုကောင်းမွန်ထိရောက်သည့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်ရန် အကြံဉာဏ်များနှင့် လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှုများသည် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုမှ ကာကွယ်ရန်ဆိုသည့် ဦးတည်ချက်ထားရှိပြီး စည်းလုံးညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကော်မတီ၏ (၁/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

**မူဝါဒသစ်ချမှတ်**

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်း ဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိရေးဆိုသည့် မူဝါဒသစ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ပုံစံ ပြောင်းလဲလာမှု အခြေအနေကို လေ့လာကြည့်ပါက ယခင်က သဘာဝဘေးစီမံခန့်ခွဲမှုကို ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကျရောက်ပြီးမှသာ ရင်ဆိုင်တုံ့ပြန်ဖြေရှင်းသည့် မူဝါဒများဖြင့် ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများအပေါ် သင်ခန်းစာရယူပြီး ဘေးအန္တရာယ်မဖြစ်မီ ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်စေမည့် (Readiness)၊ တုံ့ပြန်ဆောင်ရွက်နိုင်မည့် (Response)မူဝါဒများကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း။

ဆက်လက်၍ ယခုအချိန်၌ ဘေးမဖြစ်မီ ကြိုတင်ကာကွယ်မှု (Prevention)၊ ကြိုတင်ပြင်ဆင်မှု (Preparedness)၊ တုံ့ပြန်ဆောင်ရွက်မှု (Emergency Response) လုပ်ငန်းများအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားရှိသကဲ့သို့ ပြန်လည်ထူထောင်ရေး (Recovery) လုပ်ငန်းများအတွက် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လာကြပြီ ဖြစ်ပါကြောင်း။

ထို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ပုံမှန်ပြန်လည်ထူထောင်ရေးအတွက်သာ စဉ်းစားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ထပ်မံဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်စီမံကိန်းများ၊ လုပ်ငန်းစဉ်များချမှတ်၍ စီမံဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ယခင်က သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍကို သာမန်လုပ်ငန်းစဉ်တစ်ရပ်အဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း ယခု ပြည်သူလူထုအခြေပြု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်း (Community Based on Disaster Risk Management)များကို ပိုမိုဆောင်ရွက် လာခဲ့ပါကြောင်း။

**ပြန်လည်ရင်းနှီးမြှုပ်နှံ**

ငလျင်ဘေး ကြိုတင်ကာကွယ်ရေး၊ ကမ်းပြို၊ မြေပြိုဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများသည် ငွေကြေးရင်းနှီးမြှုပ်နှံဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ သို့သော်လည်း Invest Today for a Safer Tomorrow ဆိုသည့်အတိုင်း ဖြစ်လာမှ ရင်ဆိုင်တုံ့ပြန်သည်ထက် သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုအပိုင်းတွင် လျော့နည်းသက်သာရုံသာမက ပြန်လည်ထူထောင်ရေးအပိုင်းတွင်လည်း ပြန်လည်ရင်းနှီးမြှုပ်နှံရမှု လျော့နည်းသက်သာမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေနှင့် ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရမှုများ၊ ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ရန်ပုံငွေရရှိမှုမှာ ငွေကျပ် ၃၁၉၇၆ ဒသမ ၁၈၁ သန်းဖြစ်ပြီး၊ သုံးစွဲမှုမှာ ငွေကျပ် ၁၄၀၉၇ ဒသမ ၀၀၈ သန်းဖြစ်၍ လက်ကျန် ငွေကျပ် ၁၇၈၇၉ ဒသမ ၁၇၃ သန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ရရှိမှုမှာ ၁၀၀၅၈၇၇ ဒသမ ၃၄ ဖြစ်ပြီး သုံးစွဲမှုမှာ ၈၁၇၇၁၁ ဒသမ ၁၅ ဖြစ်၍ လက်ကျန်အမေရိကန် ဒေါ်လာ ၁၈၈၁၆၆ ဒသမ ၁၉ ဖြစ်ကြောင်း ယင်းကော်မတီမှ သိရသည်။ **သတင်းစဉ်**

# သိမ်မွေ့သော ကျူးကျော်မှုများနှင့် လွတ်လပ်ရေး

ဆောမျိုးနွယ်

**သေရာပါ အမာရွတ်တစ်ခု**

ငယ်စဉ်က အမေနှင့်အတူ အဘွားတို့နေထိုင်ရာ တောရွာလေးသို့ သွားရောက်ခဲ့စဉ်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ပြန်လည်သတိရမိသည်။ ဦးလေးဖြစ်သူ စီးနင်းသည့် စက်ဘီးကို နောက်မှ ထိုင်လိုက်ရင်း ဘယ်ဘက်ခြေထောက် စက်ဘီးစမုတ်တိုင်ကြားသို့ ညပ်သွား၏။ မိမိအနေဖြင့် ဘာဖြစ်သည်ကို မသိ၊ နာလွန်း၍ အော်ငိုတော့မှ ဦးလေးဖြစ်သူက စက်ဘီးကို ရပ်လိုက်၏။ ထိုအချိန်အထိ ခြေထောက်မှာ ထိုင်ခုံထောက်တိုင်နှင့် စမုတ်တိုင်ကြားထဲတွင် ညပ်နေဆဲပင်။

ဦးလေးဖြစ်သူက ညပ်နေသည့် ခြေထောက်ကို ဆွဲထုတ်၍ စက်ဘီးကို နေရာတွင် လှဲထားခဲ့ပြီး ကျေးလက်ဆေးမှူးအိမ်သို့ ထမ်း၍ ပြေးလေ၏။ ခြေထောက်ညပ်သည့် အချိန်မှ ဆေးမှူး၏ အိမ်ရောက်သည်အထိ နာလွန်း၍ အော်ငိုနေသည်မှာ မရပ်တော့ပေ။ ဆေးမှူးအိမ်ရောက်မှ မိမိနာကျင်သည့် နေရာကို ကြည့်မိရာ ခြေမျက်စိအောက် အပြင်ခြေဖနောင့်တွင် အရေပြားလန်ကာ အရိုးပေါ်နေသည်ကို တွေ့ရ၏။

ဆေးမှူးက အနာကို ဆေးကြောသန့်စင်၍ ဆေးထည့်ပေးချိန်တွင် မငိုနိုင်တော့။ မနာတော့၍ မဟုတ်၊ နာလွန်း၍ မငိုနိုင်တော့သည့် သဘောဖြစ်မည်ထင်၏။ ထိုအနာပျောက်ရန် အချိန်တစ်လကျော်ကြာမြင့်ခဲ့၏။ နေ့စဉ်ဆေးထည့်တိုင်း နာ၍ အော်ခဲ့ရသည်ချည်းပင်။ ထိုအနာပျောက်ကင်းသွားသော်လည်း အမာရွတ်ကား ယခုတိုင် ထင်ရှားနေဆဲ။ သေရာပါအမာရွတ်ဟု ဆိုနိုင်ပေသည်။

ထိုအဖြစ်အပျက်ကလေးကို ကြည့်လျှင် စမုတ်တိုင်ကြား ခြေထောက်ညပ်သွားသည်မှာ စက္ကန့်ပိုင်းမျှသာဖြစ်သည်။ အသံထွက်၍ မငိုနိုင်လောက်အောင် နာကျင်ခဲ့ရသည်။ အနာပျောက်ကင်းရန် အချိန်တစ်လကျော်ကြာအောင် ကုသခဲ့ရသည်။ အနာပျောက်ကင်းသွားသော်လည်း သေရာပါအမာရွတ်ကျန်ခဲ့သည်။ ထိုအကြောင်းအရာသည် ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည်မှာ အမှန်ပင်။

**မကြုံဖူးလို့ မယုံဘူးဆိုသော်လည်း**

ထိုအကြောင်းကို ထိုသို့မကြုံတွေ့ခဲ့ဖူးသူ တစ်ဦးဦးအား ပြောပြမိမည်ဆိုလျှင်လည်း ထိုမျှနာကျင်ခဲ့သည် ဆိုသည်ကို လက်ခံယုံကြည်ရန် ခက်ခဲနေပေလိမ့်မည်။ ထို့အတူ စက်ဘီးနောက်တွင် လိုက်ပါစီးနင်းလာသည့် ကလေးငယ်တစ်ဦးကို မိမိကဲ့သို့ မဖြစ်စေရန် သွန်သင်ပြောပြပေးမည်ဆိုလျှင်လည်း အလေးထားချင်မှ ထားပေလိမ့်မည်။ အကြောင်းမှာ ကိုယ်တိုင်မကြုံတွေ့ဖူးခြင်းသည်ပင်လျှင် အကြောင်းအရာအပေါ် ယုံကြည်မှုနှင့် အလေးထားမှုကို လျော့ပါးစေသည့် အကြောင်းတရားဟု ထင်မြင်မိပါသည်။

ထို့အပြင် အချိန်ကာလဆိုသည်ကလည်း အဖြစ်အပျက်တို့ကို မှုန်ဝါးမေ့လျော့သွားစေနိုင်ပါသည်။ တစ်ချိန်က အသည်းခိုက်အောင် နာကျင်ခဲ့ပါသည်ဆိုသော မိမိကိုယ်တိုင်ပင် ယနေ့တွင် ထိုသေရာပါဒဏ်ရာ ဒဏ်ချက်ကို ဖြစ်ပေါ်စေခဲ့သည့် ဖြစ်စဉ်ကို မေ့လျော့နေလေပြီ။ ဤသည်လည်း လူသားတို့၏ သဘာဝတစ်ခုပင် ဖြစ်ပေသည်။ သေသောသူ ကြာလျှင်မေ့ ဟုပင် ဆိုကြသည် မဟုတ်ပါလား။

ထိုအဖြစ်အပျက် အကြောင်းအရာမှာ လူပုဂ္ဂိုလ်တစ်ဦး၏ အသေးအဖွဲ ကိစ္စတစ်ခုသာဖြစ်ပါသည်။ မေ့လျော့သွားသော်လည်း အရေးမကြီး၊ မည်သူ့ကိုမျှ ထိခိုက်ခြင်း မရှိနိုင်ပါ။ သို့ရာတွင် ထိုအဖြစ်အပျက် အကြောင်းအရာမှ ဖော်ထုတ်ရရှိသည့် သဘောတရားကတော့ အရေးကြီးသည်၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်နေသည်ဟု ဆိုချင်ပါသည်။

နိုင်ငံတော်အနေဖြင့် ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်မှာ နှစ် ၇၀ ပြည့်တော့ပေမည်။ နှစ် ၇၀ ဟူသည့် အချိန်ကာလသည် လူတစ်ဦး၏ သက်တမ်းဖြစ်ပါသည်။ ဆိုလိုသည်မှာ နယ်ချဲ့ကိုလိုနီခေတ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးသူအရေအတွက်မှာ အတော်ပင်နည်းသွားပေပြီ။ ကျန်လူအများစုမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှ လူဖြစ်လာကြသူများပင် ဖြစ်လေသည်။ သို့ဖြစ်၍ ရှေးယခင်က လွတ်လပ်ခဲ့သော၊ သူ့ကျွန်ဘဝတွင် ဖြစ်ပျက်ခဲ့သမျှသော၊ လွတ်လပ်ရေးကို ပြန်လည်အရယူခဲ့ရသော အကြောင်းအရာများကို ကိုယ်တိုင်ဖတ်မှတ် လေ့လာခြင်းနှင့် တစ်ဆင့်စကားတို့အရသာ သိနိုင်ကြပေမည်။

သို့ရာတွင် ထိုသို့ ဖတ်မှတ်လေ့လာခြင်းနှင့် လက်ဆင့်ကမ်းပြောကြားချက်တို့အရ သိရှိလာကြသည့် အကြောင်းအရာတို့သည် စိတ်ကူးယဉ်အဖြစ်အပျက်များ မဟုတ်ခဲ့ပေ။ မြန်မာတစ်မျိုးသားလုံး၏ သွေး၊ ချွေး၊ မျက်ရည်တို့ဖြင့် ရင်းခဲ့ရသည့် ဖြစ်ရပ်အမှန်များဖြစ်ကြသည်ကို သိရှိထားအပ်ပေသည်။ သို့မှသာ လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ခြင်း၏ တန်ဖိုးတို့ကို သိရှိနားလည်နိုင်ကြပေလိမ့်မည်။ လွတ်လပ်ရေးကို ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်မှာ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်ဟူသည့် အသိတရားတို့ ထွန်းကားနိုင်ပေမည်။

**သမိုင်းကြောင်းထဲက အမှန်တရားများ**

ရှည်လျားလွန်းသည့် သမိုင်းကြောင်းထဲမှ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်မှုတို့ကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာပိုင်နက်ဖြစ်သော အာသံ၊ မဏိပူရ ပြည်တွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရှင်မဖြူကျွန်းကို ကျူးကျော်သိမ်းပိုက်တပ်စွဲခြင်းတို့ကြောင့် တိုက်ပွဲများ စတင်ဖြစ်ပွားကာ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့အမ်းဟတ်က မြန်မာနိုင်ငံကို စစ်ကြေညာ၍ ပထမ အင်္ဂလိပ် - မြန်မာ ကျူးကျော်စစ်ကို ဆင်နွှဲခဲ့ကြသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ချုပ်ဆိုသော ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီနယ်ကို မြန်မာတို့ လက်လွှတ်ခဲ့ရလေသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏ မြေပေါ်တွင် ခြေကုပ်ရသွားသောအခါ အကြောင်းအမျိုးမျိုးပြ အကျပ်ကိုင်ကာ စစ်ကြေညာခြင်းမရှိဘဲ ၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဒုတိယ အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်ကို ဆင်နွှဲ၍ ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ကြောင်း ကြေညာခဲ့ပြန်သည်။



နယ်ချဲ့အင်္ဂလိပ်တို့က သီပေါဘုရင်နှင့် မိဖုရားစုအား နန်းတွင်းမှ ခေါ်ဆောင်လာသည့် ပန်းချီလက်ရာဟန်။

နယ်ချဲ့အင်္ဂလိပ်တို့၏ မြန်မာနိုင်ငံအပေါ် ထားရှိသော စစ်ဦးစီးပေါ်လစီမှာ မြန်မာဘုရင်ကို ပြည်နှင်ဒဏ်ပေးရန်၊ မြန်မာတစ်နိုင်ငံလုံး လုံးဝရိုသေပျပ်ဝပ် ကျိုးနွံစေရန်နှင့် ဘုရင်နှင့် လူမျိုးပါ ပျက်သုဉ်းစေရန်ဟူသည့် အချက် ၃ ချက်ဖြစ်ပါသည်။ ထိုပေါ်လစီအတိုင်း ဘုံဘေဘားမားသစ်ကုမ္ပဏီ သစ်ခိုးထုတ်သည့် ကိစ္စကို အကြောင်းပြုကာ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စစ်ကြေညာ၍ တတိယ အင်္ဂလိပ်-မြန်မာ ကျူးကျော်စစ်ဖြင့် မြန်မာပြည်သိမ်းစီမံချက်ကို အကောင်အထည်ဖော်လေတော့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာတို့၏ သီပေါဘုရင်ကို နန်းချ၍ နိုဝင်ဘာလ ၂၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် သီပေါဘုရင်နှင့် မိဖုရားစုအား သူရိယသင်္ဘောပေါ်သို့ တင်ဆောင်ကာ နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်ဦးစီးပေါ်လစီတွင် ပါရှိသည့်အတိုင်း ပြည်နှင်ဒဏ်ပေးရန် စီစဉ်ခဲ့ကြလေသည်။ ထိုရက်များသည် မြန်မာတို့၏ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ရက်စွဲများပင် ဖြစ်ပါသည်။ သူ့ကျွန်ဖြစ်ခဲ့ရသည့် နိဒါန်းရက်စွဲများဟုလည်း ခေါ်နိုင်ပါသည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က "ကေရီဘုရင်မကြီး၏ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ ဤကြေညာချက်ကို ထုတ်ပြန်သည့်အချိန်မှ အစပြုပြီးလျှင် ယခင်က သီပေါဘုရင်အုပ်စိုးခဲ့သော တိုင်းပြည်နယ်ပယ်မှန်သမျှ အားလုံးတို့သည် သီပေါဘုရင်၏ အုပ်ချုပ်မှုအောက်တွင် ရှိလိမ့်မည်မဟုတ်တော်မူ၍ ကေရီဘုရင်မကြီး၏ နိုင်ငံတော်အစိတ်အပိုင်းအဖြစ် သိမ်းသွင်းပြီးဖြစ်လေရာ ကေရီဘုရင်မကြီး၏ သဘောတော်ကျ အိန္ဒိယဘုရင်ခံချုပ်ကြီးက အခါအားလျော်စွာ အရာရှိများ ခန့်အပ်အုပ်ချုပ်သွားစေလိမ့်မည် ဖြစ်ပေကြောင်း"ဟူ၍ ကြေညာချက်ထုတ်ပြန်ခဲ့လေသည်။

ထိုနေ့တွင်ပင် မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်ဘားနတ်ကလည်း "အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်တော်အရ အထက်မြန်မာနိုင်ငံကို ကေရီအရှင်မဖုရားပိုင် နိုင်ငံတော်များနှင့်အတူ အမြဲပေါင်းစည်းထားရှိပြီးဖြစ်သည့်အတိုင်း ယခုမှစ၍ အင်္ဂလိပ်အစိုးရအရာရှိမင်းတို့ တိုက်ရိုက်အုပ်စိုးခြင်းကို ခံကြရမည်။ မြန်မာနိုင်ငံအတွင်း မည်သည့် မင်းတစ်ပါးပါးမျှ အစိုးရနိုင်တော့မည်မဟုတ်" ဟူ၍ ကြေညာချက် ထုတ်ပြန်ခဲ့လေသည်။ ဤကြေညာချက်ဖြင့် မြန်မာနိုင်ငံသည် ကျွန်ဇာတ်သွင်းခြင်းခံခဲ့ရလေသည်။

ဖော်ပြခဲ့သည့် အကြောင်းအရာ အဖြစ်အပျက်တို့သည် ရှည်လျားလှသည့် မြန်မာသမိုင်းကြောင်းနှင့် ယှဉ်လိုက်လျှင် လျှပ်တစ်ပြက်မျှသာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုအချိန်က မြန်မာတစ်မျိုးသားလုံး လွန်စွာနာကျင်ခံစားခဲ့ကြရသည့် လက်တွေ့ဖြစ်စဉ်များ၊ အမှန်တရားများဖြစ်ကြပါသည်။ ပိုင်ဆိုင်ထားသည့် လွတ်လပ်ရေးကို ဂရုမထားမိ၊ ထိန်းသိမ်းကာကွယ်နိုင်သည့် စွမ်းအားမရှိ၊ စည်းလုံးညီညွတ်မှု မရှိကြလျှင် လွတ်လပ်ရေးကို အချိန်တိုအတွင်း ဆုံးရှုံးသွားနိုင်သည်ကို သတိပြုကြရပေမည်။

**ပေးဆပ်လိုက်ရသည့် အချိန်နှင့် ရင်းနှီးမှုများစွာ**

နယ်ချဲ့အင်္ဂလိပ်တို့၏ ပထမကျူးကျော်စစ်ပြီးကတည်းက လွတ်လပ်ရေး ပြန်လည်ရရှိသည်အထိ တိုင်းရင်းသားပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများစွာ ဆင်နွှဲခဲ့ကြသည်ကို တွေ့ရပေသည်။ စစ်ရေးအရ တွန်းလှန်တိုက်ခိုက်ခဲ့ကြသလို နိုင်ငံရေးအရလည်း ဆန့်ကျင်တိုက်ခိုက်ခဲ့ကြရပေသည်။ ခဏတာအတွင်း ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းကြရာတွင် နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်ခဲ့ပေသည်။

ထိုကာလအတွင်း နယ်ချဲ့တို့သည် တိုင်းပြည်၏ မြေပေါ်မြေအောက် သယံဇာတတို့ကို မတရားထုတ်ယူသွားခဲ့ကြသည်။ ယဉ်ကျေးမှုအမွေအနှစ်တို့ကို ပျက်စီးစေခဲ့ကြသည်။ ပညာရေး၊ လူမှုရေးတို့ နိမ့်ကျအောင် စီမံခဲ့ကြသည်။ ထိုစဉ်ကပင် နိုင်ငံတကာက ပြစ်တင်ရှုတ်ချရလောက်အောင် မြန်မာအမျိုးသားထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြသည်။ အဆိုးဆုံးမှာ မြန်မာတိုင်းရင်းသားအချင်းချင်း သွေးကွဲစေရန် သွေးခွဲ၍ အုပ်ချုပ်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၎င်းတို့၏ မြန်မာနိုင်ငံအပေါ် ထားရှိသော စစ်ဦးစီးပေါ်လစီနှင့်အညီ သီပေါဘုရင်နှင့် အမျိုးအနွယ်တို့ကို အိန္ဒိယနိုင်ငံ မဒရပ်၊ ၎င်းမှ ရတနာဂီရိသို့ ပို့ဆောင်၍ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ဘုရင်ကို သေသည်အထိ အကျဉ်းစံဘဝနှင့် ထားခဲ့ကြသည်။ မဟာဆီမဟာသွေးကို ပျက်ယွင်းသွားစေသည်အထိ အကွက်ကျကျ ဖန်တီးခဲ့ကြသည်။ သို့ရာတွင် မြန်မာတစ်နိုင်ငံလုံး လုံးဝရိုသေပျပ်ဝပ် ကျိုးနွံစေရန်ဆိုသည့် အချက်ကိုကား ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြပေ။ မြန်မာတို့၏ မျိုးချစ်စိတ်ကို ချိုးနှိမ်နိုင်ခြင်းမရှိခဲ့ဟူ၍လည်း ဆိုနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ လွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်လျက် အချိန်ကြာမြင့်စွာ ကြိုးပမ်းခဲ့ကြရပေသည်။

**မျက်မှောက်ခေတ်နှင့် လွတ်လပ်ရေး**

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့အပေါ် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ ကျွန်ပြုအုပ်ချုပ်ခဲ့ကြသည်။ နယ်ချဲ့တို့၏ ကျူးကျော်မှုသည် ထင်သာမြင်သာရှိခဲ့ပေသည်။ မျက်မှောက်ခေတ်တွင် စစ်ရေးအရ ကျူးကျော်မှုကို မလွှဲမရှောင်သာမှသာ အသုံးပြုကြသည်ကို တွေ့ရပေသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ယိုင်နဲ့အောင် ထိပါးနေသည့် ကျူးကျော်မှုများမှာ ထင်သာမြင်သာ မရှိသော်လည်း ဘက်ပေါင်းစုံမှ ထိုးနှက်လျက်ရှိသည်ကို သတိပြုကြရပေမည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ သံတမန်ရေး၊ ဝါဒဖြန့်ချိရေး စသည့်ကဏ္ဍပေါင်းစုံတွင် နည်းလမ်းပေါင်းစုံဖြင့် ကျူးကျော်လျက်ရှိနေသည်ကို နိုင်ငံတကာတွင် လတ်တလောကြုံတွေ့နေရသည့် ဖြစ်စဉ်သာဓကများစွာနှင့် နှိုင်းယှဉ်၍ မြင်နိုင်စွမ်းရှိကြရပေမည်။ ထိုသို့သော ကျူးကျော်မှုများသည် စစ်ရေးအရ ပေါ်ပေါ်ထင်ထင် ကျူးကျော်ခြင်းထက် ထိရောက်မှုရှိသည့်အပြင် ကျူးကျော်ခံရမှန်း မသိလောက်အောင်လည်း သိမ်မွေ့နေတတ်ပေသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေမှသာ လွတ်လပ်သည့် တိုင်းပြည်တစ်ခုဟု ခေါ်နိုင်သလို အချုပ်အခြာအာဏာကို ထိပါးခံရလျှင် လွတ်လပ်ရေးကို ခြိမ်းခြောက်ခံရခြင်းပင် ဖြစ်ပေသည်။ သို့ဖြစ်၍ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နယ်ပယ်သည် စစ်ရေးအရ ကျူးကျော်မှုသာမက ထိုထက်ပင် ကျယ်ဝန်းနေပြီဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိကြသော အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အတိတ်သမိုင်းကြောင်းတွင် ကြုံတွေ့ခဲ့ရသော လွတ်လပ်ရေး ဆုံးရှုံးမှု၏ ခါးသီးသည့် အတွေ့အကြုံများကို သင်ခန်းစာယူရင်း မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသည့် ကျူးကျော်မှုအပေါင်းကို သတိကြီးစွာထားကာ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တွန်းလှန်ကာကွယ်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**"ကျူးကျော်မှုများသည် စစ်ရေးအရ ပေါ်ပေါ်ထင်ထင် ကျူးကျော်ခြင်းထက် ထိရောက်မှုရှိသည့်အပြင် ကျူးကျော်ခံရမှန်း မသိလောက်အောင်လည်း သိမ်မွေ့နေတတ်ပေသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေမှသာ လွတ်လပ်သည့် တိုင်းပြည်တစ်ခုဟု ခေါ်နိုင်သလို အချုပ်အခြာအာဏာကို ထိပါးခံရလျှင် လွတ်လပ်ရေးကို ခြိမ်းခြောက်ခံရခြင်းပင်ဖြစ်ပေသည်။ သို့ဖြစ်၍ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် နယ်ပယ်သည် စစ်ရေးအရ ကျူးကျော်မှုသာမက ထိုထက်ပင် ကျယ်ဝန်းနေပြီဖြစ်"**

# ဝန်ထမ်းကောင်းများ ဖြစ်လာရန် ကြိုးစားပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူများနှင့်အတူ လက်တွဲ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကေတုမတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမော်၊ ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် သင်ကြား / စီမံဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**နှိုင်းယှဉ်လေ့လာ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယခုသင်တန်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပါဝင်ကူညီ ပို့ချပေးခဲ့ပြီး Myanmar Book Center၊ YCTC Business Institute စသည့် ပြည်တွင်းအဖွဲ့အစည်းများ၊ UNAPCICT၊ UNDP၊ EU(GOPA)၊ Hanns Seidel Foundation၊ မလေးရှားနိုင်ငံ EDS(Business School)တို့က ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား သိသင့်သိထိုက်သည့် စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးစသည့် ဘာသာရပ်များကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံကို နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး ဆွေးနွေးပို့ချခဲ့ပါကြောင်း။

**ဖွင့်လှစ်ပို့ချနိုင်ရေး**

တာဝန်ရှိသူများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ ပညာရှင်များပူးပေါင်း၍ ကျွမ်းကျင်မှု မူဘောင် (Competency Framework)နှင့်ဆက်စပ်ပြီး နိုင်ငံ့ဝန်ထမ်းရာထူးအုပ်စုများအလိုက် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ (Job Description) ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ ကူညီပံ့ပိုးမှုဖြင့် Professional Development Program on Improving Machinery of Government and Policy Making for better Public Sector Performance ခေါင်းစဉ်ဖြင့် ကာလတိုသင်တန်းကို လည်းကောင်း၊ ဂျာမနီ နိုင်ငံ Hanns Seidel Foundation (HSF) ၏ ကူညီပံ့ပိုးမှုဖြင့် Law and Political Science, Federalism, Regionalism and Decentralization ခေါင်းစဉ်ဖြင့် ကာလတို သင်တန်းကိုလည်းကောင်း ဖွင့်လှစ်ရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA)တို့ ပူးပေါင်းမှုဖြင့် နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ပရိဝုဏ်အတွင်း ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေး ဗဟိုသင်တန်းကျောင်း Nay Pyi Taw Civil Services Academy Training Center တစ်ခု တည်ဆောက်၍ နိုင်ငံ့ဝန်ထမ်းများအတွက် Short Term, Mid-Term နှင့် Long Term Training Course များကို Generalized Training Program နှင့် Specialized Training Program အဖြစ် စတင်ဖွင့်လှစ်ပို့ချနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရန်**

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်တို့ ပူးပေါင်း၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ အရာထမ်းများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှု သင်တန်း (English Language Training for Officials)ကို ရုံးအမှတ်(၁၇)တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း သင်တန်း သုံးကြိမ် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်ကို မြှင့်တင်ရေးအတွက် ပြန်လည်သုံးသပ်ရန်၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ပြုစုပျိုးထောင်ရန်၊ ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစနစ် တစ်ခုကို ဖော်ထုတ်ရန်၊ နိုင်ငံ့ဝန်ထမ်းအဆင့်တိုင်း၏ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရန်၊ မြန်မာနိုင်ငံအစိုးရ၏ စွမ်းဆောင်ရည်စနစ်ကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး နယူးဇီလန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင် (State Services Commission–SSC) နှင့် MoU ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ တာဝန်ယူဆောင်ရွက်ရန်အတွက် အမျိုးသား နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးမူဝါဒ (National Civil Service Training Policy)နှင့် အမျိုးသား နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေး အစီအစဉ်(National Civil Service Training Scheme) တို့ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကိုယ်တိုင်ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြည်သူများနှင့်အတူ လက်တွဲ**

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိလေ့လာပြီး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" "နိုင်ငံတည်ထောင်မှု ပြည်သူနှင့် ဝန်ထမ်းလက်တွဲပြု" ဆိုသည့် ဆောင်ပုဒ်များအတိုင်း ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ကြိုးစားအားထုတ်ပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူများနှင့်အတူ လက်တွဲ၍ လိုအပ်ချက်များကို ဖြည့်ဆည်းသွားကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်မှ ယနေ့အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ယာဉ်မှတ်ပုံတင်သက်တမ်း နှစ်နှစ်သို့ ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယာဉ်မှတ်ပုံတင်သက်တမ်း ပြောင်းလဲသတ်မှတ်ခြင်း ကိစ္စနှင့် စပ်လျဉ်း၍ "၆ဂ"အက္ခရာနှင့်အထက် ကိုယ်ပိုင် လူစီးယာဉ်များအား ၁.၇.၂၀၁၅ ရက်၊ သာသနာရေးဆိုင်ရာ (RLG) ယာဉ်၊ သံရုံး / သံတမန်ပိုင် (CD)ယာဉ်၊ ကုလသမဂ္ဂအဖွဲ့အစည်းပိုင် (UN)ယာဉ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းပိုင် (IO) ယာဉ်များမှ ကိုယ်ပိုင်လူစီးယာဉ်ငယ်အုပ်စုဝင် ယာဉ်များအား ၁၂.၆.၂၀၁၇ ရက်များတွင် မှတ်ပုံတင်သက်တမ်း တစ်နှစ်မှ နှစ်နှစ်သို့ ပြောင်းလဲသတ်မှတ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

**အကျိုးကျေးဇူးများ ရရှိ**

ထိုကဲ့သို့ဆောင်ရွက်ပေးမှုကြောင့် ပြည်သူများ ကျေနပ်နှစ်သက်မှုရှိခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းချောမွေ့မြန်ဆန်လာခြင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်နေသည့် လမ်းများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းခြင်း အကျိုးကျေးဇူးများ ရရှိစေခဲ့သည်။

**သက်တမ်း နှစ်နှစ် ပြောင်းလဲ သတ်မှတ်**

သို့ဖြစ်ပါ၍ ယာဉ်ပိုင်ရှင်များ နှစ်စဉ် ယာဉ်စစ်ဆေးမှတ်ပုံတင်ရသည့်လုပ်ငန်း လျော့နည်းသက်သာစေခြင်း၊ အခြားသော မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သူများအတွက်လည်း အချိန်ကြာမြင့်မှုလျော့ကျပြီး မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ ရုံးလုပ်ငန်းများလည်း မြန်ဆန်လာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျသွားခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် ကျန်အက္ခရာ (၆ဂ အက္ခရာအောက်) ကိုယ်ပိုင်လူစီးယာဉ်များ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီ အထိရှိပြီး တင်အား 1000Kg နှင့်အောက် ကိုယ်ပိုင် Pick Up (ဥပမာ- Hijet,----- စသဖြင့်) ယာဉ်ငယ်များအား မူလမှတ်ပုံတင် သက်တမ်း တစ်နှစ်မှ သက်တမ်း နှစ်နှစ်သို့ ၁.၁.၂၀၁၈ ရက်မှ စတင်ပြောင်းလဲသတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးနှင့် နွေရာသီ ရေငန်ဝင်ရောက်မှု ကာကွယ်ရန် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ လယ်မြေများရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးနှင့် နွေရာသီ ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် တိမ်ကောနေသော ချောင်းမြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက သိရသည်။

**ရေထိန်းတံခါး တည်ဆောက်**

ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က "ရေထိန်းတံခါးတွေကို မိုးရာသီမှာ ပြင်ပရေ ဝင်ရောက်မှုကို တားဆီးပေးပြီး ကွင်းအတွင်းက ရေပိုရေလျှံတွေ ထုတ်ဖို့၊ နွေရာသီမှာ ရေငန်တားဖို့ တည်ဆောက်တာပါ။ တိမ်ကောနေတဲ့ ချောင်းတွေ၊ မြောင်းတွေ မတူးဖော်ခင်က ရေထိန်းတံခါးတွေမဆောက်ခင်က ဒီဒေသက လယ်မြေတွေဟာ ရေငန်လွှမ်းတဲ့ကွင်းတွေပါ၊ ဒီဒေသကမိုးစပါးကလွဲရင် ကျန်တာ စိုက်လို့ မလွယ်ဘူး၊ မိုးစပါးတောင် ရေကြီးလိုက် မြုပ်သွားလိုက်နဲ့ အကြိမ်ကြိမ် ပြန်စိုက်ရတယ်၊ တိမ်ကောနေတဲ့ မြောင်းတွေ ပြန်တူးပြီးရေထိန်းတံခါးတွေ တည်ဆောက်လိုက်တဲ့အတွက် အခုဆို မိုးရာသီမှာ စပါးကောင်းကောင်းစိုက်ပျိုးနိုင်ပါပြီ" ဟု ပြောသည်။

**ပြန်လည်တူးဖော်**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်တန်းမြို့နယ်အတွင်းရှိ တိမ်ကောနေသော ချောင်း ၁၉ ချောင်း အား ပြန်လည်တူးဖော်ခြင်းနှင့် ရေထိန်းတံခါး တစ်ခု တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ကျောက်တန်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကလည်း အလျားမိုင် ၁၉ ဒသမ ၆၃ မိုင်ရှိ တိမ်ကောနေသည့် ချောင်း ၁၀ ချောင်းကို ပြန်လည်တူးဖော်ခဲ့ပြီး ပါဒကြီး ရေထိန်းတံခါးနှင့် ရွာသစ်ရေထိန်းတံခါး နှစ်ခုကို အသစ်တည်ဆောက်ခဲ့ကြောင်း သိရသည်။



ပါဒကြီး ရေထိန်းတံခါး

ကျောက်တန်းမြို့နယ် ကြာကန်ကျေးရွာမှ တောင်သူ ဦးမြင့်စိန်က "လယ် ၁၄ ဧက ရှိပါတယ်၊ ဒီဒေသမှာက လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက မိုးတစ်ခါရွာရင် ရက် ၂၀ လောက် ရေကြီးတယ်၊ လယ်သမားတွေဆို မိုးစပါး သုံးခါလောက် ပြန်စိုက်ရတယ်၊ အခု ရေထိန်းတံခါးတွေတည်ဆောက်ပြီး တိမ်ကောနေတဲ့ ချောင်းတွေ တူးဖော်ပြီးတဲ့အခါ လယ်တွေ ရေကြီးနစ်မြုပ်မှု လျော့ပါးသွားတယ်၊ မိုးစပါးကို တစ်ခါတည်းနဲ့ စိုက်နိုင်ပါပြီ"ဟု ပြောသည်။

**ဆောင်းသီးနှံ ကောင်းစွာစိုက်ပျိုးနိုင်တော့မည်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်တန်းမြို့နယ်တွင် ပါဒကြီး ရေထိန်းတံခါး တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် နှစ်စဉ်ရေကြီးနစ်မြုပ်မှု ခံစားနေရသည့် ရေကျော်၊ ချောင်းစောက်၊ ကြာကန်၊ ကန်ပြောင်ကျေးရွာများရှိ မိုးစပါးစိုက်လယ်မြေများ ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့နည်းသက်သာလာပြီး ပင်လယ် ရေငန်ဝင်ရောက်မှုကိုလည်း တားဆီးပေးခဲ့သဖြင့် မိုးစပါးအပြင် နွေစပါးနှင့် ဆောင်းသီးနှံပါ ကောင်းစွာစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း တောင်သူများထံက သိရသည်။

**ရေကြီးနစ်မြုပ်မှု လျော့နည်းကျဆင်း**

ကျောက်တန်းမြို့နယ်သည် ယခင်က ပင်လယ်နှင့် အလွန်နီးကပ်ပြီး ချောင်း၊ မြောင်းပေါများသဖြင့် ပင်လယ်ရေငန်များ လွှမ်းမိုးရာ ဒေသဖြစ်သဖြင့်၊ ကျောက်တန်းမြို့နယ်အတွင်းတွင် ပင်လယ်ကမ်းစပ်ဘက်မှ ရေငန်တားတာများ တည်ဆောက်ပေးပြီး လိုအပ်သည့် နေရာများတွင် ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်း၊ အဓိက ရေနုတ်နိုင်သည့် ချောင်း၊ မြောင်းများ တိုးချဲ့တူးဖော်ပေးခြင်းများကို ဆောင်ရွက်ပေးလာခဲ့သည့်အတွက် ကျောက်တန်းမြို့နယ်တွင် မိုးရာသီ ရေကြီးနစ်မြုပ်မှု လျော့နည်းကျဆင်းလာပြီး မိုးစပါး ရေတော်မိုးတော်ကွင်းများ ဖြစ်ပေါ်လာကြောင်း၊ ပင်လယ်ရေငန်ကို တားဆီးပေးနိုင်ခဲ့သည့်အတွက် ပင်လယ်နုန်း တက်ရောက်မှုကြောင့် ချောင်း၊ မြောင်းများ တိမ်ကောမှု သက်သာလာပြီး လယ်ယာမြေ အငန်ဓာတ်ပေါက်မှု ကျဆင်းလာပြီး ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## အပူပိုင်းမုန်တိုင်းငယ်"ကိုင်တက်" လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့

**နေပြည်တော် ဒီဇင်ဘာ ၂၂**- ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်"ကိုင်တက်"(Kai-Tak) သည် မလေးရှားနိုင်ငံအနီးသို့ ရွေ့လျားခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားပြီဖြစ်သည်။

**မိုး / ဇလ**

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၁၇ ခုနှစ် ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယ သုံးကျမ်းပြီးအောင် ၇၇၇ ပါး၊ ပါဠိဂုဏ်ထူးအောင် သုံးပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင် ၁၉ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ် ပင့်ဆောင်မည်ဖြစ်ပါသည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၁၂-၂-၂၀၁၈ ရက်နေ့မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်း ပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်အပ်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# မကွေးတိုင်းဒေသကြီး ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပ

**မကွေး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် ဆိုင်းဘုတ်ကို မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး၊ အမျိုးသားစာပေဆုရှင် ကဗျာဆရာ မောင်တင်စိုး (သစ်ရာကောက်)နှင့် ထူးချွန်ကျောင်းသူတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



ကလေးစာပေပွဲတော်သည် ကလေးများ ဗဟုသုတတိုးပွား၍ စာဖတ်ချင်စိတ်များ ကိန်းအောင်းစေပြီး အစဉ်လေ့လာသင်ယူမှုအတွက် တွန်းအားပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ စာပေဆိုင်ရာပြိုင်ပွဲများ၊ ပြပွဲပြခန်းများ၊ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပပေးခြင်းဖြင့် ဉာဏအထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ကလေးစာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီး ဦးနေမျိုးကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးတို့က အမှာစကားပြောကြားကြပြီး ထူးချွန်ကျောင်းသူတစ်ဦးက အမှတ်တရစကား ပြောကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်း၊ ပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ၊ အားကစားပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် စာအုပ်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စာပေပွဲတော်သို့ လာရောက်ကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ကျင်းပသော ကလေးစာပေပွဲတော်ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ NGO များ၊ ပညာရေးဌာနနှင့် သဘင်အစည်းအရုံးတို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် မကွေးတက္ကသိုလ်တွင် ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်မြောက်ပိုင်း မြို့ဦးစေတီ ၂၂ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ပြည်ကြီးချမ်းသာမဟာစေတီတော် (မြို့ဦးစေတီ) (၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သြဝါဒါစရိယတော်ကြီးများထံမှ သြဝါဒခံယူ၍ သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### အနေကဇာတင်

ယင်းသို့ကျင်းပရာတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီတွင် စေတီတော်တောင်ဘက်အာရုံခံတန်ဆောင်း၌ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး ထိုနေ့ နံနက် ၈ နာရီတွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပင့်ဆောင်ပူဇော်ခြင်းများပြုလုပ်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စေတီတော်ရင်ပြင်ပေါ်၌ ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများပြုလုပ်ပြီး ည ၈ နာရီတွင် မဟာဒုက်ဘုရားများ မဲဖောက်မည်ဟု သိရသည်။

### ပျော်ပွဲရွှင်ပွဲ

ပွဲတော်ပျော်ပွဲရွှင်ပွဲအဖြစ် ဇန်နဝါရီ ၃ ရက်မှ ၁၄ ရက်အထိ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ခြင်းပွဲ၊ ဟာသပွဲများဖြင့် ၁၂ ညတိုင်တိုင် တင်ဆက်ဖျော်ဖြေသွားမည်ဟု သိရသည်။

**ခရမ်း-စိုးမြင့်**

# မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စီးရေ ၉၉၉၁၀၁ စီးအနက် အစီး ၅၃၂၃၁၀ မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးများတွင် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ နှစ်လဲယာဉ်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို Online Booking စနစ်ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလစာရင်းများအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် ၉၉၉၁၀၁ စီး ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီး၌ အစီး ၅၃၂၃၁၀ ရှိရာ တစ်နိုင်ငံလုံး မော်တော်ယာဉ်စီးရေ၏ (၅၃ ဒသမ ၂၈ ရာခိုင်နှုန်း)မှာ ရန်ကုန်တိုင်းဒေသကြီးတွင် ရှိနေကြောင်း သိရသည်။

### အရေးယူ ဆောင်ရွက်

ထိုသို့ ယာဉ်စီးရေများပြားလာသည်နှင့်အမျှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ယာဉ်မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သည့် ယာဉ်များ နံနက်မိုးမလင်းမီကပင် ကြိုတင်တန်းစီရခြင်း၊ ရုံးဝင်းအတွင်း ယာဉ်များပြည့်နေခြင်း၊ ရုံးဝင်းပြင်ပအထိ တန်းစီနေသည့် ယာဉ်တန်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ပုံမှန်လိုအပ်သည်ထက် အချိန်ကြန့်ကြာခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မြင်သာ)တွင် ယာဉ်စစ်နှင့် ယာဉ်မှတ်ပုံတင်ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်း၊ စက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်တင်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုပုံစံနှင့် လုပ်ငန်းအဆိုင်းများတိုး၍ ဆောင်ရွက်ပေးခြင်းတို့ဖြင့် လတ်တလော အဆင်ပြေချောမွေ့စေရန် ချက်ချင်း အရေးယူ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုဆက်လက်၍ လုပ်ငန်းများ လွယ်ကူမြန်ဆန်စေရန်နှင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူများ သက်သာအဆင်ပြေစေရန်ရည်ရွယ်၍ နှစ်လဲယာဉ်စစ်ဆေးခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ Online Booking စနစ်ဖြင့် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ Online Booking အား နှစ်လဲမှတ်ပုံတင် မော်တော်ယာဉ်များအတွက်သာ စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး နယ်ဝင် ယာဉ်များ၊ စက်ပြောင်း၊ ဆေးရောင်ပြောင်း၊ အမည်ပြောင်း စစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

### ကြိုတင်ရယူနိုင်

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရုံးငါးရုံး၌ နှစ်လဲယာဉ်စစ်ဆေးခြင်းကို Online Booking စနစ်ဖြင့် ရက်ချိန်းရယူလိုသူများသည် www.rtad.gov.mm website တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ကြိုတင်စာရင်းသွင်းနိုင်မည်ဖြစ်ပြီး နှစ်လဲမှတ်ပုံတင်ယာဉ် စစ်ဆေးရက်ချိန်းရယူရန် အနည်းဆုံး သုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ရယူနိုင်မည်ဖြစ်သည်။

### လက်ခံဆောင်ရွက်

Online Booking စနစ်ကို ရုံးဖွင့်ရက်များတွင် နံနက်၊ ညနေ နှစ်ပိုင်းခွဲ၍ ရန်ကုန်တိုင်းဒေသကြီး ခရိုင်ရုံးလေးရုံးနှင့် တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရုံးများ၌ သတ်မှတ်ယာဉ်စီးရေအလိုက် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လတစ်လ၏ နောက်ဆုံးရုံးဖွင့်ရက် နှစ်ရက်ကို Online Booking ရက်ချိန်းရယူရန် မလိုဘဲ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၁၆ ခုနှစ် ၊ မတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေအခန်း (၇)ပါ အသွင်ကူးပြောင်း ပြဋ္ဌာန်းချက်များအရ လှိုင်းနှုန်းအသုံးပြုခွင့် ရရှိထားသူများသည် ဤနည်းဥပဒေပြဋ္ဌာန်းပြီးနောက် ၁ နှစ်အကြာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုက်နာပြီး ဖြစ်စေရမည်ဖြစ်ရာ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများ မထွက်ရှိမီ ထုတ်ပေးခဲ့သည့် လှိုင်းနှုန်းအသုံးပြုခွင့်ပါဝင်သော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များမှ အသွင်ကူးပြောင်းကာလ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်များအား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးတင်ပြအပ်ပါသည် -

(က) လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများမထွက်ရှိမီ ထုတ်ပေးခဲ့သည့် လှိုင်းနှုန်းအသုံးပြုခွင့်ပါဝင်သော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များအနက် လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်များအား ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နောက်ဆုံးထား၍ သက်တမ်းတိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်သည့် လိုင်စင်များအား ကနဦး အခကြေးငွေ ထည့်သွင်းကောက်ခံလျက် လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခွင့်ပေးသွားမည် ဖြစ်ပါသည်။

(ခ) ၂၀၁၈ ခုနှစ် ၊ မတ်လ ၆ ရက်နေ့အထိ လိုင်စင်သက်တမ်းတိုး လာရောက်ဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်များအား လိုင်စင်စာရင်းမှ အပြီးပယ်ဖျက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ကိုးခုနှင့် အတည်ပြုမိန့် နှစ်ခု ခွင့်ပြုပေးရန်ဆုံးဖြတ်

**နေပြည်တော်  ဒီဇင်ဘာ  ၂၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုလုပ်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၇/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့်အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၇)အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်ကိုးခုနှင့် အတည်ပြုမိန့်နှစ်ခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့သည်။

**သတင်းစဉ်**

## တက်ကြွသော ပြည်သူများ တွေ့ဆုံမှုအကြောင်း ဆောင်းပါးရေးသားရန် ဂျာနယ်လစ်များဖိတ်ခေါ်

**သနပ်ပင်  ဒီဇင်ဘာ  ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ ခေါင်းဆောင်မှုဖြင့် တက်ကြွသောပြည်သူများ တွေ့ဆုံမှုအကြောင်း ဆောင်းပါးရေးသားရန် ဂျာနယ်လစ်များ ဖိတ်ခေါ်ပွဲကို ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖိတ်ခေါ်ပွဲ အစီအစဉ်ကို ၂၀၁၇ ခုနှစ် ဩဂုတ်တွင် စတင်ခဲ့ပြီး စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ဖိတ်ခေါ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် မြို့နယ်ဆေးရုံများက စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ပြည်သူများ၏ ကလေးမွေးဖွားမှုမှတ်ပုံတင်၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြားအကြောင်းအရာများ မေးမြန်းခြင်းများကို မက်ဆေ့မှတစ်ဆင့် ပြန်လည်ဖြေကြားသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ပြည်သူများ၏ အကြံပြုချက်များကို ခွဲခြမ်းစိတ်ဖြာပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိတ်ခေါ်ပွဲ၏ ရည်ရွယ်ချက်မှာ အစိုးရဝန်ဆောင်မှုများ တိုးတက်စေရန်၊ ပြည်သူများ တုံ့ပြန်ချက်များမှတစ်ဆင့် အကျင့်ပျက်ခြစားမှုများလျော့နည်းစေရန်အတွက် ကြိုးစားနေကြောင်းကို သိရှိစေရန်၊ သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူများလိုအပ်ချက်များကို စောင့်ကြည့်ခြင်းနှင့် ပြည်သူများ၏အသံကို နားထောင်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ယင်း ဖိတ်ခေါ်အစီအစဉ်၏ ပို့ဆောင်ရေးနှင့် အသေးစိတ်အချက်အလက်များကို ကမ္ဘာ့ဘဏ်မှ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

**ပေါင်းတည်မြို့နယ်တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၂ ရက်တွင် သက်ဆိုင်ရာနယ်မြေများရှိ တာဝန်ရှိသူများက တစ်မြို့နယ်လုံးရှိ အဘိုး ၇၄ ဦးနှင့် အဘွား ၁၃၉ ဦးတို့၏ နေအိမ်များသို့ သွားရောက်ပြီး သုံးလစာ ငွေကျပ် ၃၀၀၀၀ သွားရောက်ပေးအပ်စဉ်။**

တင်ဝင်းဇော်-မင်းသားကြီး



## ဆေးတက္ကသိုလ် ခုတင် ၅၀ ဆေးရုံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၂၂ ဦးနှင့် မေးရိုးဆက် လူနာတစ်ဦးအား အခမဲ့ ဆေးကုသပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဂျပန်နိုင်ငံ Niigata University မှ ပါမောက္ခ Ritsuo Takagi နှင့်အဖွဲ့သည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ အထိ အဆိုပါတက္ကသိုလ် ခုတင် ၅၀ ဆံ့ ဆေးရုံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၂ ဦးနှင့် အပေါ်မေးရိုးနှင့် အောက်မေးရိုးဆက်နေမှုကြောင့် ပါးစပ်မဟနိုင်သောရောဂါ(TMJ Ankylosis) ဝေဒနာရှင် တစ်ဦး စုစုပေါင်း ၂၃ ဦးတို့အား အခမဲ့ခွဲစိတ်ကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေအား Website များတွင် ကြည့်ရှုနိုင်

**နေပြည်တော်  ဒီဇင်ဘာ  ၂၂**

ပညာရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၄၉၇၈၇၂ ဦးအနက်မှ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်ခဲ့ရာတွင် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း စာဖြင့်သတိပေးခြင်းခံရသူ ၃၉၉ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်းခံရသူ ၂၈ ဦး၊ ရာထူးတိုးရပ်ဆိုင်းခြင်းခံရသူ ၃ ဦး၊ ရာထူးအဆင့် လျှော့ချခြင်းခံရသူ ၂၂ ဦး၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသူ ၁၃၅ ဦး၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ ၅၆ ဦး၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရသူ ၁ ဦး စုစုပေါင်း ၆၄၄ ဦး၊ ၂၀၁၇ ခုနှစ် ဧပြီလမှ ဩဂုတ်လတွင်း စာဖြင့်သတိပေးခြင်းခံရသူ ၁၂၆ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်းခံရသူ ၁၀ ဦး၊ ရာထူးတိုးရပ်ဆိုင်းခြင်းခံရသူ ၁ ဦး၊ ရာထူးအဆင့်လျှော့ချခြင်းခံရသူ ၁ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူ ၃၁ ဦး၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူ ၂၉ ဦး၊ တာဝန်မှယာယီရပ်ဆိုင်းခြင်းခံရသူ ၂ ဦး စုစုပေါင်း ၂၀၀ ဦးတို့အား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစီးဌာနအလိုက် အရေးယူခဲ့သည့် ဝန်ထမ်းဦးရေ အသေးစိတ်အား ပညာရေးဝန်ကြီးဌာန Website များဖြစ်သော www.moe.gov.mm နှင့် www.moe-st.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

**မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် အလယ်တန်းကျောင်းသားဦးရေ**




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ် မှ စုစည်း တင်ပြပါသည်။

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ(SMEs)သို့ အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသော အခန်းကဏ္ဍတွင် ရှိပါသည်။ ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းရှင်များလိုအပ်သော အရင်းအနှီးများအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်မှ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ချေးငွေများကို စိစစ်ထုတ်ချေးရန် စီစဉ်ထားပါသည်။

**အကျုံးဝင်သည့်လုပ်ငန်းများ**

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပေးသော SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ရရှိထားသည့် လုပ်ငန်းဖြစ်ရမည်။ ပြည်ပပို့ကုန် အထောက်အကူပြု ကုန်ထုတ်လုပ်ငန်း၊ သွင်းကုန်အစားထိုးထုတ်လုပ်မှုလုပ်ငန်း၊ နည်းပညာအခြေပြု ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ထောက်ခံတင်ပြသည့် လုပ်ငန်းများကို ဦးစားပေးပါမည်။ သတ်မှတ်ချက်နှင့် ကိုက်ညီသူ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ SMEs လုပ်ငန်းများသို့ ချေးငွေများရောက်ရှိနိုင်စေရန် စီစဉ်ဆောင်ရွက်ပါမည်။

**ချေးငွေအတိုးနှုန်းနှင့်သက်တမ်း**

တစ်နှစ်လျှင် အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ သက်တမ်း ၃ နှစ်မှ ၅ နှစ်အထိ ဖြစ်ပါသည်။

**ချေးငွေပမာဏ**

SMEs လုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးကို အများဆုံးကျပ်သန်း ၃၀၀ အထိ ထုတ်ချေးမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ချေးငွေကို ပုံသေ ရင်းနှီးငွေ(Fixed Capital)အဖြစ် ၅၀ ရာခိုင်နှုန်း၊ လှည့်လည်ရင်းနှီးငွေ (Working Capital) အဖြစ် ၅၀ ရာခိုင်နှုန်း အသုံးပြုရန် သတ်မှတ်ထားရှိပါသည်။

**ရယူမည့်အာမခံပစ္စည်းများ**

ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် မြေနှင့်အဆောက်အအုံများအပြင် ရွှေ့ပြောင်းနိုင်သည့် စက်၊ ယာဉ်၊ ယန္တရား၊ ရွှေထည်ပစ္စည်းနှင့် ရွှေအတုံးများ၊ အပ်ငွေအမျိုးမျိုး၊ အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ၊ စတော့ရှယ်ယာ၊ ဒီဘင်ချာ၊ ဘဏ်အာမခံ၊ အစိုးရအာမခံ၊ ချေးငွေအာမခံလက်မှတ် (Credit Guarantee Insurance) များကိုလည်း အာမခံအဖြစ်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ CGI စနစ်ဖြင့် ထုတ်ချေးငွေကို လက်ရှိအခြေအနေတွင် အများဆုံး ကျပ်သိန်း ၂၀၀ အထိသာ သတ်မှတ်ထားပါသည်။

**ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်**

SMEs လုပ်ငန်းများအတွက် ချေးငွေများကို ပြန်လည်ပေးဆပ်ရာတွင် ၃ နှစ်ဖြစ်ပါက ၁နှစ်ဆိုင်းငံ့ ၊ ၂နှစ်အတွင်း ၄ရစ်ဆပ်ဖြင့် လည်းကောင်း၊ ၄ နှစ်ဖြစ်ပါက ၁ နှစ် ၆ လ ဆိုင်းငံ့၊ ၂ နှစ် ၆ လအတွင်း ၅ ရစ်ဆပ်ဖြင့် လည်းကောင်း၊ ၅ နှစ်ဖြစ်ပါက ၂ နှစ်ဆိုင်းငံ့ ၊ ၃ နှစ်အတွင်း ၆ ရစ်ဆပ်ဖြင့်လည်းကောင်း ပေးဆပ်ရပါမည်။

**ချေးငွေပမာဏအလိုက်စိစစ်မှု**

ချေးငွေ ကျပ်သန်း ၁၀၀ အထိကို တိုင်းဒေသကြီး၊ ပြည်နယ် မန်နေဂျာရုံးမှလည်းကောင်း၊ ကျပ်သန်း ၁၀၀ အထက် လျှောက်ထားမှုများကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)မှ လည်းကောင်း စိစစ်ခွင့်ပြုမည်ဖြစ်ပါသည်။ ချေးငွေလျှောက်ထားလိုသူများသည် မိမိနေထိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များကို ၎င်းဘဏ်ခွဲများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မောင်တောမြို့နယ် ကညင်ချောင်း စီးပွားရေးဇုန် ထူထောင်

**မောင်တော ဒီဇင်ဘာ ၂၂**

မောင်တောဒေသ ကုန်သည်များနှင့် ရခိုင်ပြည်နယ် အစိုးရတို့၏ အစီအမံဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို တည်ဆောက်ရန် စတင်စီမံဆောင်ရွက်ခဲ့သည်။

မောင်တောမြို့နယ် ကညင်ချောင်းစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်ဆိပ်ခံတံတားနှစ်ခု၊ မြေသားချဉ်းကပ်လမ်း ပေ ၄၂၀၊ ပင်မအဆောက်အအုံ RC တစ်ထပ် ကုန်စည် သိုလှောင်ရုံနှင့် အရောင်းပြခန်း အလုံး ၂၀ တို့ကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကညင်ချောင်း စီးပွားရေးဇုန်သည် မောင်တောမြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၊ နတ်မြစ်နှင့် ကညင်ချောင်းဆုံသည့်နေရာတွင် တည်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ဆိပ်ကမ်းနှင့် လေးမိုင်ခန့်သာ ကွာဝေးသည်။ ကညင်ချောင်း စီးပွားရေးဇုန်ရှိ ဆိပ်ခံတံတား ရေစူးအလွန်နက်သဖြင့် တန် ၁၀၀၀ ခန့်ထိ သင်္ဘောများ ရေတက်ရေကျ စောင့်ရန်မလိုဘဲ ၂၄ နာရီ ဆိုက်ကပ်နိုင်သည့် အခွင့်အလမ်းကောင်းရှိသည်။

ယခင် ကုန်သွယ်ရေးဇုန်အဖြစ် လျာထားဧရိယာမှာ ၄၉ ဒသမ ၆ ဧက ဖြစ်ပြီး ယခုအခါ စီးပွားရေးဇုန်အဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရာတွင် ဧက ၁၀၀ ထပ်မံ တိုးချဲ့လျက်ရှိသည်။

ကညင်ချောင်း စီးပွားရေးဇုန်ဆိပ်ကမ်းမှ မောင်တောမြို့သို့ ရေလမ်းဖြင့် ကုန်ပစ္စည်းများတင်ပို့နိုင်ပြီး အကယ်၍စီးပွားရေးဇုန်အတွင်းလမ်းများနှင့် မောင်တောမြို့ဝန်းကျင်လမ်းများအား အဆင့်မြှင့်တင်ပြီးပါက ကုန်းလမ်းမှလည်း မောင်တောမြို့မှတစ်ဆင့် နယ်စပ်ကုန်သွယ်မှုကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျန်ရှိလုပ်ငန်းများဖြစ်သည့် ဇုန်မြေအတွင်း ဧရိယာ ၄၉ ဒသမ ၅၈ ဧကမြေဖို့ခြင်း၊ မောင်တောသို့ ၁ ဒသမ ၈ မိုင်ကို အမာခံ ကျောက်ချောလမ်း ဖောက်လုပ်ခြင်း၊ ကုန်သွယ်ရေးဇုန်အတွင်းရှိ လမ်းများ ၁ ဒသမ ၅၅ မိုင်ကို အမာခံ ကျောက်ချောလမ်း ဖောက်လုပ်ခြင်း၊ ကုန်သွယ်ရေးဇုန်အား အုတ်တံတိုင်း ၁ ဒသမ ၁၀ မိုင် ကာရံခြင်း၊ ကုန်ချကွင်းနှင့် ကားပါကင် ကျောက်ဖြည့်ပြီး ကွန်ကရစ်ခင်းခြင်း၊ လုံခြုံရေးဝန်ထမ်းအဆောက်အအုံ နှစ်လုံးဆောက်လုပ်ခြင်း၊ အလုပ်သမား နားနေဆောင်နှင့် ဂိုဒေါင်ဆောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် ဓာတ်အားပေးစက် ဝိုင်ယာသွယ်တန်းခြင်း၊ ဓာတ်မီးတိုင်များ စိုက်ထူခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တည်ငြိမ်အေးချမ်းမှု ရရှိလာပြီဖြစ်သော မြိုတိုင်းရင်းသားတို့၏ ကျေးရွာများ

မောင်တော ဒီဇင်ဘာ ၂၂

**မောင်တောမြို့နယ် မြောက်ပိုင်းရှိ မြိုတိုင်းရင်းသားမိသားစုများသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ယခုအခါ အခြေတကျနေထိုင် လုပ်ကိုင်စားသောက်ကြသူများ၊ အိမ်ရာသစ်တည်ဆောက်ခြင်းလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူများဖြင့် တည်ငြိမ်အေးချမ်းမှုများ စတင်ရရှိလာသည်ကို တွေ့ရသည်။**



မြိုတိုင်းရင်းသားများနေထိုင်သည့် သစ်တုံးနားခွဆုံကျေးရွာမှ မြိုတိုင်းရင်းသားများကို တွေ့ရစဉ်။

“ကျွန်တော်တို့ရွာက သစ်တုံးနားခွဆုံကျေးရွာပါ၊ အိမ်ခြေ ၃၀၀ ကျော်ရှိပါတယ်၊ မြိုတိုင်းရင်းသားဦးရေ ၁၆၉၆ ဦး ရှိပါတယ်၊ ခုဆိုရင် တောင်ပေါ်တောင်ကြားတွေမှာရှိတဲ့ မျောက်ခေါင်းတောင်၊ ပန်းချောင်း၊ ခရုချောင်း၊ အောက်အင်းချောင်းကျေးရွာတွေကို ကျွန်တော်တို့ရွာနဲ့ပေါင်းပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က နေအိမ်သစ်တွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်၊ ဒီလို မြိုတိုင်းရင်းသားကျေးရွာတွေကို တစ်စုတစ်စည်းတည်း နေအိမ်တွေတည်ဆောက်ပေးလိုက်တဲ့အတွက် ဒေသတွင်း စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာမှာဖြစ်ပါတယ်၊ ဒီအတွက် နိုင်ငံတော်အစိုးရကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်”ဟု သစ်တုံးနားခွဆုံကျေးရွာ အုပ်ချုပ်ရေးမှူး ကိုမောင်ဇံက ပြောသည်။

“ခု လောလောဆယ်မှာတော့ မျောက်ခေါင်းတောင်နဲ့ ပန်းချောင်းက ပြောင်းလာတဲ့ အိမ်ထောင်စုတွေက ယာယီတဲအိမ်တွေ ဆောက်လုပ်နေထိုင်ကြပါတယ်၊ အခုတဲအိမ် ၄၅ လုံး ဆောက်လုပ်ထားပါတယ်။ ထပ်မံပြီးတော့လည်း တဲအိမ်လေးတွေ ဆောက်လုပ်နေကြပါတယ်၊ အဓိကကတော့ တောင်ယာလုပ်ကိုင်စားကြပါတယ်”ဟု သစ်တုံးနားခွဆုံကျေးရွာမှ ကိုသန်းနိုင်က ပြောသည်။

**ဆောင်ရွက်ပေးစေလို**

“ကျွန်တော်က နန်းရာကိုင်း မြိုကျေးရွာကပါ။ ကျွန်တော်တို့ရွာကို နတလက အိမ်ခြေ အလုံး ၅၀ တည်ဆောက်ပေးဖို့ စာကျထားပြီဖြစ်ပါတယ်၊ လမ်းဖောက်လုပ်ခြင်းနဲ့ တံတားသုံးစင်းတည်ဆောက်ပေးဖို့လည်း ပါဝင်ပါတယ်၊ ဒါပေမယ့် အခုအထိ လုပ်ငန်းမစသေးပါဘူး၊ မိုးမကျမီ ဆောင်ရွက်ပေးစေလိုပါတယ်”ဟု နန်းရာကိုင်းကျေးရွာမှ ဦးထွန်းပုံက ပြောသည်။

**တွေ့မြင်နေရ**

အဆိုပါ သစ်တုံးနားခွဆုံကျေးရွာနှင့် မလှမ်းမကမ်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ခုံတိုင်မြိုတိုင်းရင်းသားကျေးရွာကိုလည်း တည်ဆောက်လျက်ရှိသည်။ မောင်တောမြို့နယ် မြောက်ပိုင်းတွင် မြိုတိုင်းရင်းသားကျေးရွာ ၁၆ ရွာရှိကြောင်း သိရသည်။ ယခုအခါ မြိုတိုင်းရင်းသားကျေးရွာများတွင် စပါးရိတ်၊ စပါးလှေ့ တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသူများ၊ စာသင်ခန်းများ၌ ကလေးများအား စာသင်ကြားနေမှုမြင်ကွင်းများ၊ တဲအိမ်သစ်များ ဆောက်လုပ်နေမှုမြင်ကွင်းများ၊ ကျေးရွာသစ်စီမံကိန်းလုပ်ငန်းခွင်များဖြင့် တည်ငြိမ်အေးချမ်းမှုပုံရိပ်များကို တွေ့မြင်နေရပြီဖြစ်သည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ၊ နေဝင်းထွန်း**



မြိုတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာ၌ မြိုတိုင်းရင်းသူများ၊ ကလေးငယ်များ ပျော်ရွှင်စွာ စုရုံးနေထိုင်သည်ကို တွေ့ရစဉ်။



# ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**စစ်တွေ ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒုံးပိုက်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်ကို သက်တော်ရှည် ဒုံးပိုက်ဆရာတော်ကြီး စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်၊ ကဗျာဆရာ စစ်တွေညိုသန့်နှင့်စာရေးဆရာ ရခိုင်ဟာသ(သရုပ်ဆောင်)ဗဂျီးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက စာပေ တန်ဖိုး၊ စာကြည့်တိုက်အကျိုး ကျေးဇူးနှင့် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ဦးစီးမှူး၊ စာရေးဆရာ ဒေါက်တာ ဦးထွန်းဝေ(ဝေဘူလ)နှင့် စာရေးဆရာ သာရွှေဦး (ကစ္ဆပ)တို့က စာအုပ်စာစောင်များနှင့် ပိုစတာများကို လှူဒါန်းကြရာ ဆရာတော် ဦးဝိဇယာလင်္ကာရက လက်ခံရယူသည်။ **(အပေါ်ပုံ)**

**စာပေဟောပြောပွဲကျင်းပ**

အဆိုပါ စာကြည့်တိုက်မှာ အလျားပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၃ ပေ ရှိတစ်ထပ် အုတ်တိုက်အဆောက်အအုံ အမျိုးအစားဖြစ်သည်။ ထို့အပြင် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒုံးပိုက်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စာပေဟောပြောပွဲကျင်းပရာ ကဗျာဆရာ စစ်တွေညိုသန့်၊ စာရေးဆရာ ရခိုင်ဟာသ(သရုပ်ဆောင်) ဗဂျီးကျော်၊ စာရေးဆရာ သာရွှေဦး(ကစ္ဆပ)တို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောကြကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးအတွက် ကိုရီးယားနိုင်ငံရောက် လူငယ်များမှ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကိုရီးယားရောက် လူငယ်များက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ကိုရီးယားနိုင်ငံ ဘူဆန်ခရိုင်(ဂင်မဲ) မြို့သို့ ရောက်ရှိနေကြသော ရခိုင်လူငယ်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ပေးရေး (UEHRD) သို့ အလှူငွေကျပ် ၁၀ သိန်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ ဦးထင်လင်းနှင့် ဦးမောင်မောင်ဝင်းတို့မှတစ်ဆင့် လှူဒါန်းရာ ရခိုင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး (UEHRD) ပြည်နယ်အဆင့် ပူးတွဲဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်သတင်းများ

## အမှုဖွင့် တရားစွဲတင်ထားသူနှစ်ဦးအား တရားရုံးမှ လွှတ်မိန့်ချမှတ်

**မောင်တော ဒီဇင်ဘာ ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် အောင်ဇေယျကျေးရွာနေ စောသိန်းမောင်နှင့် စံအောင်တို့နှစ်ဦးအား မသင်္ကာ၍ စစ်ဆေးရာ သက္ကယ်ပြင်ကျေးရွာစပ်ရှိ ပုစွန်ကန်မှ ပုစွန်များနှင့် ငါးဖမ်းပိုက်တို့အား ယူဆောင်လာခြင်းဖြစ်ကြောင်း သိရှိရ၍ ပြင်ဖြူနယ်မြေ ရဲစခန်းတွင် အမှုဖွင့်၍ ရာကြီးအမှုအမှတ် ၃၉၈/၂၀၁၇ ဖြင့် တရားစွဲတင်ပို့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် တရားရုံးမှ ၎င်းတို့ နှစ်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှ လွှတ်မိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်၌ ကျေးရွာသား တစ်ဦးသေဆုံး

**မောင်တော ဒီဇင်ဘာ ၂၂**

ဘူးသီးတောင်မြို့နယ် သဲနီ(မြို)ကျေးရွာနေ လောင်ရှီး(၆၅)နှစ်သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ရွာအရှေ့ဘက် လေးဖာလုံခန့် အကွာရှိ တောင်ယာ၌ လွှတ်ကျောင်းထားသည့် နွားများသွားကြည့်ရန် နေအိမ်မှ တစ်ဦးတည်း ထွက်ခွာခဲ့ကြောင်း သိရသည်။

**အမှုဖွင့်စုံစမ်း**

အိမ်သို့ ပြန်လည်ရောက်မလာသဖြင့် သားဖြစ်သူ ချာချဲ(၃၀ နှစ်) ပါ နှစ်ဦးက လိုက်လံ ရှာဖွေခဲ့ရာ ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီတွင် သဲနီကျေးရွာ၏ အရှေ့ဘက်သုံးဖာလုံခန့်အကွာ လျှိုမြောင်ထဲတွင် လည်ပင်း၌ အရှည် ရှစ်ပေခွဲခန့်ရှိ နိုင်လွန်ကြိုးတစ်ချောင်း ချည်နှောင်လျက် ကြိုးဖြင့် ဆွဲခံထားရသည့် ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အလောင်းကို ဘူးသီးတောင်မြို့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သေဆုံးမှုနှင့်ပတ်သက်၍ တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စုံစမ်းလျက်ရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်၌ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သူ တစ်ဦးနှင့် မသင်္ကာသူ သုံးဦး ဖမ်းဆီးရမိ

**မောင်တော ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ်မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်စဉ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်သူ တစ်ဦးနှင့် မသင်္ကာသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

၂၀၁၆ ခုနှစ်က ငါးခူရနယ်မြေစခန်း တိုက်ခိုက်ခံရသည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ဦးရှည်ကျကျေးရွာနေ ဇာဖောအာလောင် (ခ) ဇာဖော်ရ်အာလောမ်အား ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီကလည်းကောင်း၊ ယင်းနေ့ နံနက် ၁၀ နာရီခန့်တွင် မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရ ချောင်းဝကြား နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ တရားမဝင်ဝင်ရောက်လာသည်ဟု ယူဆရသည့် ရှာဖ်များ(ခ) ဘိုင်ခူးနှင့် အဒူရှော်ရှီးတို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၁၈ ရက် ည ၉ နာရီတွင် ရေတွင်းကျွန်းကျေးရွာ မြောက်ဘက် ဦးရှည်ကျချောင်းအတွင်း မသင်္ကာဖွယ်လောင်းလှေတစ်စင်းအား စစ်ဆေးရာ ရေတွင်းကုန်းကျေးရွာနေ နာဂိုတာချေထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်နှစ်ကတ်နှင့် ဓားမနှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ထွက်ပြေးတရားခံ
ဇာဖောအာလောင်(ခ)
ဇာဖော်ရ်အာလောမ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးဆင်းကတ်နှစ်ကတ်၊ ဓားမနှစ်ချောင်းတို့နှင့် အတူ ဖမ်းဆီးရမိသည့် နာဂိုတာချေ



## အနိမ့်ဆုံး အပူချိန် စံချိန်သစ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၂၂ ရက်က ဘော်လခဲစခန်း၌ တိုင်းတာချက်အရ အနိမ့်ဆုံးအပူချိန်စံချိန်သစ်အဖြစ် ၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၄၃ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်)တိုင်းတာရရှိပြီး စခန်းဖွင့်သည့်နှစ်မှစ၍ ၂၁ နှစ်အတွင်း အနိမ့်ဆုံးစံချိန်သစ်ဖြစ်ကြောင်း၊ ယခင်စံချိန်မှာ ၂၁-၁၂-၂၀၁၇ ရက်က တိုင်းတာရရှိသည့် ၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



ဒီဇင်ဘာ ၂၂ ရက်ညပိုင်းက ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံလမ်းရှိ မောနွေလဘုရားရှိခိုးကျောင်းတွင် ခရစ္စမတ်အကြို ရောင်စုံမီးလုံးများဖြင့် ထွန်းညှိအလှဆင်ထားမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်

## မြန်မာ့ဗိသုကာလက်ရာများ ပြပွဲ ခင်းကျင်း ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

**မြန်မာနိုင်ငံဗိသုကာအသင်းက ဦးစီးကျင်းပသော ဗိသုကာပြပွဲ (Architects' Fair 2017-18) ကို ဒီဇင်ဘာ ၃၀ ရက်၊ ၃၁ရက် မှ ၂၀၁၈ ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည်ဟု သတင်းရရှိသည်။**




**ခင်းကျင်းပြသ**

ပြည်သူ့အတွက် ဗိသုကာဟူသော ခေါင်းစဉ်ဖြင့် ဗိသုကာပညာရပ်နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများ၊ အများပြည်သူအတွက် ဝန်ဆောင်မှုပေးနေသည့် ဗိသုကာတို့၏ လုပ်ငန်းများကို ပြသမည့်ပြပွဲဖြစ်သည်ဟု မြန်မာနိုင်ငံဗိသုကာအသင်းမှ အဆိုပါ ပြပွဲဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံရှိ ဗိသုကာများ ရေးဆွဲပုံထုတ်ခဲ့သည့် စီမံကိန်းများနှင့် ဒီဇိုင်းလက်ရာများ၊ နိုင်ငံတော်စီမံကိန်းများတွင် ပါဝင်ခဲ့သော ဗိသုကာလက်ရာများ၊ အများပြည်သူအတွက် ရည်ရွယ်သည့် စီမံကိန်းဒီဇိုင်းလက်ရာများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၏ ပြကွက်များ၊ မြန်မာ့ဗိသုကာ သမိုင်းဆိုင်ရာ ပြကွက်များနှင့် ခေတ်အဆက်ဆက်ထင်ရှားခဲ့သော မြန်မာဗိသုကာကြီးများ၏ လက်ရာအဆောက်အအုံတို့၏ ဒီဇိုင်းပုံစံနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဟု သိရသည်။

**ပူးပေါင်းပါဝင်**

ဗိသုကာပညာရပ်နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း စသည်တို့ကလည်း ပြပွဲတွင် ပူးပေါင်းပါဝင်ပြသသွားကြမည်ဟု သိရသည်။

**နေ့စဉ်ပြုလုပ်**

ထို့ပြင် အမျိုးသားဇာတ်ရုံအတွင်း၌ ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းများ၊ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုပွဲများ၊ ဗိသုကာပညာ၊ မြို့ပြစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ဆွေးနွေးပြောဆိုချက်များ၊ ပြည်သူလူထု၏ ရှုမြင်သုံးသပ်ပုံ အတွေးအမြင်နှင့် သဘောထားများကို ဖလှယ်ဆွေးနွေးမည့် အစီအစဉ်များ နေ့စဉ်ပြုလုပ်သွားမည်ဟုလည်း သိရှိရသည်။

**ဒုတိယအကြိမ် ကျင်းပ**

ထိုသုံးရက်ကြာ ဗိသုကာပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး နည်းပညာသစ်များ၊ ခိုင်ခံ့မှုအပါအဝင် စက်မှုပိုင်း၊ လျှပ်စစ်နှင့် စွမ်းအင်ပိုင်းအစရှိသည့် ဆက်စပ်ပညာရပ်ဆိုင်ရာ ပညာရှင်များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်နေမှုများကိုလည်း သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ပူးတွဲပြသသွားမည်ဟု သိရသည်။ ပွဲနောက်ဆုံးရက်တွင်လည်း ဗိသုကာများက စရိတ်သက်သာ လူနေအိမ်ဒီဇိုင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ကိုယ့်အားကိုယ်ကိုးမူလတန်း စာသင်ကျောင်း အစရှိသည့် အဆောက်အအုံဒီဇိုင်းတို့ကို အများပြည်သူအဆင်သင့် အသုံးပြုဆောက်လုပ်နိုင်မည့် ပြည့်စုံသော ဆွဲပုံများ လှူဒါန်းမည်ဟု သိရပါသည်။ ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်မတ်လက ယခုဗိသုကာပြပွဲကို ပထမအကြိမ်ကျင်းပခဲ့ပြီး ယခုအချိန်သည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်ဟု သိရှိရသည်။

**သတင်းစဉ်**

## စိတ်ကြွရူးသွပ်ဆေးပြားများ ထပ်မံဖမ်းဆီးရမိ

**မောင်တော ဒီဇင်ဘာ ၂၂**

မောင်တောမြို့ မြို့မတောင်ရပ်ကွက် မီးစက်ကြီးရှေ့လမ်းမပေါ်၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက မောင်နီရွာဘက်မှ ဆာလာအိတ်တစ်အိတ် ထမ်းလာသူ အာမီနူရ်နှင့် ဇာဖော့အာမတ်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ သိမ်းဆည်းရမိခဲ့သည့် ကွင်းဆက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ညနေပိုင်းတွင် မြို့မတောင်ရပ်ကွက် အလယ်ရွာနေဟာရုံ၏ နေအိမ်သို့ ရှာဖွေစစ်ဆေးရာ ၎င်း၏ ဇနီးနှင့်အတူ နောက်ဖေးခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား အကြေ ၁၅၅၅ ဂရမ်ခန့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃ သိန်းကျော်အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသည့် ကွင်းဆက်တရားခံ မရှောင်ရှီတာဘေဂေါင်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းရှိ မိုးကောင်းဘူတာနှင့် နမ္မတီးဘူတာကြားတွင် အဆန်ကုန်ရထားတွဲချော်၍ ကုန်တင်တွဲသုံးတွဲ တိမ်းမှောက်



**မိုးကောင်း ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း မိုးကောင်းဘူတာနှင့် နမ္မတီးဘူတာ အကြားတွင် ဒီဇင်ဘာ ၂၁ရက် ညနေ၁ရီခွဲက မန္တလေးမှ ထွက်ခွာလာသော အမှတ် ၉၃၃ ကုန်ရထားတစ်စင်း တွဲချော် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ မြစ်ကြီးနားဘက်သို့ စက်ခေါင်းမောင်း ဦးခင်မောင်ကြည်နှင့် ဦးကျော်မြင့်တို့ မောင်းနှင်လာသော အမှတ် ၉၃၃ ကုန်တင်အဆန်ရထားသည် မိုးကောင်းဘူတာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ မီးရထားမိုင်တိုင် အမှတ်(၆၉၉/၆နှင့် ၆၉၉/၉)အကြားတွင် ကုန်တင်တွဲ သုံးတွဲ တိမ်းမှောက်ပြီး နှစ်တွဲမှာ လမ်းချော်ကာ တိမ်းစောင်း၍ မီးရထားသံလမ်းဆက် လေးဆက် ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါရထားတွဲ တိမ်းမှောက်ရာနေရာသို့ မိုးကောင်းဘူတာ ရုံပိုင်လေးဦး စံထွန်းသိန်း၊ မိုးကောင်းမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး ရွှေရွှေဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မီးရထား ရဲတပ်ကြပ်ကြီး ရဲမင်းနှင့် တပ်ဖွဲ့ဝင်များ၊ မိုးကောင်းမီးသတ်တပ်ဖွဲ့ဝင်များ၊ မိုးညှင်းနှင့် မြစ်ကြီးနားမြို့တို့မှ ကရိန်းများ လာရောက်ကာ မီးရထားလမ်းပိုင်းများ အချိန်မီပြန်လည်ကောင်းမွန်ရေးနှင့် ရထားများ အချိန်မီထွက်ခွာနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မြစ်ကြီးနားလမ်းပိုင်းမှ ရထားစီးခရီးသည်များနှင့် မန္တလေးလမ်းပိုင်းမှ ရထားစီး ခရီးသည်များအား ရထားချိန်ပြောင်း၍ ထွက်ခွာပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မူဆယ်မြို့၌ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ၊ ပြစ်မှုကျူးလွန်သူတစ်ဦးအား ဖမ်းဆီး

**မူဆယ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် မူဆယ်မြို့ကောင်းနောင်ရပ်ကွက်ရှိ မြို့မအပေါင်ဆိုင်မှ အစောင့်နှစ်ဦးအား ဒီဇင်ဘာ ၂၁ ရက်တွင် လူသုံးဦးက သေနတ်ဖြင့် ပစ်ခတ်သဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးအား ဖမ်းဆီးရမိထားကြောင်း သိရသည်။

ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် ကောင်းနောင်ရပ်ကွက်ရှိ မြို့မအပေါင်ဆိုင်(၃)ရှေ့သို့ မော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသား သုံးဦး ရောက်ရှိလာပြီး ကျင်ငယ်စွန့်နေသဖြင့် အပေါင်ဆိုင်အစောင့် တာဝန်ကျ ရန်ရင်ချန်း(၂၀ နှစ်)က အပေါင်ဆိုင်ရှေ့တွင် ကျင်ငယ်မစွန့်ရန်တားမြစ်ရာမှ စကားများပြီး ၎င်းအမျိုးသားသုံးဦးက မကျေမနပ်ဖြစ်ကာ ရန်ရင်ချန်းအား "ပြန်လာခဲ့မယ် စောင့်နေ"ဟု ပြောဆို၍ ထွက်ခွာသွားခဲ့ကြောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ၎င်းတို့သုံးဦးသည် ဆိုင်ကယ်ဖြင့် ထပ်မံရောက်ရှိလာပြီး ရန်ရင်ချန်းနှင့် အစောင့်တစ်ဦးဖြစ်သူ အိုက်အောင် (၁၈နှစ်) တို့အား သေနတ်ဖြင့် ပစ်ခတ်ကာ ဆိုင်ကယ်ဖြင့်ထွက်ပြေးသွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ရန်ရင်ချန်းတွင် ဝဲ၊ ယာချိုင်းအောက် သေနတ်ဒဏ်ရာ နှစ်ချက်၊ ဝဲလက်မောင်းသေနတ် ဒဏ်ရာနှစ်ချက်နှင့် အိုက်အောင်တွင် ယာပေါင် သေနတ်ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် မူဆယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ရင်ချန်းမှာ ရရှိဒဏ်ရာဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့်ပစ်ခဲ့သူ အမျိုးသား သုံးဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့ရာ ညနေ ၅ နာရီခွဲတွင် ပြစ်မှုကျူးလွန်ခဲ့သူများအနက်မှ လားရှိုးမြို့နယ်နေ မျိုးအောင်(၃၄ နှစ်)အား မော်တော်ယာဉ်နှင့်အတူ မူဆယ်မြို့ တောင်ရပ်ကွက်အတွင်း ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ကျန်ပြစ်မှုကျူးလွန်သူ နှစ်ဦးမှာ မန်းကျော်ဟိန်းနှင့် အားဟုပ်တို့ ဖြစ်သည်ဟု သိရကြောင်း၊ ပြစ်မှုကျူးလွန်သူများထွက်ပြေးစဉ် ပြုတ်ကျကျန်ခဲ့သည့် ပစ္စတို Glock အမျိုးအစား ၉ မမ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည်တစ်တောင့်၊ ယင်းကျည်ခွံခုနစ်ခုတို့အား မူဆယ်မြို့မရဲစခန်းက သိမ်းဆည်းထားကြောင်းနှင့် မန်းကျော်ဟိန်းနှင့် အားဟုပ်တို့နှစ်ဦးအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၀၅)မိုင် လုံထိန်းပြည်သူ့စစ် တပ်စခန်းကုန်းသို့ အမည်မသိ လက်နက်ကိုင်အဖွဲ့အစည်းက လာရောက်ပစ်ခတ်

**မူဆယ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲခန့်က အမည်မသိလက်နက်ကိုင် အဖွဲ့အစည်းမှ လက်နက်ငယ်များဖြင့် လုံထိန်းပြည်သူ့စစ်တပ်စခန်းကုန်းအား လာရောက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ရက်က မိုင်းယု(၁၀၅)မိုင်နယ်မြေအတွင်းရှိ ဘုရားကုန်းအနီး လုံထိန်းပြည်သူ့စစ်စခန်းကုန်းတွင် တပ်သားနိုင်လင်း ကင်းတာဝန်ထမ်းဆောင်နေစဉ် ဒီဇင်ဘာ ၂၂ ရက် နံနက်၄ နာရီခွဲ၌ စခန်းကုန်း တောင်ခြေအနီး မသင်္ကာဖွယ်ရာတွေ့ရှိခဲ့၍ ဓာတ်မီးဖြင့် ထိုးကြည့်ခဲ့ရာ အမည်မသိအဖွဲ့အစည်းက သေနတ်တစ်ချက်စတင်ပစ်ခတ်ခဲ့သောကြောင့် နှစ်ဖက်အပြန်အလှန်ပစ်ခတ်ခဲ့ပြီး အဆိုပါအမည်မသိလက်နက်ကိုင်အဖွဲ့သည် အရှေ့တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်းသိရ၍ နယ်မြေခံတပ်မတော်က လိုက်လံရှင်းလင်းနေကြောင်း သိရသည်။ ပစ်ခတ်မှုကြောင့် လုံထိန်းပြည်သူ့စစ်တပ်ဖွဲ့ဝင် နိုင်လင်း၏ ဝဲဘက်လက်မောင်းအင်္ကျီ ကျည်ဖောက်ထွက်ပြီး လူထိခိုက်မှုမရှိကြောင်းနှင့် လာရောက်ပစ်ခတ်သည့် အဖွဲ့အစည်းမှာ မည်သည့်အဖွဲ့အစည်းဖြစ်ကြောင်း ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ဟသ်ာတ ရွှေခြသေ့် ဓာတ်ဆီ ဒီဇယ်ဆီအရောင်းဆိုင်၌ ဗုံးအတုထားရှိပြီး ဆိုင်ရှင်အား ဖုန်းဆက်ခြိမ်းခြောက်ငွေတောင်းမှုဖြစ်ပွား

**ဟသ်ာတ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ သုံးပင်ကွင်းရပ်ကွက် အင်္ဂပိုလမ်းရှိ ရွှေခြသေ့်ဓာတ်ဆီ၊ ဒီဇယ်ဆီအရောင်းဆိုင် ဆိုင်ထောင့် ဆိုင်းဘုတ်အောက်၌ ဗုံးဟု ယူဆရသည့် အရာဝတ္ထုတစ်ခုထားရှိပြီး ဆိုင်ရှင်ဖြစ်သူအား ခြိမ်းခြောက်ငွေတောင်းယူမှုတစ်ခု ဒီဇင်ဘာ ၂၀ ရက် ညနေရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေခြသေ့်ဆီဆိုင် ကြိုးဖုန်းနံပါတ်သို့ ပြစ်မှုကျူးလွန်သူများက ပိုင်ရှင်ဖြစ်သူ၏ ဖုန်းနံပါတ်တောင်းယူပြီး ရွှေခြသေ့်ဆီဆိုင် ဆိုင်ထောင့်ဆိုင်းဘုတ်အောက်၌ ဗုံးတစ်လုံးထောင်ထားကြောင်း၊ ဆိုင်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိလိုလျှင်ငွေကျပ်သိန်း ၂၀၀ ပေးရန် ပြောကြောင်း၊ မပေးပါက ဗုံးအားခွဲပစ်မည်ဟု ဖုန်းဆက်အကြောင်းကြား ခြိမ်းခြောက်လာမှုကြောင့် ဟသ်ာတမြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း ဆိုင်ရှင်မိသားစု၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာသို့ ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုရဲမှူးကြီး ဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးခင်မောင်ညီနှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ပြီး ဗုံးဟုယူဆရသည့်အရာအား စစ်ဆေးခဲ့ရာတွင် VLANT အမျိုးအစား လက်ကိုင်ဖုန်း၊ 4V ဘက်ထရီခြောက်နှင့် ဝိုင်ယာကြိုးနှစ်ချောင်းအား တိတ်ဖြင့် ပတ်လျက် ပလတ်စတစ်အိတ်တွင် ထည့်ထားသည့် ပစ္စည်းအား စစ်ဆေးတွေ့ရှိ၍ ဖြုတ်သိမ်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

"တာဝန်ရှိသူတွေ ပါဝင်တဲ့အဖွဲ့ သွားရောက်စစ်ခဲ့ပြီးဖြစ်ပါတယ်၊ ဗုံးအတုဖြစ်ပါတယ်၊ တကယ်တော့ ဒီဗုံးအတုကို အကြောင်းပြပြီး ဆိုင်ရှင်ထံက ငွေကြေးတစ်စုံတစ်ရာ တောင်းခံသည့်သဘောဖြစ်ကြောင်း၊ ပြည်သူတွေအနေနဲ့ အထိတ်တလန့် မဖြစ်ကြရန်နှင့် မစိုးရိမ်ကြရန်"ဟု ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဟသ်ာတမြို့မ ရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးနှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ပင်လယ်ပြင်တွင် မျောပါသွားသော ကျားဖောင် ၁၃ ဖောင်နှင့် လူ ၃၉ ဦးအား ပြန်လည်တွေ့ရှိ

**အမာ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ ခါးပြတ်ကျေးရွာမှ ကျားဖောင် ၁၃ ဖောင်နှင့် အလုပ်သမား ၃၉ ဦးကို ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းနှင့် ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းက ပြန်လည်တွေ့ရှိကာ ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကျေးရွာနယ်မြေမှူး ဦးဌေးဝင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် အရှေ့ဘက်မှလာသော လေပြင်းတိုက်ခတ်မှုကြောင့် ခါးပြတ်ကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်နေသော ဦးအောင်ခင် (ခ)အညာသား (ရွှေစင်ဖြိုး-အလုပ်ရုံ) ပိုင်ဆိုင်သည့် ကျားဖောင် ၁၃ ဖောင်နှင့်အလုပ်သမား ၃၉ ဦးတို့ ကြိုးပြတ်ပြီး ပင်လယ်ထဲမျောပါသွားကြောင်း သိရှိသည်နှင့်ခါးပြတ်ကျေးရွာမှ တာဝန်ရှိသူများနှင့် ရေလုပ်ငန်းရှင် အသင်းမှတာဝန်ရှိသူများက ပင်လယ်ပြင် တွင် သင်္ဘောများဖြင့် ဝိုင်းဝန်းရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် ဒီဇင်ဘာ ၂၁ ရက် ညနေ ၆ နာရီ ၅၅ မိနစ်က ကျားဖောင် ခုနစ်ဖောင်နှင့် လူ ၂၁ ဦး အား ပြန်လည်တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကျန်ရှိနေသော ကျားဖောင် ခြောက်ဖောင်နှင့် လူ ၁၈ ဦးအား တွေ့ရှိကယ်ဆယ်နိုင်ခဲ့ပြီး ယခုအခါကြိုးပြတ်မျောနေသော ကျားဖောင် ၁၃ ဖောင်နှင့် လူ ၃၉ ဦးကို ပြန်လည်တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## မြောင်းမြမြို့ အမှိုက်ပုံမှ ဦးခေါင်းပြတ်တွေ့ရှိသည့် သတင်းမှာ သတင်းအမှားသာဖြစ်

**မြောင်းမြ ဒီဇင်ဘာ ၂၂**

လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော မြောင်းမြမြို့ မြရတနာရပ်ကွက် အမှိုက်ပုံတွင် လူဦးခေါင်းပြတ်တွေ့ရှိသည်ဆိုသည့် သတင်းမှာ သတင်းအမှား တစ်ခုသာဖြစ်ကြောင်း မြရတနာရပ်ကွက် အုပ်ချုပ်ရေးမှူး ဒေါ်ခင်ဇင်ဇင်ထွန်းက အတည်ပြုပြောကြားခဲ့သည်။

လူမှုကွန်ရက်တွင် Thank Zaw Oo အကောင့်မှ ရက်စက်စွာ သတ်ဖြတ်ပြီး စွန့်ပစ်သွားသော လူခေါင်းပြတ်ကြီးအား အမှိုက်ပုံထဲတွင် တွေ့ရှိသည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထိုသို့ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လူမှုကွန်ရက်သတင်းတွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၈နာရီတွင် လူတစ်စုက လူခေါင်းပြတ်ကြီးအား မြောင်းမြမြို့မြရတနာ ရပ်ကွက်ရှိ ထွန်းနေရောင် ဆန်စက်အနီး၌ စွန့်ပစ်ခဲ့ခြင်းဖြစ်သည်ဟု သိရကြောင်း၊ အဆိုပါ ခေါင်းပြတ်ကြီးကို မြရတနာရပ်ကွက်နေ မအေးမိသူက အမှိုက်လာရောက်စွန့်ပစ်ရင်း တွေ့ရှိရကြောင်း၊ ထိုသို့တွေ့ရှိရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားခဲ့ကြောင်းနှင့် စွန့်ပစ်ခံရသူ အလောင်းကိုလည်း ရဲတပ်ဖွဲ့က စုံစမ်း ဖော်ထုတ်နေကြောင်းပါရှိသည်။

မြောင်းမြမြို့မရဲစခန်းက အဆိုပါ ရာဇဝတ်မှုမျိုး မြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့ခြင်း မရှိသကဲ့သို့ လာရောက်တိုင်ကြားခြင်းမျိုးလည်းမရှိကြောင်း မြို့နယ်စခန်းမှူး ဒုရဲမှူး အောင်ဇော်မင်းထံမှ သိရသည်။

**အောင်မင်း (မြောင်းမြ)**

## ပေါ့ဆမီးကြောင့် နေအိမ်နှစ်လုံးနှင့် စပါးကျီသုံးလုံးမီးလောင်မှုဖြစ်

**ပန်းတောင်း ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀နာရီက နေအိမ်၌ ထမင်း၊ ဟင်းချက်ရာမှ မီးဖိုခန်းမှစတင်မီးလောင်ခဲ့ရာ အခြားနေအိမ်တစ်လုံးနှင့် စပါးကျီသုံးလုံးတို့ ကူးစက်လောင်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်က ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာနေ ဦးအောင်ကိုဝင်းသည် လယ်ထဲသို့ သွားနေပြီး ဇနီးဖြစ်သူ ကြည်ကြည်ခိုင်မှာ နေအိမ်၌ ထမင်း၊ ဟင်းချက်ပြုတ်ရာမှ ပေါ့ဆမှုကြောင့် မီးဖိုခန်းမှတစ်ဆင့် နေအိမ်ကို မီးကူးစက်လောင်သဖြင့် လေးပင်သစ်တိုင်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာခြေတန်ရှည်အိမ် တစ်လုံးနှင့် သုံးပင်သစ်တိုင် ထရံကာ စပါးကျီတစ်လုံး၊ ကပ်လျက်ရှိသည့် ဦးရွှေကြူးပိုင် သစ်တိုင်၊ အုပ်ညှပ်၊ နှစ်ထပ်တိုက်တစ်လုံးနှင့် သွပ်မိုး၊ ပျဉ်ကာစပါးကျီတစ်လုံး၊ နွားတင်းကုတ်တစ်လုံးကပ်လျက်ရှိသည့် ဒေါ်သန်းဝင်းပိုင် သွပ်မိုး၊ ပျဉ်ကာစပါးကျီတစ်လုံးတို့ မီးလောင်ခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူး၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာသားများက မီးသတ်ယာဉ် ၁၀ စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းနိုင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးအားပေါ့ဆစွာ သုံးစွဲသူ ဦးအောင်ကိုဝင်းအား ပန်းတောင်းမြို့မရဲစခန်းမှ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့်စားသုံးကုန်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ်၁ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၇ စီး ၊ သွင်းကုန် ၁၁၂၄ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး ၊ သွင်းကုန် ၁၄၆စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၄၄၀ သန်းခန့်၊မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၃၇ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၇၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၁ ရက်က မန္တလေးသို့သွားရောက်မည့် Nissan ၂၂ ဘီးယာဉ်တစ်စီး၊ Nissan ၁၂ ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့်စားသုံးကုန်ပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅၀၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်ချုပ်ဆိုပွဲနှင့် သတင်းစာရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ် ချုပ်ဆိုပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှငွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှငွေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး၊ KBZ Bank Deputy Managing Director ဒေါ်သီတာအေးမွန်တို့က စပွန်ဆာစာချုပ် ချုပ်ဆိုသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Title Sponsor အဖြစ် ပံ့ပိုးကူညီသည့် KBZ Bank အား မြန်မာအသင်းဂျာစီ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှငွေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်ဇော်တို့က Title Sponsor အဖြစ် ပံ့ပိုးကူညီသည့် KBZ Bank၊ Co-Sponsor များဖြစ်သည့် Win & San Diamond & Fine Jewelery၊ Fortune Company၊ Super Power၊ New Star Gold Smith၊ Htay Family၊ Fresh Aircon & Zeya Association၊ Wa Min Company၊ Shwe Mandalay Express နှင့် Loi Hein Company Limited (Shark) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှငွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။




၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲကို အသင်းရှစ်သင်းဖြင့် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကာ လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံ၊ ဂန္ဓမာ၊ YREO၊ တက္ကသိုလ်နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကိုနှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး KBZ Bank သည် နှစ်ရာသီ ဆက်တိုက် Title Sponsor အဖြစ် ပံ့ပိုးကူညီခြင်းဖြစ်ကာ ငွေကျပ် သိန်း ၃၀၀၀ ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွှန့်**

# မြန်မာ-ထိုင်း-ဥဇဘက်ကစ္စတန် နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်

**မုဒုံ ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာအနီး ရတနာတောင်စောင်းပေါ်၌တည်ထား ကိုးကွယ်သော အတောင် ၄၀၀ ပြည့် ဖိရှသုခရန်အောင်ချမ်းသာလျောင်းတော်မူကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် အဆိုပါ ရုပ်ပွားတော်ကြီးကို တည်ထားတော်မူခဲ့သော ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့သည့် ဝင်းစိန်တောရ ဆရာတော်ဘုရားကြီး၏ သက်တော် ၉၇ နှစ် မွေးနေ့ ပူဇာသဘင်အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင် ဝင်းစိန်တောရကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ဝင်ကြေးမှာ ငွေကျပ် ၈၀၀၀နှင့် ၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

၁၀-၁-၂၀၁၈ ရက်တွင် စောမိုက်ရိုင်း(ရွှေဖူး)နှင့် ရန်နိုင်ထွန်း(သုံးပန်လှ)၊ သိန်း ၂၀ တန် အောင်လံလုပွဲ လေးဦး ဒေါင်းဖြူလေး (Adventure) နှင့် ထူးနေသူ (တောင်ကလေး)၊ သီဟမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ဆန်းထူးအောင် (သုံးပန်လှ)တွဲဆိုင်းများနှင့် သုံးချီ၊ လေးချီတွဲဆိုင်းများ ပါဝင်မည်ဖြစ်သည်။

၁၁-၁-၂၀၁၈ ရက်တွင် စောဂေါ်မူတို(သတ္တိ)နှင့် တူတာပို(ဥဇဘက်ကစ္စတန်)၊ သွေးသစ်အောင် (သုံးပန်လှ) နှင့် ဖွာဆိုလ(ထိုင်း) တွဲဆိုင်းများနှင့်ရံမယ်ကြီး သုံးချီ၊ လေးချီတွဲဆိုင်းများပါဝင်မည်။

၁၂-၁-၂၀၁၈ ရက်တွင် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ဝီဂျစ်(ခ)ပါရောစမွေ(ထိုင်း)၊ ၂၀၁၆ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(တောင်ကလေး)နှင့် တိုလာဘေး (ဥဇဘက်ကစ္စတန်)၊ စောလွမ်းချိုင်း (Adevnture) နှင့် ရဲဝင်း (တောင်ကလေး) တွဲဆိုင်းများအပြင် သိန်း ၂၀ တန် အောင်လံဗိုလ်လုပွဲနှင့် သုံးချီ၊ လေးချီ အထူးတွဲဆိုင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၁၀ရက်မှ ၁၂ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## နိုင်ငံတကာဘောလုံးအပြောင်းအရွှေ့ သတင်းတိုများ

- အင်တာမီလန်အသင်းသည် ဇန်နဝါရီလတွင် မန်ယူကွင်းလယ်ကစားသမား အမ်မီခီတာရန်ကို အငှားဖြင့်ခေါ်ယူရန်မျက်စိကျနေသော်လည်း အီတလီသတင်းစာတစ်ခုဖြစ်သော La Gazzetta dello Sport ၏ အဆိုအရ ၎င်းကို နွေရာသီတွင် အပြီးသတ်ခေါ်ယူရန် အတည်မပြုနိုင်သေးကြောင်း ဖော်ပြထားသည်။
- မန်စီးတီးအသင်းသည် အေစီမီလန်အသင်းတွင် ပျော်ရွှင်မှုမရှိ သော အသက် (၃၀ နှစ်) အရွယ် ဘိုနူချီ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း အီတလီဘက်မှလာသော သတင်းများအရ သိရသည်။
- မန်စီးတီးအသင်းသည် ဘာစီလိုနာနှင့် စပိန်ကွင်းလယ်ကစားသမား ဆာဂျီယို ဘတ်စ်ကွက်စ် (၂၉နှစ်) ကို ပေါင်သန်း ၅၀ ဖြင့် ယာယာတိုရေးနေရာအား အစားထိုးရန် လျာထားကြောင်း ဒေးလီးစတားအရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ဆွမ်ဆီးအသင်း၏ အသက် (၂၃ နှစ်)အရွယ် ဗဟိုခံစစ်ကစားသမား အယ်လ်ဖီ မော်ဆန်ကို ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း ဂါးဒီးယန်းတွင် ဖော်ပြထားသည်။
- နိုက်စ်တိုက်စစ်မှူး မာရီယို ဘာလော့တယ်လီ (၂၇ နှစ်) သည် အသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး မန်စီးတီးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့သွားနိုင်ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြထားသည်။
- ချယ်လ်ဆီးနည်းပြ ကွန်တီသည် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် ၎င်း၏ ကစားသမားစာရင်းအတွက် တိုက်စစ်မှူးတစ်ဦးအား အားဖြည့်ခေါ်ယူရန် လိုလားလျက်ရှိကြောင်း အင်ဒီပင်းဒန့်တွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်း၏ အသက် (၂၂ နှစ်) အရွယ် တောင်ပံကစားသမား ဂျိုစ့်အားနက်ဇ်အား ပေါင် ၁၇ ဒသမ ၇ သန်းဖြင့် ခေါ်ယူရန် စဉ်းစားနေကြောင်း မာကာဒေ့ါကွန်းတွင် ဖော်ပြထားသည်။
- နီကိုလပ်စ် ဂိုင်တန် (၂၉နှစ်) သည် ပရီမီယာလိဂ်ကလပ်များက ၎င်းအား ခေါ်ယူချင်နေသည့်အတွက် ဇန်နဝါရီလတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ ထွက်ခွာသွားနိုင်ကြောင်း ၎င်း၏ အေးဂျင့်က ပြောသည်။
- ဝက်စ်ဘရွန်းအသင်းခေါင်းဆောင် ဂျွန်နီ အီဗန့်စ်သည် ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် အဆင်မပြေသောကြောင့် ဇန်နဝါရီလတွင် အသင်းမှ ထွက်ခွာသွားနိုင်ကြောင်း ဘီဘီစီတွင် ဖော်ပြထားသည်။ မန်စီးတီး၊ အာဆင်နယ်နှင့် လက်စတာစီးတီးအသင်းတို့က အဆိုပါ ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်းလည်း ဖော်ပြထားသည်။

**ဇော်ဇော်**


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဖြူးမြို့နယ်တရားရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇

ဦးခင်မောင်လတ် **နှင့်** ဒေါ်စုစုလှိုင်
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ သပြေတန်းကျေးရွာနေ ဒေါ်စုစုလှိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်လတ်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပွင့်ဖြူဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဖြူးမြို့နယ်တရားရုံး**

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်
### ၂၀၁၇ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၀

ဦးဘီဆင်း(ခ)ဦးဘီမဆင်း ပါ-၃ **နှင့်** ဒေါ်မာရီဝေ ပါ-၂
**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

ဒေါ်ဘူနူး(ခ)မပူနာမီး အိမ်အမှတ် ၈/၄၊ တိုက်တန်းလမ်း၊ မြို့မအရှေ့ရပ်ကွက်၊ မိုးကုတ်မြို့နေသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဦးဘီဆင်း(ခ)ဦးဘီမဆင်း ပါ-၃ဦးမှ ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈(၁)အရ တရားရုံးမပိုင်သော မြေနှင့်အိမ် ဝရမ်းကပ်ခြင်းကို ခွာပေးရန် လျှောက်ထားခြင်းဆိုသည့်အကြောင်းနှင့် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၂၇ရက် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

### ပဲခူးတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ် ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင် ကျင်းပရေးကော်မတီက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနား ၌ ဘွဲ့နှင်းသဘင်ခန်းမ (အတွင်း+အပြင်)ဓာတ်ပုံမှတ်တမ်းရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို ၂၀-၁၂-၂၀၁၇ရက်မှ စတင်၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်းတစ်စောင်လျှင် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ဖြင့် ဌာနမှူး(ဘဏ္ဍာ)ရုံးခန်းတွင် မိမိတို့လုပ်ကိုင်လျက်ရှိသည့် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၂၉-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလျှောက်လွှာ တစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ပဲခူးတက္ကသိုလ်ဓာတ်ပုံတင်ဒါခေါ်ယူစိစစ်ရေးကော်မတီသို့ လာရောက်တင်သွင်းရမည်။ ၂၉-၁၂-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် စိစစ်ရွေးချယ်မည် ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၃၀၀၀၊ ၀၅၂-၂၂၃၀၁၆၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပဲခူးတက္ကသိုလ်**

### Air-Con အဟောင်း၊ အပျက်များ
ဈေးကောင်း ပေးဝယ်သည်။
ကိုမောင်မောင်တင်
**ဖုန်း-၀၉-၇၃၀၈၅၉၅၀**
**၀၉-၇၆၅၀၈၅၈၅၀**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပုသိမ်မြို့၊ အမှတ်(၃)နယ်မြေ၊ ကိုးသိန်းရဲဝင်းနေ မနီလာထွန်း ၁၄/ပသန (နိုင်)၁၅၄၉၄၇ ၏ ဖခင် ဦးစန်းထွန်း(ခ)ဦးဆန်းထွန်း ၁၄/ပသန (နိုင်)၀၂၀၂၃၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
မင်းပြားမြို့၊ ပြည်တော်လှရပ်ကွက်နေ ဦးကျော်ကျော်မိုး၏သမီး မခင်စန္ဒာပျော်၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်အရ ၅-၄-၁၉၉၅ ဖြစ်ပါကြောင်း။

### ဥယျာဉ်ခြံမြေ ရောင်းပါမည်
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်း ရန်ကုန်-ပြည်-ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဥယျာဉ်ခြံမြေ ၈၉ဧက တစ်ဆက်စပ်ထဲ ရောင်းပါမည်။ တစ်ဧက ၂၅ သိန်း ဥယျာဉ်ခြံ ပုံစံ(၇)၊ ပုံစံ ၁၀၅ကျပြီး
ဖုန်း-၀၉-၄၂၃၆၆၁၉၃၇၊ ၀၉-၉၆၄၅၆၁၉၃၇

### မိဘအမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ အထက(၁) စတုတ္ထတန်းမှ မောင်ပုညအောင်၏ မိဘအမည်မှန်မှာ ဦးသန်းထွန်း-ဒေါ်နှင်းရွှေ ဖြစ်ပါကြောင်း။
**ဦးသန်းထွန်း-ဒေါ်နှင်းရွှေ**

### အမြန်ဆက်သွယ်ပါရန်
မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်တိုက်နယ်၊ တရုတ်တန်းရပ်တွင် နေထိုင်သော ကိုတင်ခိုင် ၉/အမရ(နိုင်)၀၀၇၄၉၂ သည် နေအိမ်မှ ထွက်ခွာသွားသည်မှာ ခြောက်နှစ်ခန့် ကြာပြီဖြစ်ပါ၍ မိဘဆွေမျိုးများနှင့် အမြန်ဆက်သွယ်မှုပြုပါရန် အကြောင်းကြားအပ်ပါသည်။
**အစ်မ - ဒေါ်ရီရီမြင့်**
**၉/အမရ(နိုင်)၀၀၇၄၉၃**
**ဖုန်း-၀၉-၃၃၀၅၅၅၉၄**

### ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ် ၃၄၉/A၊ မြေကွက်တည်နေရာအမှတ် (၂၃၃)၊ဝေဇယန္တာလမ်းနှင့် (၁၂)လမ်းထောင့်၊(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအုန်းလှိုင် ၁၂/ဥကတ(နိုင်)၀၄၆၆၉၁၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးအုန်းလှိုင်(ခင်ပွန်း)သည် ၁၅-၉-၁၉၉၈ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်တင် ၁၂/ဥကတ(နိုင်)၀၀၅၀၈၈မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ကျမ်းကျိန်သူအရာရှိ ဦးနန္ဒမျိုး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၈/၅၉၅/၂၈-၈-၂၀၁၇ရက်၊ သေစာရင်းနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်နှင့် အရောင်းမြေပုံကူးလျှောက်ထားမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်နံကပ်အဆောက်အအုံတွင် လျှောက်ထားသူ ဒေါ်တင်ကိုယ်တိုင်နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါပိုင်ဆိုင်နှင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရွှေပြည်သာမြို့နယ်ရှိ Sq-ft 168000 နှင့် Sq-ft 100000 အကျယ်ရှိသော စက်ရုံနှစ်လုံးနှင့်
ပဲခူးမြို့နယ်ရှိ Sq-ft 200000 နှင့် Sq-ft 60000 အကျယ်ရှိသော စက်ရုံနှစ်လုံးငှားရန် ရှိပါသည်။
**ဖုန်း-၀၉-၃၁၆၅၆၄၀၇၊ ၀၉-၄၂၉၉၇၈၆၅၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၆ယ/၄၂၇၆၀ယာဉ်လက်ဝယ်ရှိသူ ဦးစောလှဖုန်း ၁၄/မအပ(နိုင်)၀၂၁၄၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မအူပင်)**

### ကန့်ကွက်နိုင်ပါကြောင်း
ဦးကြည်ကိုလွင် ၁၂/သကတ(နိုင်)၁၂၆၀၁၈ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၁၂ဟုခေါ်တွင်သော ဦးနီ အမည်ပေါက် အလျားပေ ၄၀× အနံပေ ၆၀ ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ကျွန်မ ဒေါ်ချိုတူး ၁/မကတ(နိုင်)၀၁၂၂၉၂ က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ အားပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်ချိုတူး**
**ဖုန်း-၀၉-၉၆၅၁၆၄၅၆၅**

# မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုအသစ်များ ပြုလုပ်ရန်အတွက် လုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်မည်

**ဂျီနီဗာ ဒီဇင်ဘာ ၂၂**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားက နောက်ဆုံးပြုလုပ်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခဲ့မှုအပေါ် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုတင်းကျပ်သည့် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက် အမေရိကန်က မူကြမ်းရေးဆွဲခဲ့သည့်ဆုံးဖြတ်ချက်ကို သောကြာနေ့တွင် မဲခွဲဆုံးဖြတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆုံးဖြတ်ချက်မူကြမ်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ တစ်နှစ်လျှင်ရေနံစည်ပေါင်း ၅၀၀၀၀၀ ကန့်သတ်လိုက်ခြင်းဖြင့် ရေနံထွက်ကုန်တင်ပို့မှု ၉၀ ရာခိုင်နှုန်းကို ပိတ်ပင်သွားရန် ရေးဆွဲထားပြီး ၁၂ လအတွင်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြောက်ကိုရီးယားနိုင်ငံသားများကို နေရပ်ပြန်ပို့ရန် တောင်းဆိုထားသည်။

ဆုံးဖြတ်ချက်မူကြမ်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ ရေနံစိမ်းပေးပို့မှုကိုလည်း တစ်နှစ်လျှင် ရေနံစည် လေးသန်းအထိ ကန့်သတ်သွားမည်ဖြစ်သည်။အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံက ၎င်း၏ရေနံကို ၎င်း၏ အိမ်နီးချင်းမဟာမိတ်နိုင်ငံသို့ ပေးပို့နေမှုကို ကန့်သတ်ရန် တောင်းဆိုထားသည်။

ယင်းဆုံးဖြတ်ချက်မူကြမ်းကို ကြာသပတေးနေ့တွင် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံသို့ ဖြန့်ဝေအကြောင်းကြားခဲ့သည်။ မဲခွဲဆုံးဖြတ်မှုတွင် တရုတ်နိုင်ငံ အနေဖြင့် မည်ကဲ့သို့ မဲပေးသွားမည်ကို ခန့်မှန်းနိုင်ခြင်း မရှိသေးပေ။မြောက်ကိုရီးယားအပေါ် ချမှတ်ရန် ရေးဆွဲထားသည့် ဥပဒေမူကြမ်းသည် ပေကျင်းနှင့်ဝါရှင်တန်၏ သဘောတူညီမှုမရရှိမီအထိ အဖွဲ့ဝင်များ အားလုံးထံသို့ ဖြန့်ဝေခြင်း မရှိခဲ့ပေ။

အမေရိကန်သည် အရေးယူပိတ်ဆို့မှုဆုံးဖြတ်ချက်မူကြမ်းနှင့်ပတ်သက်၍ ပြီးခဲ့သည့် ရက်သတ္တပတ်လုံးညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့သည်ဟု သံတမန်များက ပြောကြားသည်။ အကယ်၍ အတည်ပြုနိုင်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များအပေါ် ၂၀၀၆ ခုနှစ်ကတည်းက အရေးယူပိတ်ဆို့မှုများ ပြုလုပ်လာခဲ့သည့်အနက် အရေးယူပိတ်ဆို့မှုအသစ်များချမှတ်လိုက်သည့် ၁၀ ကြိမ်မြောက်ဆုံးဖြတ်ချက် ဖြစ်လာမည်ဖြစ်သည်။

**ရိုက်တာ**



စက်တင်ဘာလအတွင်းက ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပခဲ့စဉ်။

## တောင်ကိုရီးယား၌ အဆောက်အအုံတစ်လုံး မီးလောင်မှုကြောင့် သေဆုံးသူ ၂၉ ဦးအထိ မြင့်တက်လာ



**ဆိုးလ် ဒီဇင်ဘာ ၂၂**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း၌ ယမန်နေ့က လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၉ ဦးအထိ ရှိလာကြောင်း ပြည်တွင်းမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

မီးလောင်မှုသည် မြို့တော် ဆိုးလ်မြို့ အရှေ့တောင်ဘက် ၁၇၀ ကီလိုမီတာခန့်အကွာရှိ မြောက်ပိုင်းချန်ဂျီယွန်ပြည်နယ် ဂျီချန်ယွန်မြို့ရှိ ရှစ်ထပ်မြင့်အဆောက်အအုံတစ်လုံးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကိုယ်ကာယလေ့ကျင့်ရေးစင်တာ မီးလောင်မှုကြောင့် ယင်းအဆောက်အအုံ၏ ဒုတိယထပ်နှင့် တတိယထပ်များတွင် ချွေးထုတ်နေသူများ အခန်းတွင်း ပိတ်မိသေဆုံးခဲ့ကြောင်း သိရသည်။ မီးခိုးများကြောင့် အသက်ရှူကျပ်သူ ၂၆ ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆောက်အအုံ ပထမထပ်ရှိ ကားပါကင်နေရာတွင် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၅၃ မိနစ်တွင် စတင်မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်ပြီးနောက်ပိုင်းတွင် အဆောက်အအုံတစ်ခုလုံးသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် မီးငြိမ်းသတ်ရန် မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ မီးသတ်ကား အစီး ၅၀၊ မီးသတ်ဝန်ထမ်း ၆၀ နှင့် ရဟတ်ယာဉ် နှစ်စင်းတို့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးကို ယမန်နေ့ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ်၄၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပြီး နောက်ပိုင်းတွင် အလောင်းများကို ထပ်မံတွေ့ရှိခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## ကတ်တလိုနီးယား ခွဲထွက်ရေးပါတီများ မဲအများစုဖြင့် အနိုင်ရဖွယ်ရှိ

**ကတ်တလိုနီးယား ဒီဇင်ဘာ ၂၂**

ကြာသပတေးနေ့တွင် ကျင်းပခဲ့သည့် ဒေသဆိုင်ရာ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲတွင် ကတ်တလိုနီးယားဒေသရှိ လွတ်လပ်ရေးကိုထောက်ခံသည့် ပါတီများသည် ရာထူးနေရာအများစု၏ ထက်ဝက်ကျော်ကို အနိုင်ရရှိဖွယ်ရှိနေကြောင်း သိရသည်။ ထွက်ပေါ်လာသည့်ရလဒ်များသည် စပိန်ဝန်ကြီးချုပ် မာရီယာနို ရာဂျွိုင်ကို အထိနာစေခဲ့သည်ကို တွေ့ရသည်။

မဲအရေအတွက်အားလုံးနီးပါးကို ရေတွက်ခဲ့ရာ ပြည်နှင်ခံထားရသည့် ကတ်တလိုနီးယားခေါင်းဆောင် Carles Puigdemont ဦးဆောင်သည့် ပါတီအပါအဝင် ခွဲထွက်ရေးပါတီ သုံးခုတို့မှာ ဒေသဆိုင်ရာ ပါလီမန်လွှတ်တော်၏ ၁၃၅နေရာအနက် ၇၀ ကိုအနိုင်ရရှိဖွယ်ရှိနေကြောင်း သိရသည်။

ကတ်တလိုနီးယား ဒေသ၏ လွတ်လပ်ရေးကို ဆန့်ကျင်သည့် ပါတီများမှာ ၅၇ နေရာကို အနိုင်ရရှိဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

စပိန်ဝန်ကြီးချုပ်ရာဂျွိုင် ဦးဆောင်သည့်ပါတီသည် သုံးနေရာအနိုင်ရရှိဖွယ်ရှိပြီး အကြိုရွေးကောက်ပွဲရလဒ်၏ သုံးပုံတစ်ပုံအောက်လျော့နည်းလျက်ရှိသည်။

ရာဂျွိုင်၏ ဗဟိုအစိုးရအဖွဲ့သည် ကတ်တလိုနီးယား ပါလီမန်လွှတ်တော်ကို တစ်ဖက်သတ်လွတ်လပ်ရေး ကြေညာခဲ့သည်ဟုဆိုကာ ဖျက်သိမ်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**






ကျူးဘားသမ္မတ ရာအူးကက်စထရို

## ကျူးဘားသမ္မတ ၂၀၁၈ ခုနှစ်တွင် ရာထူးမှ အနားယူတော့မည်

**ကျူးဘား ဒီဇင်ဘာ ၂၂**

ကျူးဘားနိုင်ငံသမ္မတ ရာအူးကက်စထရိုသည် လာမည့် ၂၀၁၈ ခုနှစ် ဧပြီလတွင် ရာထူးမှ အနားယူမည်ဖြစ်ကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။ နောင်ငါးနှစ်သက်တမ်းအတွက် နိုင်ငံ့ခေါင်းဆောင်သစ်တစ်ဦးကို ထပ်မံရွေးကောက်တင်မြှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျူးဘားသမ္မတက ၎င်းအနေဖြင့် ဒုတိယအကြိမ်မြောက် သမ္မတရာထူးသက်တမ်းနှင့် နိုင်ငံတော်နှင့် အစိုးရခေါင်းဆောင်တစ်ဦး၏ လုပ်ပိုင်ခွင့်များကို စွန့်လွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံအနေဖြင့် မကြာမီကာလအတွင်းတွင် သမ္မတသစ်တစ်ဦးကို ရရှိတော့မည် ဖြစ်သည်။ စက်တင်ဘာလက တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းလာမာကြောင့် ဖြစ်ပွားခဲ့သော ပျက်စီးဆုံးရှုံးမှုများကြောင့် လက်ရှိကျူးဘားသမ္မတ၏ လုပ်ပိုင်ခွင့်ကို ၂၀၁၈ခုနှစ် ဧပြီလမတိုင်ခင် နှစ်လတိုးမြှင့်သွားမည်ဖြစ်ကြောင်း ကျူးဘားပါလီမန်က အတည်ပြုပြောကြားခဲ့သည်။

ကတ်စထရိုအနေဖြင့် အာဏာရကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပထမအထွေထွေအတွင်းရေးမှူးအဖြစ် အနည်းဆုံး သုံးနှစ်ကျော်တည်ရှိနေမည်ဟု ခန့်မှန်းသည်။ ၎င်းသည် ၂၀၀၈ ခုနှစ်တွင် အစ်ကိုဖြစ်သူ ဖီဒယ်ကတ်စထရိုထံမှ အာဏာလွှဲပြောင်းရယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် သမ္မတအဖြစ် ထပ်မံရွေးကောက်ခံရကာ ကျူးဘားနိုင်ငံ၏ ဆိုရှယ်လစ်စနစ်ခေတ်မီလာစေရန် စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မက္ကဆီကိုနိုင်ငံတွင် သတင်းထောက်တစ်ဦး ပစ်သတ်ခံရ

**မက္ကဆီကို စီးတီး ဒီဇင်ဘာ ၂၂**

မက္ကဆီကိုနိုင်ငံတွင် သတင်းထောက်တစ်ဦး မကြာသေးမီက ပစ်သတ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ဗာရာခရုဇ်ပြည်နယ် တောင်ဘက်ပိုင်းရှိ အကာယူကန် မူလတန်းကျောင်းတွင် ပြုလုပ်သော ၎င်း၏သားပါဝင်သည့် ခရစ္စမတ်ပွဲတွင် ပစ်သတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် သေနတ်သမားများသည် ၎င်းကို ပစ်ခတ်လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရသည့် သတင်းထောက်မှာ ဂူမာရိုပီရက်ဇ် အဂီလန်ဒိုဆိုသူဖြစ်ကြောင်း၊ ၎င်းသည် တောင်ပိုင်းအသံ နေ့စဉ်သတင်းစာအတွက် မှုခင်းသတင်းများရေးသားနေသူဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းသည် ဗာရာခရုဇ်ရှိ အခြားသတင်းထောက်တစ်ဦး အသတ်ခံရမှုအတွက် တရားမျှတမှုတောင်းဆိုနေသူတစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရသည့် ပီရက်ဇ်သည် အသက် ၃၄ နှစ်ရှိပြီဖြစ်ကာ လတ်တလောတွင် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်အကြမ်းဖက်မှုများ ထူပြောရာ အကာယူကန်မြို့တော်ခန်းမအတွက် သက်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသူလည်းဖြစ်ကြောင်း သိရသည်။ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရသည့် အဆိုပါသတင်းထောက်၏ မိသားစုဝင်များကို အကာအကွယ်ပေးရန် ရဲတပ်ဖွဲ့အား ပြည်နယ်အုပ်ချုပ်ရေးမှူးက ညွှန်ကြားထားသလို ယင်းဖြစ်ရပ်ကိုလည်း အမြန်ဆုံးစုံစမ်းဖော်ထုတ်ရန် တာဝန်ပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**

### ဆာ တည်ထောင်ခြင်း ၁၈နှစ်မြောက် အခမ်းအနား မကာအိုပြည်သူ ထောင်ပေါင်းများစွာ တက်ရောက်

**မကာအို ဒီဇင်ဘာ ၂၂**

ယမန်နေ့က ကျင်းပသော မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသ (ဆာ)တည်ထောင်ခြင်း ၁၈ နှစ်မြောက်အခမ်းအနားနှင့် တရုတ်နိုင်ငံသို့ မကာအို ပြန်လည်ရောက်ရှိခြင်း ၁၈ နှစ်မြောက်အခမ်းအနားကို မကာအိုပြည်သူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံအစိုးရအနေဖြင့် မကာအိုဒေသ၏ စီးပွားရေးရလဒ်၊ စီးပွားရေးတည်ငြိမ်မှု အခြေအနေ၊ ပြည်သူ့ဘဏ္ဍာရေးကောင်းမွန်မှုနှင့် အလုပ်လက်မဲ့ နှုန်းလျှော့ချရေးများကို အကောင်းရှုမြင်ကာ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း မကာအိုအုပ်ချုပ်ရေးမှူးချုပ်ဆိုင်အွန်က မိန့်ခွန်းပြောကြားခဲ့သည်။

မကာအိုဒေသဖွံ့ဖြိုးတိုးတက်မှုသည် တစ်နိုင်ငံ၊ မူဝါဒနှစ်ခု ကျင့်သုံးခြင်း၏ အရေးပါမှုရလဒ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်ရဲ့အမျိုးသားလုံခြုံရေးမဟာဗျူဟာမှာ ချန်လှပ်ထားခြင်းခံလိုက်ရတဲ့ ရာသီဥတုပြောင်းလဲမှုအရေး

**ခြူးစန္ဒီနွေး**



လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းမှာပဲ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေး မဟာဗျူဟာအသစ်နဲ့ ပတ်သက်ပြီး ကြေညာချက်ထုတ်ပြန်ထားပါတယ်။ အဲဒီကြေညာချက်ထဲမှာ အဓိက လုံခြုံရေးပြဿနာတွေကို ဘယ်လိုစဉ်းစားထားတယ်၊ ဒီပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးထိခိုက်နိုင်တဲ့ အန္တရာယ်ပေးနိုင်တယ်ဆိုတဲ့အချက်တွေထဲမှာ သမ္မတထရန့်တစ်ယောက်ထည့်သွင်း မစဉ်းစားတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ ရာသီဥတုပြောင်းလဲမှုပါပဲ။ ယနေ့ကမ္ဘာကြီးကို ခြိမ်းခြောက်နေတဲ့အထဲမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာလည်း တစ်ခုအပါအဝင်ပါပဲ။ သမ္မတအိုဘားမားလက်ထက်ကတော့ ရာသီဥတုပြောင်းလဲမှုကိစ္စနဲ့ ပတ်သက်ပြီး အတော်လေးစိတ်ဝင်တစားဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် သမ္မတထရန့်ရဲ့ လက်ထက်တော့ ဒါဟာလုံးလုံးပြောင်းလဲလို့သွားပါပြီ။ သူဟာ ရာသီဥတုပြောင်းလဲမှုကို ခြိမ်းခြောက်မှုတစ်ရပ်လို့ကိုမသတ်မှတ်ပါဘူး။ ထရန့်အတွက် အရေးကြီးတာကတော့ စီးပွားရေး အင်အားခိုင်မာတောင့်တင်းဖို့၊ တိုးတက်ဖွံ့ဖြိုးပြီး ကြွယ်ဝချမ်းသာဖို့၊ အမေရိကန်ရဲ့အာဏာစက်ပိုမိုသက်ရောက်နိုင်ဖို့နဲ့ ပြည်ပမှာလည်း ပိုမိုလွှမ်းမိုးထားနိုင်ဖို့ ဒါတွေပဲဖြစ်ပါတယ်။ ဒါပေမယ့် ထရန့်ရဲ့အစိုးရအဖွဲ့ထဲမှာ ရာသီဥတုပြောင်းလဲမှုကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် သတ်မှတ်ထားတဲ့ လူရှားရှားပါးပါးထဲက တစ်ယောက်ကတော့ လက်ရှိကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်ပဲဖြစ်ပါတယ်။

သိပ္ပံပညာရှင်တွေ၊ နိုင်ငံရေးသမားတွေနဲ့ မဟာဗျူဟာရေးဆွဲသူတွေကတော့ ရာသီဥတုပြောင်းလဲမှုရဲ့ အန္တရာယ်ကြီးမားပုံကို နားလည်သဘောပေါက်ကြပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့်နဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပေါ်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင်စနစ်၊ နိုင်ငံတွေနဲ့၊ စီးပွားရေးတွေဟာလည်း မတည်မငြိမ် ဖြစ်ရပါတယ်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့်ပဲ ကမ္ဘာတစ်ဖက်ခြမ်းမှာ မိုးခေါင်နေပေမယ့် ကမ္ဘာတစ်ဖက်ခြမ်းမှာတော့ ရေကြီးလို့နေပါတယ်။ စိုက်ပျိုးရေးဟာလည်း အကြီးအကျယ်ထိခိုက်မယ့်အရာတစ်ခုပါပဲ။ သဘာဝဘေးအန္တရာယ်တွေဟာလည်းဆက်တိုက် ဆိုသလိုပါပဲ။ သမုဒ္ဒရာတွေပူနွေးလာမှုကြောင့်ပဲ ပိုမိုအားကောင်းပြင်းထန်တဲ့ ဟာရီကိန်းမုန်တိုင်းတွေဖြစ်ပေါ်လာတယ်။ ဝင်ရိုးစွန်းဒေသကရေခဲတွေ အရည်ပျော်ကျလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ကမ်းခြေဒေသတွေကို ခြိမ်းခြောက်လာတယ်။ အထူးသဖြင့် စစ်အခြေစိုက်စခန်းရှိတဲ့ ကမ်းရိုးတန်းဒေသတွေမှာ ခြိမ်းခြောက်မှုသဖွယ်ဖြစ်လာခဲ့တယ်။

အာတိတ်ဒေသမှာ ပူနွေးလာတယ်။ ဒါဟာ ဘာကိုဖော်ပြသလဲဆိုရင် ရေခဲပြင်အောက်မှာ မတူးဖော်ရသေးတဲ့ ရေနံတွေရှိနိုင်ပြီး ပူနွေးလာမှုကြောင့် ရေခဲတွေအရည်ပျော်လာတဲ့အခါ ဒီရေနံတွေကို တူးဖော်ဖို့လွယ်ကူလာတယ်။ ရေခဲပြင်အောက်က ရေနံတွေကိုတူးဖော်ဖို့ စိတ်ဝင်စားနေတဲ့ နိုင်ငံတွေ၊ မျက်စိကျနေတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ ဒီတော့ အမေရိကန်အနေနဲ့ ရာသီဥတုပြောင်းလဲမှုကို အမျိုးသားလုံခြုံရေးအတွက် ထည့်သွင်းစဉ်းစားဖို့ မလိုအပ်ဘူးလား။

ရာသီဥတုပြောင်းလဲမှုကို အမျိုးသားလုံခြုံရေးအဆင့်မှာ ထည့်သွင်းမစဉ်းစားတာဟာ သမ္မတထရန့်ရဲ့ မိုက်မဲမှုတစ်ခုလား။ ထရန့်ကတော့ သူသမ္မတလောင်းဘဝကတည်းက ရာသီဥတုပြောင်းလဲမှုဆိုတာကို စိတ်မဝင်စားပါဘူး။ သမ္မတအိုဘားမားတုန်းကတော့ သူ့ရဲ့ လုံခြုံရေးမဟာဗျူဟာမှာ ရာသီဥတုပြောင်းလဲမှုကို ရှေ့တန်းကနေထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ထရန့်ကျတော့ ဒီလိုမဟုတ်ပါဘူး။ သူဟာသမ္မတအိုဘားမား လက်ထက်ကကိစ္စတွေကို ပြောင်းပြန်လှန်ပစ်တာများပါတယ်။ “ရာသီဥတုမူဝါဒ ဟာ ကမ္ဘာ့စွမ်းအင်စနစ်ကို ဆက်လက်ပုံဖော်ပေးပါလိမ့်မယ်။ အမေရိကန်ရဲ့စီးပွားရေးနဲ့ စွမ်းအင်ဆိုင်ရာအကျိုးအမြတ်တွေကို ထိခိုက်နစ်နာစေမယ့် စွမ်းအင်ဖွံ့ဖြိုးမှုကို ဆန့်ကျင်တဲ့ အစီအစဉ်တွေနဲ့ ရင်ဆိုင်လာရရင်တော့ အမေရိကန်ရဲ့ဦးဆောင်မှုဟာ မရှိမဖြစ်ပါဝင်လာမှာပဲဖြစ်တယ်။ အနာဂတ်ကမ္ဘာရဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးမယ်၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရုပ်ကြွင်းလောင်စာကို လိုအပ်ဆဲပဲဖြစ်တယ်။ လိုအပ်တဲ့လောင်စာရရှိမှသာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ဆင်းရဲမှုကနေလွတ်မြောက်ပြီးတော့ စီးပွားရေးအင်အားကောင်းလာမယ်” လို့ အချက်အလက်စာတမ်းမှာ ဖော်ပြထားပါတယ်။

ဒါကို ဝေဖန်ကြသူတွေကတော့ ရုပ်ကြွင်းလောင်စာထက် ဆိုလာစွမ်းအင်ကသာ အလုပ်နေရာတွေ အများကြီး ဖန်တီးပေးနိုင်ပြီး စက်မှုလုပ်ငန်းတွေလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာထက် ဆိုလာစွမ်းအင်ကိုသာ ပိုမိုလိုအပ်တာပဲဖြစ်တယ်။ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းမှုများရင် ကမ္ဘာကြီးပူနွေးလာမှုကို ခြိမ်းခြောက်ပြီး လေထုညစ်ညမ်းမှုတွေ ဖြစ်လာမှာပဲဖြစ်တယ်။ အဲဒီကနေတစ်ဆင့် လက်ရှိ ကမ္ဘာမှာကြုံတွေ့နေရတဲ့ ရာသီဥတု အကြီးအကျယ်ပြောင်းလဲဖောက်ပြန်လာမှုများနဲ့ ကြုံတွေ့လာရမှာပဲဖြစ်တယ်လို့ ဝေဖန်ကြတယ်။

ထရန့်နဲ့ သူ့အရင်တာဝန်ထမ်းဆောင်ခဲ့တဲ့သမ္မတတွေကြား မတူညီတာကတော့ ထရန့်ဟာ နယ်စပ်လုံခြုံရေးနဲ့ စီးပွားရေးကိစ္စကိုသာ အလေးထားပါတယ်လို့ အဆင့်မြင့်အရာရှိကြီးတွေကပြောပါတယ်။ မက်တစ်ကတော့ ရာသီဥတုပြောင်းလဲမှုဟာ သူ့တပ်ဖွဲ့ဝင်တွေသွားရောက်တာဝန်ထမ်းဆောင်နေတဲ့ နေရာဒေသတွေရဲ့ တည်ငြိမ်မှုနဲ့ ဆက်စပ်မှုရှိတယ်လို့ပြောပါတယ်။ မက်တစ်နဲ့ နိုင်ငံခြားရေးဝန်ကြီးတေလာဆန်တို့ကတော့ ပါရီရာသီဥတုသဘောတူညီမှုကနေ ထွက်လိုက်တာနဲ့ပတ်သက်ပြီး သဘောမကျကြပါဘူး။

အမျိုးသားလုံခြုံရေး မဟာဗျူဟာဆိုတာကလည်း မူဝါဒကိုလက်တွေ့အကောင်အထည်ဖော်တာထက် နိုင်ငံရေးဆိုင်ရာ ဖော်ပြချက်တစ်ခုလို့ပဲ သတ်မှတ်ကြပါတယ်။ ဒါဟာဘယ်လောက်အထိ အရေးပါသလဲဆိုတာကို ပညာရှင်တွေက မေးခွန်းထုတ်ကြပါတယ်။ အမျိုးသားလုံခြုံရေးမဟာဗျူဟာဆိုတာ အိမ်ဖြူတော်ကထုတ်ပြန်တဲ့ နိုင်ငံရေးဆိုင်ရာအချက်အလက်ပါပဲလို့ ရာသီဥတုနှင့်စွမ်းအင်ဆိုင်ရာ လုံခြုံရေးပရောဂျက်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောပါတယ်။ ရာသီဥတုပြောင်းလဲမှုကို လက်ခံတဲ့ဂျိန်းမက်တစ်ကတော့ ရာသီဥတုပြောင်းလဲမှုဆိုတာ တကယ်ဖြစ်လာမယ့် အရာတွေပဲ၊ အဲဒီအတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်လို့ ဆိုပါတယ်။

သမ္မတထရန့်က ရာသီဥတုနဲ့ သက်ဆိုင်တာကို ချန်လှပ်ထားခဲ့ခြင်းက အမေရိကန်ဟာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့မရှိဘူးဆိုတာ ကမ္ဘာကြီးကို အကြောင်းကြားလိုက်သလိုပဲလို့ ရာသီဥတုနှင့် လုံခြုံရေးဆိုင်ရာဗဟိုဌာနမှ ပူးတွဲဥက္ကဋ္ဌ ဖရန်စစ္စကို ဖီမီယာကပြောပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့နဲ့ ကုလသမဂ္ဂဌာနချုပ်တို့မှာ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဘယ်လိုမျိုးပူးပေါင်း ဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီသီတင်းပတ်ထဲမှာပဲ နောက်ထပ်အစည်းအဝေးတစ်ခုကတော့ နယူးယောက်မြို့မှာ ပြုလုပ်ခဲ့တာပဲဖြစ်တယ်။ အဲဒီအစည်းအဝေးမှာ အမေရိကန်က အမြဲတမ်းအဖွဲ့ဝင်ဖြစ်ပေမယ့် အဲဒီနေ့ကအစည်းအဝေးမှာတော့ တက်ရောက်ဖို့ပျက်ကွက်ခဲ့ပါတယ်။ ထရန့်အစိုးရဟာ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီး အရင်အစိုးရတွေလောက် စိတ်ဝင်စားမှုမရှိဘူးဆိုတာ ထရန့်သမ္မတစဖြစ်လာကတည်းက ထင်သာပေမယ့် အခုအချိန်အခါမှာတော့ အရင်ကထက် မကျေနပ်သံတွေပိုပြီး ဆူညံလာပါတယ်။ အမျိုးသားလုံခြုံရေး မဟာဗျူဟာမှာ ရာသီဥတုပြောင်းလဲမှုကိစ္စကို အရေးကြီးကိစ္စအဖြစ် မသတ်မှတ်ဘဲ ချန်လှပ်ထားခဲ့တော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေရဲ့မကျေနပ်သံက အရင်ကထက်ပိုပြီး ကျယ်လောင်လာပါတယ်။

စီးပွားရေးအင်အားကောင်းဖို့နဲ့ ပြည်ပမှာ လွှမ်းမိုးနိုင်ဖို့ကိုပဲ အာရုံရောက်နေတဲ့ထရန့်ဟာ ဘယ်သူ့ကိုမှ ဂရုစိုက်မှာမဟုတ်ပါဘူး။ ဒီတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေရဲ့အသံကို ထရန့်တစ်ယောက်ကြားနိုင်ဖို့ အချိန်ယူရဦးမှာပါ။ ။

**ကိုးကား-သည်ဂါဒီယန်း၊ ဂူဂဲလ်**

**“သမ္မတထရန့်က ရာသီဥတုနဲ့ သက်ဆိုင်တာကို ချန်လှပ်ထားခဲ့ခြင်းက အမေရိကန်ဟာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့မရှိဘူးဆိုတာ ကမ္ဘာကြီးကိုအကြောင်းကြားလိုက်သလိုပဲလို့ ရာသီဥတုနှင့် လုံခြုံရေးဆိုင်ရာဗဟိုဌာနမှ ပူးတွဲဥက္ကဋ္ဌ ဖရန်စစ္စကို ဖီမီယာကပြော”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ကုမ္ပဏီများ၏အစည်းအဝေးများသို့တက်ရောက်ရန် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များ ခန့်ထားခြင်း**

၁၅၃။ (က) အခြားကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် ယင်း၏အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ဖော်ပြပါ အခြားကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်၌ ယင်း၏ ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် အပ်နှင်းနိုင်သည်။ ထိုသို့ အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အခြားကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌လည်းကောင်း ၎င်းအားအခွင့်အာဏာအပ်နှင်းသည့် ကုမ္ပဏီက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ယင်းကုမ္ပဏီ၏ကိုယ်စား အလားတူအခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီသည် ပုဒ်မခွဲ (က) အရ တစ်ဦးထက်ပိုသော ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ သို့ရာတွင် ဖော်ပြပါအခွင့်အာဏာများကို တစ်ကြိမ်တွင် ကိုယ်စားပြုပုဂ္ဂိုလ်တစ်ဦးကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ခန့်အပ်ထားသော ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်အား ကုမ္ပဏီ၏အစည်းအဝေးသို့ တက်ရောက်စေခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ယင်းကိုယ်စားပြုပုဂ္ဂိုလ်အား တရားဝင်ခန့်ထားခြင်းနှင့်သက်ဆိုင်သော အထောက်အထားများကို ကြည့်ရှုရန်အတွက် တောင်းဆိုနိုင်သည်။ ထို့အပြင် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များ ခန့်အပ်ခြင်းအတွက် ပုံစံတစ်ခုကို ကုမ္ပဏီဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်နိုင်သည်။

**ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကိုယ်စားလှယ်များအား ခန့်ထားခြင်း**

၁၅၄။ (က) ကုမ္ပဏီ၏အစည်းအဝေးသို့တက်ရောက်၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ဤပုဒ်မပါပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ၎င်းကိုယ်စားအစည်းအဝေးသို့ တက်ရောက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် ကိုယ်စားလှယ်တစ်ဦးဦးကို ခန့်ထားနိုင်သည်။

(ခ) ကိုယ်စားလှယ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ရန်မလို။ ၎င်းသည် ကုမ္ပဏီ၏အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌လည်းကောင်း ၎င်းအားခန့်အပ်သည့် ကုမ္ပဏီတွင်ပါဝင်သူက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ၎င်းကိုယ်စားအလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကို ခန့်ထားရာတွင် အသုံးပြုမည့်လျှောက်လွှာပုံစံကို ယင်းကုမ္ပဏီက ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့်သတ်မှတ်ထားနိုင်ပြီး ထိုသို့သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ ရှိခဲ့လျှင် ၎င်းအားကုမ္ပဏီတွင် ပါဝင်သူများအားလုံးထံသို့ ပေးပို့ရမည်။ ကုမ္ပဏီသည် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်သူများ၏ စာရင်းတစ်ခုကို ထိုလျှောက်လွှာပုံစံနှင့်အတူ ထည့်သွင်းဖော်ပြနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်လွှာပုံစံတစ်ခုကို သတ်မှတ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်စားလှယ်ခန့်အပ်မှုသည် ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး၎င်းတွင် အောက်ပါအချက်အလက်များပါဝင်ခဲ့လျှင် တရားဝင်သည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(၂) ကုမ္ပဏီ၏အမည်၊

(၃) ကိုယ်စားလှယ်၏အမည်နှင့်

(၄) ကိုယ်စားလှယ်မှ တက်ရောက်မည့် အစည်းအဝေးများ။ (အစည်းအဝေးများအားလုံးလည်း ဖြစ်နိုင်သည်။)

(င) ကိုယ်စားလှယ်ခန့်အပ်မှုတစ်ရပ် စတင်အကျိုးသက်ရောက်စေရန်အတွက် ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းကို သက်ဆိုင်ရာအစည်းအဝေး မစတင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ ကုမ္ပဏီမှလက်ခံရရှိပြီး ဖြစ်ရမည်။ အကြောင်းကိစ္စအသီးသီးတွင် အဆိုပါစာရွက်စာတမ်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် အစည်းအဝေးအကြောင်းကြားစာတွင် ကုမ္ပဏီကဖော်ပြထားသည့် အခြားနေရာ၊ လိပ်စာ သို့မဟုတ် နံပါတ်များသို့ ပေးပို့ရမည်။

(စ) ကုမ္ပဏီသည် ကိုယ်စားလှယ်ခန့်အပ်သောကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ စာရွက်စာတမ်းတစ်ခုထက်ပိုမို၍ လက်ခံရရှိခဲ့လျှင် နောက်ဆုံးလက်ခံရရှိခဲ့သော စာရွက်စာတမ်းသည် ယခင်ပေးပို့ခဲ့သော စာရွက်စာတမ်းကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

(ဆ) ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်က မည်သို့ဆန္ဒမဲပေးရမည်ကို သတ်မှတ်ဖော်ပြရမည် သို့မဟုတ် ကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ဖြင့် မဲပေးနိုင်ခွင့်ရှိကြောင်း ဖော်ပြနိုင်ပြီး မည်သို့မဲပေးရန်သတ်မှတ်ထားလျှင် ကိုယ်စားလှယ်သည် အဆိုပါ သတ်မှတ်ချက်အတိုင်း ဆန္ဒမဲပေးရမည်။

(ဇ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးသည် အကြောင်းတစ်ခုခုကြောင့် ဆုံးဖြတ်ချက်တစ်ခုအတွက်မဲပေးနိုင်ခွင့်မရှိခဲ့လျှင် ထိုသူ၏ကိုယ်စားလှယ်သည် ၎င်း၏ကိုယ်စား မဲပေးခွင့်မရှိစေရ။

**သာမန်ဆုံးဖြတ်ချက်များ**

၁၅၅။ ဤဥပဒေတွင်ဖြစ်စေ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ အထူးဆုံးဖြတ်ချက် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ သတ်မှတ်ထားသော ရာခိုင်နှုန်း သို့မဟုတ် အရေအတွက်ဖြင့်အတည်ပြု၍ ဆောင်ရွက်ရမည်ဟု အတိအလင်းဖော်ပြထားသည့်ကိစ္စများမှတစ်ပါး ဤဥပဒေအရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် လိုအပ်သည့်ကိစ္စရပ်တွင် ထိုကိစ္စရပ်ကို သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဆောင်ရွက်နိုင်သည်။

**အစည်းအဝေးများ ကျင်းပခြင်းမပြုဘဲ စာဖြင့်ရေးသား၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း**

၁၅၆။ (က) ဒါရိုက်တာတစ်ဦးသာရှိသောကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများ၏အစည်းအဝေးများကို ခေါ်ယူကျင်းပရန်မလို။ လိုအပ်သောဆုံးဖြတ်ချက်များကို စာဖြင့် ရေးသားမှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန်မလို။ လိုအပ်သော ဆုံးဖြတ်ချက်များကိုစာဖြင့် ရေးသားမှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသောဒါရိုက်တာအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက်ပါရှိသော စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် ကုမ္ပဏီတစ်ခုခုသည် ဒါရိုက်တာများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း မပြုဘဲ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ စာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး နောက်ဆုံး ဒါရိုက်တာတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဃ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက်ပါရှိသော စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုခုသည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ စာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး ကုမ္ပဏီတွင်ပါဝင်သူနောက်ဆုံးတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ခဲ့သည့် ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်အား အထွေထွေအစည်းအဝေး၌ ချမှတ်ရာတွင်လိုအပ်သော ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်စေရမည့်အပြင် ဤဥပဒေအရ အောက်ပါလိုအပ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ပြီး ဖြစ်စေရမည်-

(၁) ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သော အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်းနှင့် အတူပေးပို့ရန်၊

(၂) မှတ်ပုံတင်အရာရှိထံသို့ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာတင်ပြရန် ကုမ္ပဏီတွင်ပါဝင်သူများက လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်း၏ မိတ္တူတစ်စောင်တို့အား ပေးပို့တင်ပြရန်နှင့်

(၃) ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာတင်ပြရန်နှင့် ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၁) တွင် သတ်မှတ်ဖော်ပြထားသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ၏ မိတ္တူတစ်စောင်စီကို ပေးပို့တင်ပြရန်။

**အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်များဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ**

၁၅၇။ (က) ကုမ္ပဏီအားလုံးသည် အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့်ဆောင်ရွက်မှုများအားလုံး၏မှတ်တမ်းများကို ယင်းတို့အတွက် ပြုလုပ်ထားရှိသော မှတ်တမ်းစာအုပ်အသီးသီးတွင်ရေးသားဖော်ပြရန်အတွက် ပြုလုပ်ဆောင်ရွက်ရမည်။ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ယင်းတို့နှင့်သက်ဆိုင်သည့် မှတ်တမ်းစာအုပ်များတွင် အစည်းအဝေးကျင်းပသည့်နေ့ရက် သို့မဟုတ် စာဖြင့်ရေးသားပြုလုပ်သည့် ဆုံးဖြတ်ချက်ချမှတ်သောနေ့ရက်မှစ၍ ၂၁ ရက်အတွင်း ရေးသားဖော်ပြရမည်ဖြစ်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် အခြားဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ခ) အဆိုပါမှတ်တမ်း သို့မဟုတ် စာဖြင့်ရေးသားချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်သည် ၎င်းတို့အား ပြုလုပ်ဆောင်ရွက်ခဲ့သည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ၊ နောက်တစ်ကြိမ် ကျင်းပမည့်အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ လက်မှတ်ရေးထိုးသကဲ့သို့ ဆောင်ရွက်ခဲ့လျှင် ၎င်းဆောင်ရွက်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုများအတွက် သက်သေထင်ရှားပြီး ဖြစ်စေရမည်။

(ဂ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် အတည်ပြုလက်မှတ် ရေးထိုးထားသော မှတ်တမ်းများတွင်ပါရှိသော ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး သို့မဟုတ် ဒါရိုက်တာအစည်းအဝေးများအားလုံးကို နည်းလမ်းတကျခေါ်ယူကျင်းပဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုအားလုံးသည် နည်းလမ်းတကျရှိခဲ့သည်ဟု သတ်မှတ်ရမည့်အပြင် ဒါရိုက်တာများ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်မှုအားလုံးသည်လည်း တရားဝင်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများနှင့်ကုမ္ပဏီတွင်ပါဝင်သူများ၏ စာဖြင့်ရေးသားချမှတ်ခဲ့သော ဆုံးဖြတ်ချက်များပါရှိသော စာရင်းစာအုပ်များကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်း၌ဖြစ်စေ၊ ဤဥပဒေနှင့်အညီ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာတွင်ဖြစ်စေ ထိန်းသိမ်းထားရှိရမည်။ ယင်းတို့အား ရုံးလုပ်ငန်းအချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်နှစ်နာရီအောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်ဟူသော ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) အစည်းအဝေးကျင်းပသည့်နေ့မှ ခုနစ်ရက်ကာလနောက်ပိုင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ပုဒ်မခွဲ (ဃ) တွင် ဖော်ပြပါရှိသော မှတ်တမ်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့် အဖိုးအခကိုပေးသွင်း၍ ၎င်းတောင်းဆိုသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ရရှိခွင့်ရှိစေရမည်။

၁၅၈။ ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်သည့် စစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (င) အရ တောင်းဆိုသည့် မိတ္တူတစ်စုံ တစ်ရာကို ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (င) တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပေးအပ် ခြင်းမပြုခဲ့လျှင် ထိုသို့ပျက်ကွက်မှု၌ သိလျက်ဖြင့် တမင်ပြုလုပ်ဆောင်ရွက်ခဲ့သော အဆိုပါကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၁၅၉။ ပုဒ်မ ၁၅၈ တွင်ဖော်ပြထားသည့် ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းအတွက် တရားရုံးသည် အမိန့်တစ်ရပ်ချမှတ်၍ အထွေထွေအစည်းအဝေး၏ ဆောင်ရွက်မှုများအားလုံး သို့မဟုတ် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှုပြုလုပ်စေနိုင်သည် သို့မဟုတ် မိတ္တူတောင်းခံသော ပုဂ္ဂိုလ်များထံသို့ လိုအပ်သော မိတ္တူများကိုပေးပို့စေရန် ညွှန်ကြားနိုင်သည်။

## အခန်း (၁၈)

## ဒါရိုက်တာများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ

**ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ**

၁၆၀။ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည် သို့မဟုတ် ဒါရိုက်တာ တစ်ဦးတည်းရှိသည့်ကုမ္ပဏီတွင် အဆိုပါဒါရိုက်တာတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် ဒါရိုက်တာများ သို့မဟုတ်တစ်ဦးတည်းရှိသော ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်များ အားလုံးကို ဤဥပဒေတွင်လည်းကောင်း၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်းကောင်း အတိအလင်းဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီတွင် ပါဝင်သူများက ကျင့်သုံးဆောင်ရွက်ရန် လိုအပ်သော လုပ်ပိုင်ခွင့်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာများက ကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အုပ်ချုပ်မှုဒါရိုက်တာ (managing director) တစ်ဦးထံသို့ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ယင်း၏ လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များထံသို့ အပ်နှင်းနိုင်သည်-

(၁) ဒါရိုက်တာများမှ ပါဝင်သော ကော်မတီတစ်ရပ်ရပ်၊

(၂) ဒါရိုက်တာတစ်ဦးဦး၊

(၃) ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦး၊

(၄) အခြားပုဂ္ဂိုလ်တစ်ဦးဦး။

(င) ပုဒ်မခွဲ (ဃ) အရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းခံရသူသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်ရမည့်အပြင် ထိုသို့အပ်နှင်းခြင်းခံရသူက လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်မှုသည် ဒါရိုက်တာများက အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်သည့်အတိုင်း အကျိုးသက်ရောက်သည်။

(စ) ပုဒ်မခွဲ (ဃ) အရ ဒါရိုက်တာများသည် လုပ်ပိုင်ခွင့်တစ်ရပ်ကို အပ်နှင်းခဲ့သည့်အခါ အောက်ပါအချက်များကို ဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် ဒါရိုက်တာများကိုယ်တိုင် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်သကဲ့သို့ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ဆောင်ရွက်မှုအတွက် တာဝန်ရှိစေရမည်-

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် ဤဥပဒေနှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အရ ကုမ္ပဏီ၏ဒါရိုက်တာများအပေါ် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ လုပ်ပိုင်ခွင့်အား အမြဲကျင့်သုံးဆောင်ရွက်သည်ဟု သင့်လျော်သည့်အကြောင်းပြချက်များရှိခြင်း၊ နှင့်

(၂) သဘောရိုးဖြင့် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့် အခြေအနေရှိခဲ့လျှင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အားထားရသောအရည်အချင်းပြည့်ဝသူဖြစ်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များရှိခြင်း။

**ဒါရိုက်တာများက အချက်အလက်များကို ရယူနိုင်ခြင်း**

၁၆၁။ (က) ဒါရိုက်တာတစ်ဦးသည် သင့်လျော်သည့်အချိန်တိုင်းတွင် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) ဒါရိုက်တာအဖြစ်မှ ရပ်နားခဲ့သူတစ်ဦးဦးသည် ဒါရိုက်တာအဖြစ်မှ ရပ်နားပြီးနောက် ခုနစ်နှစ်ကာလအတွင်း သင့်လျော်သည့်အချိန်တိုင်းတွင် အောက်ပါ တရားစွဲဆို ဆောင်ရွက်မှုများအတွက် ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်ပြီး ယင်းတို့၏ မိတ္တူများကို ရယူနိုင်သည်-

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် အမှုသည်အဖြစ်ပါဝင်နေသောကိစ္စ၊

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် သဘောရိုးဖြင့် တရားစွဲဆိုရန် ရည်ရွယ်ခြင်း၊

(၃) ဖော်ပြပါပုဂ္ဂိုလ်သည် ယင်းအပေါ် တရားစွဲဆိုရန်အကြောင်းရှိခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# နတ်သစ်ရွက်တို့ စံပျော်ရာ ရွှေဖီမြေသို့ တစ်ခေါက်

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

ရှမ်းကုန်းမြေမြင့်၏ ဆောင်းအခါသမယမှာ မြောက်ပြန်လေနှင့် မိုးစက်မိုးပွင့်တို့ပါ ထပ်ဆင့်ဖြည့်ဆည်းပေးလိုက်သည့် အေးချမ်းသော နိမိတ်ကောင်းများနှင့်အတူ နတ်သစ်ရွက်တို့ စံပျော်ရာရွှေဖီမြေမြို့နမ့်ဆန်သို့ ရောက်ရပြန်သည်။ နမ့်ဆန်သည် စာရေးသူနှင့်မစိမ်းပါ။ ယမန်နှစ် မီးဘေးသင့်ကာလချိန်ခါက မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်၏ တာဝန်ပေးချက်အရ ရက်သတ္တပတ်ကျော် စတည်းချကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ သတင်း၊ သတင်းဓာတ်ပုံများ ရိုက်ကူးရေးသားဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ယခုမူ နမ့်ဆန်သည် တိုးတက်မှုနှင့်အတူ ပြောင်းလဲခဲ့ပြီ။ မီးလောင်ပြင်နေရာများတွင် တိုက်တာအိမ်ခြေများဖြင့် စည်ကားလျက်ရှိသည်။ နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးက ရန်ကုန်သင်တန်းမှအပြန် စာရေးသူအား နမ့်ဆန်ဒေသလက်ဖက်စိုက်ပျိုးပြုစု ထိန်းသိမ်းတိုးတက်မှုလုပ်ငန်းများ လေ့လာရန် ဝင်ရောက် ဖိတ်ခေါ်မှုဖြင့် ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း နေ့စဉ်သောက်သုံးလျက်ရှိကြသည့် လက်ဖက်ဟုခေါ်တွင်ရခြင်း အကြောင်းခြင်းရာများကို ဆန်းစစ်လေ့လာရာတွင် မဏိစည်သူမင်းကြီးသည် နိလဗိဇနတ်သစ်စေ့ကို ပလောင်တိုင်းရင်းသားအကြီးအကဲ တာငွန်းကို ဆုလာဘ်တော်အဖြစ် ပေးအပ်ရာ၌ တာငွန်းသည် လက်တစ်ဖက်ဖြင့်သာ လက်ခံရယူခဲ့ခြင်းကြောင့် လက်တစ်ဖက်ရွက်ဟု ခေါ်ဆိုရာမှ ကာလရွေ့လျော့၍ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသောအခါ လက်တစ်ဖက်ရွက်မှ လက်ဖက်ရွက်ဟု ခေါ်တွင်လာခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ မင်းကြီးသည် ရောင်ခြည်တော်ပြိုးပြိုးပြက်လက်သော နေရာကို ဆင်ဖြူတော်ဖြင့် တူးဖော်စေပြီး ဓာတ်တော်နှင့်တကွ ဘီလူးမ ဆက်သအပ်သော စကားဝါသားကိုးပိုင်းအနက်တစ်ပိုင်းကို ဗုဒ္ဓဆင်းတုတော်ထုတ်လုပ်၍ ဌာပနာပြုကာ စေတီတည်ခဲ့သည်။

သီရိမ္မာသောကမင်းကြီး တည်ထားသော ကျောက်စေတီတော်ကို အဓိဋ္ဌာန်ပြုရာဖွေရာတွင် ပလောင်တိုင်းရင်းသားများက အဓိဋ္ဌာန်အောင်မြင်၍ မဏိစည်သူမင်းတရားကြီးသည် လွန်စွာ ဝမ်းမြောက်နှစ်ခြိုက်လှသည်ဖြစ်ရာ ဘီလူးညီနောင်လေးဦးကြိုတင်ဆက်သခဲ့သော နိလဗိဇ နတ်သစ်စေ့ကို ပလောင်တိုင်းရင်းသားများ အစဉ်သဖြင့် စိုက်ပျိုးစားသောက်နိုင်စေရန် ဆုလာဘ်တော်အဖြစ် လွယ်ဆိုင်တောင်၏ ယခုနန်းတော်တည်ရှိရာ နေရာတွင် ပလောင်တိုင်းရင်းသားအကြီးအကဲ တာငွန်းအား ပေးသနားတော်မူခဲ့လေသည်။ ပလောင်တိုင်းရင်းသားတို့သည် နတ်သစ်စေ့စိုက်ပျိုးသည့်နေရာ၌ပင် မဏိစည်သူမင်းကြီးအား ရည်စူးဂုဏ်ပြု၍ ပုံတူရုပ်တုနှင့် ခံ့ညားထည်ဝါသော ပြာသာဒ်ဆောင်နှင့်အတူ တည်ထားကိုးကွယ်ခဲ့သည်မှာ ယနေ့ထိတိုင်အောင်ဖြစ်သည်။ အဆိုပါ ကျေးဇူးရှင်ဖြစ်သော မဏိစည်သူမင်းကြီးအား ရည်စူးဂုဏ်ပြုသောအားဖြင့် တော်သလင်းလပြည့်နေ့၌ ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဏိစည်သူမင်းကြီးအား ဂုဏ်ပြုသောပွဲတို့ကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ပေသည်။ ထိုရည်စူးဂုဏ်ပြုသောပွဲတွင် သဲပုံစေတီတစ်ထောင်၊ ဝါးညောင်ရေအိုးတစ်ထောင်၊ ဖယောင်းတိုင်တစ်ထောင်၊ ပန်းတစ်ထောင်၊ ဆွမ်းဟင်းခဲဖွယ်တစ်ထောင်၊ တံခွန်အောင်လံတစ်ထောင်၊ ကုက္ကားတစ်ထောင်၊ မုလေးပွားတစ်ထောင်၊ ထီးဖြူတစ်ထောင်နှင့် ဆွမ်းတော်အုပ်တစ်ထောင်တို့ကို တင်လှူပူဇော်လျက် လက်ဖက်တည်ရှိရာ နေရာတွင် နှစ်စဉ်မပျက် တော်သလင်းလပွဲတော်ကို ကျင်းပပူဇော်ကြပေသည်။



ဓာတ်ပုံ-စိုင်း(သီပေါ)

မဏိစည်သူမင်းကြီးသည် ဘီလူးညီနောင်လေးဦးထံမှ ရရှိခဲ့သော နတ်သစ်စေ့ကို သင့်လျော်လျောက်ပတ်သော နေရာ၌ စိုက်ပျိုးရန်နှင့် သာသနာပြုနိုင်ရန် ဖောင်စကြာဖြင့် ဆက်လက်ကြွချီလာရာ ကောဇာသက္ကရာဇ် ၄၈၆ ခုနှစ်တွင် နမ့်ဆန်လွယ်ဆိုင် (ပတ္တမြားတောင်) တောင်သို့ ရောက်ရှိပြီး နတ်သစ်စေ့(ခေါ်) လက်ဖက်ပင်ကို စိုက်ပျိုး၍ ထိုမှတစ်ဆင့်အသီးအပွင့်တို့ကို မျိုးပွားလာရာ ယခုနမ့်ဆန်ဒေသသာမက နိုင်ငံတစ်ဝန်းလုံးတိုင်အောင် ပျံ့နှံ့ခဲ့ခြင်းဖြစ်ပေသည်။ လက်ဖက်ပင်များကို တောင်စောင်း၊ တောင်တန်းများပေါ်တွင် ကွန်တိုလိုင်းဖော်ကာ လှေကားထစ်သဖွယ် အဆင့်ဆင့်ပြုလုပ်၍ စိုက်ပျိုးလေ့ရှိကြသည်။ လက်ဖက်စိုက်ပျိုးသောဒေသနှင့် ရာသီဥတုတို့အပေါ် အခြေခံကာ အပင်၏ သန်စွမ်းမှုပေါ်မူတည်၍ လက်ဖက်ပင်များကို တစ်နှစ်လျှင် အကြိမ်ပေါင်းများစွာ ဆွတ်ခူးနိုင်ပေသည်။ ပူနွေးသော ရာသီဥတုရှိ ဒေသများတွင် နွေဥတုခြောက်လတာကာလအတွင်း ရက်သတ္တပတ်လျှင် တစ်ကြိမ် ခူးယူနိုင်ပြီး ရာသီဥတုအေးသော ဒေသများတွင် အကြိမ်လျော့၍ ခူးရသည်။ ဆွတ်ခူးရာတွင်လည်း ကုန်စင်အောင် မခူးရဘဲ အပင်ထိခိုက်ဒဏ်ရာရခြင်းမရှိအောင် ဂရုတစိုက်ခူးရန် လိုပေသည်။

လက်ဖက်ဆွတ်ခူးသည့်ကာလသို့ရောက်လျှင် များသောအားဖြင့် အဖူးနှင့် အရွက်နုလေးများကိုသာ ခူးကြပြီး အရွက်နုလေ၊ လက်ဖက်ခြောက်ကောင်းလေဖြစ်၍ လက်ဖက်အနု၊ အရင့်အပေါ် မူတည်ကာ လက်ဖက်ခြောက်အမည်မှည့်ခေါ်ကြသည်။ နမ့်ဆန်ဒေသမှထွက်သော နာမည်ကျော်ရွှေဖီမိုးလွတ် လက်ဖက်မှာ နာမည်ကြီးပြီး လူအများနှစ်ခြိုက်သော လက်ဖက်ဖြစ်သည်။ ရွှေဖီမိုးလွတ်ဆိုသည်မှာ မိုးမကျမီ သင်္ကြန်မတိုင်မီပေါ်ဦးပေါ်ဖျား လက်ဖက်ကို မိုးရေလွတ်သည့်အတွက် ရွှေဖီမိုးလွတ်လက်ဖက်ဟု ခေါ်တွင်ခြင်းဖြစ်သည်။ သို့ရာတွင် ထိုရွှေဖီမိုးလွတ်ထက်ကောင်းသော လက်ဖက်တစ်မျိုးရှိသေးသည်။ အဆိုပါ လက်ဖက်မျိုးမှာ ပြာသို၊ တပို့တွဲလက်ဖက်ရွက်ကြမ်းများကြွေမည့်ဆဲဆဲတွင် နှင်းအားကို အမှီပြု၍ထွက်သော လက်ဖက်ရွက်နုကလေးများပင် ဖြစ်ပေသည်။ ထိုလက်ဖက်ကို နှင်းတက်လက်ဖက်ဟု ခေါ်ကြသည်။ သို့ရာတွင် လက်ဖက်ချိန်ခါမဟုတ်သေးသဖြင့် ရွှေဖီမိုးလွတ်လက်ဖက်ကဲ့သို့ လုံလောက်ပေါများစွာ မရနိုင်ပေ။ အချိန်အခါမဟုတ်ရှားရှားပါးပါး ပေါ်ဦးပေါ်ဖျားမို့လည်း အဖိုးတန်ခြင်းဖြစ်သည်။ လူတိုင်းသုံးနိုင်လောက်အောင် မရရှိသဖြင့် နှင်းတက်လက်ဖက်ကို လူတိုင်းမသိမမြင်ဖူးခြင်းဖြစ်သည်။



ဓာတ်ပုံ-စိုင်း(သီပေါ)

**“နမ့်ဆန်ဒေသမှထွက်သော နာမည်ကျော်ရွှေဖီမိုးလွတ် လက်ဖက်မှာ နာမည်ကြီးပြီး လူအများနှစ်ခြိုက်သော လက်ဖက်ဖြစ်သည်။ ရွှေဖီမိုးလွတ်ဆိုသည်မှာ မိုးမကျမီ သင်္ကြန်မတိုင်မီ ပေါ်ဦးပေါ်ဖျား လက်ဖက်ကို မိုးရေလွတ်သည့်အတွက် ရွှေဖီမိုးလွတ်လက်ဖက်ဟု ခေါ်တွင်ခြင်းဖြစ်သည်။ သို့ရာတွင် ထိုရွှေဖီမိုးလွတ်ထက်ကောင်းသော လက်ဖက်တစ်မျိုး ရှိသေးသည်။ အဆိုပါ လက်ဖက်မျိုးမှာ ပြာသို၊ တပို့တွဲလက်ဖက်ရွက်ကြမ်းများကြွေမည့်ဆဲဆဲတွင် နှင်းအားကို အမှီပြု၍ထွက်သော လက်ဖက်ရွက်နုကလေးများပင် ဖြစ်ပေသည်။ ထိုလက်ဖက်ကို နှင်းတက်လက်ဖက်ဟု ခေါ်ကြသည်။ သို့ရာတွင် လက်ဖက်ချိန်ခါမဟုတ်သေးသဖြင့် ရွှေဖီမိုးလွတ်လက်ဖက်ကဲ့သို့ လုံလောက်ပေါများစွာ မရနိုင်ပေ။ လူတိုင်းသုံးနိုင်လောက်အောင် မရရှိသဖြင့် နှင်းတက်လက်ဖက်ကို လူတိုင်းမသိမမြင်ဖူးခြင်းဖြစ်သည်”**

ရွှေဖီဦးနှင်းတက်လက်ဖက်၊ ရွှေဖီမိုးလွတ်လက်ဖက်၊ ခါးကန်လက်ဖက်၊ ခါးကွက်လက်ဖက်၊ ခါးနိုင်လက်ဖက်ဟူ၍ လက်ဖက်အမျိုးမျိုးရှိသည်။ လက်ဖက်ခူးသောအချိန်မှာ နေအလွန်ပူပြင်းသည့် တန်ခူးကဆုန်အချိန်ဖြစ်သည်။ သို့မှလည်းခူးပြီးလက်ဖက်ရွက်များကို ပေါင်းသင်ကာ နေခြောက်အောင် လှန်းနိုင်မည်ဖြစ်သည်။

လက်ဖက်ကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆေးဖက်ဝင်အပင်အဖြစ်လည်း လက်ခံထားကြသည်။ လက်ဖက်နှင့် ပတ်သက်၍ ဓာတ်စာရေးထုံးကျမ်းများတွင် လက်ဖက်သည် အအေးလွန်ကဲ၏။ ဖန်၏။ လေကို္ရှင်စေ၏။ ဆီးဝမ်းချုပ်လျှင် သော်လည်းကောင်း၊ အောင့်လျှင်သော်လည်းကောင်း၊ လက်ဖက်စိမ်ရည်နှင့် သနပ်ခါးရည်ကို ထက်ဝက်စီမျှအောင် ရော၍ တိုက်လျှင် ပျောက်နိုင်၏။ လက်ဖက်ရည်ကြမ်းကို တစ်နေ့လျှင် သုံးလေးခွက်ပုံမှန်သောက်သုံးပါက အသက်ရှည်နုပျိုခြင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆီချပေးခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများမှ ကာကွယ်ပေးခြင်း၊ သွားနှင့်သွားဖုံးရောဂါများကို အထောက်အကူပြုခြင်း၊ ဆီးချိုသွေးတိုးရောဂါကို သက်သာစေခြင်း၊ အရောင်ကျစေခြင်း၊ အသည်းလုပ်ငန်းဆောင်တာ မှန်ကန်ကောင်းမွန်စေခြင်းနှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။

ထိုသို့လူသားများအတွက် ကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်ခြင်းရှိသည့် လက်ဖက်သီးနှံကို အထွက်နှုန်းလျော့နည်းရေးနှင့် မျိုးသုဉ်းပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် လက်ဖက်တောင်သူများ အကျိုးဖြစ်ထွန်းစေသည့် သိပ္ပံနည်းကျလက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်းကို တောင်သူဦးစိုင်းထွန်းအောင်၏ လက်ဖက်ခြံမြေတွင် ပျဉ်းမနားရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားများနှင့် လက်ဖက်စိုက်ပျိုးသူတောင်သူများ ပူးပေါင်းလျက်တစ်ဧကလျှင် အပင်ရေ ၇၄၀၀ ကျော်ဝင်ဆံ့သည့် လက်ဖက်နှစ်တန်းပူးစိုက်ပျိုးနည်းစနစ်ဖြင့် ဘက်စုံစံပြလက်ဖက်ခြံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြောင်းလဲလာသောရာသီဥတုဒဏ်ကို ကာကွယ်နိုင်သည့် အရိပ်လည်းရ၊ အပိုဝင်ငွေလည်းရသည့် နှစ်ရှည် သီးညှပ်သီးပင်ဖြစ်သော သစ်ကြားနှင့် ထောပတ်ပင်များကိုလည်း စနစ်တကျ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

လက်ဖက်ထွက်ရာဒေသနမ့်ဆန်မြို့နယ်၏ လက်ဖက်စိုက်ဧက ၅၁၆၄၉ အနက်၊ တစ်ဧကပျမ်းမျှအထွက်နှုန်း ပိဿာချိန် ၃၀၀ ခန့်သာရရှိပြီး ယခင်သမားရိုးကျစိုက်နည်းများအရ အပင်ဝင်ဆံ့မှုနည်းပါးပြီး အထွက်နှုန်းလျော့ခဲ့သော်လည်း ယခုကဲ့သို့ ခေတ်မီသိပ္ပံနည်းကျလက်ဖက်နှစ်တန်းပူးစိုက်ပျိုးနည်းစနစ်မှာ မြေဆီလွှာစိုက်ပျိုးမှုဒဏ်ခံနိုင်ရည်ရှိကာ ခူးဆွတ်ရာ၌လည်း လွယ်ကူ၍ အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၈၀၀ မှ ၈၀၀ ကျော်အထိ ထွက်ရှိသဖြင့် ဒေသခံလက်ဖက်တောင်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေမည့် စိုက်ပျိုးရေးနည်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးက ရှင်းလင်းပြောပြသည်။

တောင်ပေါ်ဒေသတစ်ဝိုက် တောင်ကုန်းတောင်စောင်းများတွင် လက်ဖက်စိုက်ခင်းများရှိခြင်းဖြင့် မိုးရာသီတွင် တောင်ပြိုခြင်းနှင့် ရေတိုက်စားခြင်းအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ရာ လက်ဖက်စိုက်ခင်းများသည် တောင်ပေါ်ဒေသသစ်တောများ၏ ရေဝေရေလဲ သစ်တောထိန်းသိမ်းရေးလုပ်ငန်းကိုပါ အထောက်အကူပြုစေသည်။ သို့ဖြစ်ရာ သမိုင်းရှေးရိုးအစဉ်အလာကောင်းရှိသော မြန်မာ့လက်ဖက်စိုက်ပျိုးမှုလုပ်ငန်းကို မိမိတို့နိုင်ငံအတွင်း လက်ဖက်စိုက်ပျိုးနိုင်သည့် ဒေသအလိုက် ဒေသခံပြည်သူများအနေဖြင့် ဝင်ငွေတိုးလုပ်ငန်းတစ်ရပ်အဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြရပါသတည်း။ ။

● ခါကာဘိုရာဇီ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်မည့် “တန်ဖိုး” အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကို ကိုရီးယားလူမျိုး ဒါရိုက်တာ John La Raw က ဖန်တီးရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ ဇာတ်ကားတွင် အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ ခင်ဇာခြည်ကျော်၊ အေးမြတ်သူနှင့် အနုပညာရှင်များစွာပါဝင်ကြောင်း သိရသည်။

# ပရိသတ်အတွက်ပညာရစေမည့် “တန်ဖိုး” ရုပ်ရှင်ဇာတ်ကား

ကိုလင်း



**ကိုရီးယား ဒါရိုက်တာ John La Raw**

ဒီဇာတ်ကားမရိုက်ခင်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးနဲ့ ဆိုင်တဲ့ Documentry တစ်ခု ရိုက်ခဲ့တယ်။ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ထဲ ဝင်သွားပြီ အဲ့ဒီ ဇာတ်ကားရိုက်ရင်းနဲ့ လမ်းဘေးမှာ ကလေးတစ်ဖက်နဲ့ မူးယစ်ဆေးဝါးစွဲနေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တယ်။ အဲ့ဒီအချိန်မှာ ကျွန်တော် အလွန်ခံစားသွားရတယ်။ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်နေတဲ့ လူငယ်တွေ၊ လမ်းမှားနေတဲ့ လူငယ်တွေကို လမ်းပြပေးနိုင်တဲ့ ဇာတ်ကားရိုက်ချင်တဲ့စိတ် ပေါ်လာတော့ ဇာတ်လမ်းရေးရင်းနဲ့ တန်ဖိုးဆိုတဲ့ ဇာတ်ကားလေး ဖြစ်လာတာပါ။

**ရဲမှူးအဖြစ် တွေ့မြင်ရမည့် အကယ်ဒမီဇင်ဝိုင်း**



ကျွန်တော်ပါဝင်ရမယ့် နေရာကတော့ ဒုရဲမှူးနေရာက ပါဝင်ရမှာပါ။ ဇာတ်ကားကလည်း မူးယစ်ဆေးဝါးနှိမ်နင်းရေး ရည်ရွယ်ချက်ကောင်းလေးပဲ ဖြစ်ပါတယ်။ ဒါရိုက်တာ အသစ်ဆိုပေမယ့်လည်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာတောင် သွားရောက်ယှဉ်ပြိုင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒီအတွက် လက်ခံ ရိုက်ကူးခြင်းလည်းဖြစ်ပါတယ်။

**အကယ်ဒမီထွန်းထွန်း**



ဒီ ဇာတ် ကား ထဲ မှာ ကျွန်တော့် နာမည်က နိုင်နိုင်တဲ့။ သူက ဆိုးတယ်၊ ကိုယ်ထင်ရာ ကိုယ်လုပ်တယ်။ အစ်မတစ်ယောက်နဲ့နေတယ်။ အဖေနဲ့အမေ မရှိတော့ဘူး။ နည်းနည်း တစ်ကိုယ်ကောင်းဆန်တဲ့ တဇောက်ကန်းပေါ့၊ အဲ့ဒီလို ကာရိုက်တာလေးနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။

**ခင်ဇာခြည်ကျော်**



ကျွန်မက ဒီကားမှာ အများကြီးတော့ မပါထားပါဘူး။ ထွန်းထွန်းရဲ့ အစ်မနေရာကနေ သရုပ်ဆောင်ထားတာပါ။ ဇာတ်ကားလေးက ပညာပေး ဇာတ်ကားလေးဆိုတော့ ပရိသတ်အတွက် အများကြီး ပညာတွေရစေမှာ အမှန်ပါပဲ။ အားလုံးကလည်း သူ့နေရာနဲ့သူ အံဝင်အောင် သရုပ်ဆောင်နိုင်ကြမှာမို့ ကျွန်မကတော့ ဒီဇာတ်ကားလေးက အဖိုးတန်တဲ့ ကားကောင်းလေး တစ်ကားလို့ မြင်ပါတယ်။

**အေးမြတ်သူ**



အေးမြတ်သူကတော့ မိဘမဲ့တစ်ကောင်ကြွက် မူးယစ်ဆေးရောင်းချတဲ့ ကောင် မ လေး တစ်ယောက်၊ ပြီးတော့ အမှတ်တမဲ့ သူ သံယောဇဉ်တွယ်မိတဲ့ ကောင် လေး နဲ့ ဇာတ်လမ်းလေးပေါ့၊ ဒီ ဇာတ် ကား လေး ကို ဖတ်ရင်းနဲ့ ရလိုက်တဲ့ အရာတစ်ခုက လောကမှာ ဘယ်နေရာမှာမှ အမှိုက်ဆိုတာမရှိဘူး၊ ဘာမှအသုံးမတည့်တဲ့သူဆိုတာ မရှိဘူး၊ အသုံးမဝင်တဲ့သူဆိုတာ မရှိဘူး၊ လူတိုင်းလူတိုင်း၊ အရာဝတ္ထုတိုင်းက သူ့နေရာနဲ့သူ တစ်ခုစီကတော့ တန်ဖိုးရှိကြတယ်ဆိုတာလေးကို ဒီကားကြီးက ရည်ညွှန်းပြသမှာပါ။ ။

# ကျော်ကျော်ဗို၏ ပရဟိတအတွက် လူမှုကွန်ရက်ကို ပရိသတ်များ ကြိုက်နှစ်သက်

လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သရုပ်ဆောင်ကျော်ကျော်ဗိုက ဒီဇင်ဘာ ၁၉ ရက်က ပို့စ်တစ်ခုတင်ထားခဲ့ပြီး ယင်းပို့စ်အား ကြိုက်နှစ်သက်သည် Like ပါက သုံးကျပ်၊ မှတ်ချက် Comment ပေးပါက နှစ်ကျပ်နှင့် မျှဝေ Share ခြင်းပြုလုပ်ပါက တစ်ကျပ် သတ်မှတ်ကာ ရရှိလာသည့် ငွေများကို နှစ်သစ်ကူးအလှူအနေဖြင့် အားပေးကြသူများ အားလုံးကိုယ်စား အနုပညာချွေးနဲစာဖြင့် ပရဟိတလုပ်ငန်းတစ်ခုသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ရေးသားထားခဲ့သည်။

ယင်းပို့စ်သည် အထူးခြားဆုံး အလှူဖြစ်ပြီး ကာယကံရှင်ကို အားပေးကြသည့် ပရိသတ်များစွာ ထွက်ပေါ်ခဲ့ပြီး ကြိုက်နှစ်သက်သူ ခြောက်သောင်းကျော်နှင့် မှတ်ချက်ပေးသူ သုံးသောင်း၊ ပြန်လည်မျှဝေသူ ငါးထောင်ခန့်ကို ၂၄ နာရီအတွင်း ရရှိခဲ့သည်။

“စတန့်ထွင်တာတော့ မဟုတ်ပါဘူး၊ အားလုံးကိုလည်း အလှူပါစေချင်တယ်၊ အမှတ်တရလည်း ဖြစ်စေချင်တယ်၊ အခုလိုအားလုံးက ဝိုင်းပြီးကူညီပေးတာလည်း ကျေးဇူးတင်ပါတယ်”ဟု ကျော်ကျော်ဗိုက ဖြေကြားသည်။



အဆိုပါလူမှုကွန်ရက်တွင် တင်ထားသည့်စာအတွင်း သံသရာမကုန်သေးသရွေ့ အားလုံးနှင့် ရေစက်ဆုံချင်သေးလို့၊ လက်တွေ့ဘဝမှာပဲဖြစ်ဖြစ်၊ ပုံရိပ်ယောင်ဘဝထဲမှာ ဖြစ်ဖြစ်ဟုရေးသားထားခဲ့ပြီး အနုပညာမောင်နှမများအပါအဝင် ပရိသတ်အများအပြား သဘောကျကြိုက်နှစ်သက်ခဲ့သည်ကို မြင်တွေ့ရသည်။ **သွန်းဝသန်**

# မိဘမေတ္တာဘွဲ့ဇာတ်လမ်းများများ ရိုက်စေလိုသည့် ထပ်ဆင့်အကယ်ဒမီ ဝတ်မှုန်ရွှေရည်



ဒါရိုက်တာ စင်ရော် မောင်မောင် ရိုက်ကူးထားသည့် “ထာဝရအမေ” ရုပ်ရှင်ဇာတ်ကားကြီးတွင် ဆရာဝန်တစ်ယောက်၏ ချစ်သူအဖြစ် ပါဝင်သရုပ်ဆောင်ထားသူ အကယ်ဒမီ ဝတ်မှုန်ရွှေရည်က ယနေ့ခေတ် မြန်မာရုပ်ရှင်ဇာတ်ကားများ အနေဖြင့် မိဘမေတ္တာဘွဲ့ ဇာတ်လမ်းများ ရိုက်ကူးမှု နည်းပါးလာရခြင်းအပေါ် ခံစားချက်အချို့ကို ဖွင့်ဟလာပြီး ညီမဖြစ်သူ အနုပညာလောကထဲကို ဝင်ရောက်ခဲ့ခြင်းနှင့် ပတ်သက်ပြီးလည်း ပြောကြားသည်။

“ညီမလေးက အနုပညာအလုပ်ကို ပြောရရင် ထက်ထက်သန်သန်တော့ ဝါသနာမကြီးဘူး၊ ဒါပေမယ့်သူက ကလေးဆိုတော့လည်း ဓာတ်ပုံရိုက်တာကို ဝါသနာတော်တော်ပါတယ်၊ ကစ်ကစ်အထင် သူကသိပ်ပြီးတော့လည်း စိတ်ရှည်မယ့်ပုံ မပေါ်ဘူး၊ အနုပညာအလုပ်ဆိုတာက သည်းခံရတယ်၊ ကိုယ့်အတွက်ဆိုတာကို တော်တော်ကို မေ့ထားရတယ်၊ အကုန်လုံးက ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင်အချိန်ဆိုတာ မရှိဘူးလေ၊ ဒီအလုပ်က အများနဲ့ လုပ်ရတာဆိုတော့ သူက အဲဒီလောက်ကြီးတော့ စိတ်မရှည်ဘူး၊ သူနဲ့ကစ်နဲ့က ၁၀ နှစ်လောက်ကွာတယ်၊ အသက်ကကွာတော့ သိပ်ပြီးတော့ မရင်းနှီး ချင်ဘူး၊ သူကအေးတော့ ကစ်ကနေပဲ စကားလိုက်ပြောရတယ်”ဟု သရုပ်ဆောင် ဝတ်မှုန်ရွှေရည်က ညီမဖြစ်သူနှင့် ပတ်သက်၍ ပြောပြသည်။

မကြာမီ ရုံတင်ပြသတော့မည့် “ထာဝရအမေ” ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် ဝတ်မှုန်ရွှေရည်သည် ဒေါက်တာခင်လေးရီနေရာ၌ ပါဝင်သရုပ်ဆောင်ထားရာ “ ထာဝရအမေ ရုပ်ရှင်ဇာတ်ကားမှာ ကစ်က ဒေါက်တာခင်လေးရီ နေရာကနေပြီးတော့ ပါဝင်ထားပါတယ်၊ ဒေါက်တာ ခင်မောင်ဝင်းရဲ့ အမျိုးသမီးပေါ့၊ ခင်ပွန်းအပေါ်မှာ အများကြီးကို နားလည်ပေးတယ်၊ ကိုယ့်ယောက္ခမနဲ့ ခင်ပွန်းသည်နဲ့ ကြားမှာရှိတဲ့ ချစ်ခြင်းမေတ္တာကိုလည်း ကိုယ်ကဘေးကနေပြီးတော့ ဖြည့်ဆည်းပေးတဲ့သူတစ်ယောက်ပေါ့”ဟု ပြောသည်။ “ထာဝရအမေ” ရုပ်ရှင်ဇာတ်ကားကြီးသည် သာမန်အချစ်၊ ဒရာမာ ရုပ်ရှင်ဇာတ်ကားများနှင့် ကွဲထွက်နေပြီး ယနေ့ခေတ်ရုပ်ရှင်လောကတွင် ရိုက်ကူးခြင်း မရှိသလောက် ရှားပါးနေသည့် မိဘမေတ္တာကို ဖော်ကျူးထားသည့် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ရာ ယင်းဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ရခြင်းအတွက် လည်း ဂုဏ်ယူဝမ်းသာကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

“အခုနောက်ပိုင်းမှာ မိဘမေတ္တာကို ဖော်ကျူးတဲ့ ရုပ်ရှင်နည်းလာတယ်၊ ဒီဇာတ်လမ်းက တော်တော်လည်းကောင်းပြီး ရိုက်ကူးတဲ့အခါမှာလည်း သေသေချာချာ ပြင်ဆင်ရိုက်ကူး တင်ဆက်ထားတာ ဖြစ်ပါတယ်၊ ဇာတ်ကားကောင်းတစ်ကားလို့ ပြောလို့ရပြီး ကစ်ကစ်အနေနဲ့လည်း အမေကိုချစ်တဲ့ သမီးတစ်ယောက်ဖြစ်တဲ့အတွက် ဒီလိုမျိုးဇာတ်လမ်းမှာ ပါဝင်ရတဲ့အတွက် ဝမ်းသာပါတယ်” ဟု သရုပ်ဆောင် ဝတ်မှုန်ရွှေရည်က ပြောသည်။

“အမေဆိုတာက တစ်ခါတလေကျရင် ရိုက်ပြဖို့မေ့နေတတ်တာတွေရှိတယ်၊ ဒီဇာတ်ကားမှာကျတော့ အမေနဲ့ပတ်သက်တာကို သေသေချာချာလေးကို ရိုက်ပြထားတာဆိုတော့ အမေဆိုတာကို အားလုံးက မမေ့မလျော့ဘဲနဲ့ ရိုက်ပြပေးတာကို ကစ်ကလည်းကျေးဇူးတင်တယ်၊ ကစ်ရဲ့ရုပ်တည်မှုကလည်း အဓိက မိဘပေါ့၊ ကစ်အလုပ်လုပ်နေတာတွေကလည်း ရာခိုင်နှုန်းပြည့်နီးပါးက မိဘအတွက်ပဲ၊ ပြီးတော့မှသာ တခြားအရာတွေလာတာပါ”ဟု သရုပ်ဆောင်ဝတ်မှုန်ရွှေရည်က မိခင်အပေါ် ထားရှိသည့်သဘောထားကိုပြောပြသည်။ **ကိုလင်း**

# လှိုင်းတေးသံသွင်း၏ နှစ် ၅၀ ပြည့် ရွှေရတု အထိမ်းအမှတ် စီးရီးဖြန့်ချိမည်




အဆိုတော် ခင်မောင်တိုး၏ တေးစီးရီးများစွာကို ပင်တိုင်ထုတ်လုပ်ဖြန့်ချိခဲ့သော “လှိုင်း” တေးထုတ်လုပ်ရေး၏ နှစ်(၅၀) ပြည့် “ရွှေရတုအထိမ်းအမှတ်” တေးစီးရီးခွေကို ယခုလ ၂၇ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

အဆိုပါတေးစီးရီးတွင် အဆိုတော် အောင်ထက်၊ စောလားထော်ဝါး၊ Mဇော်ရိန်၊ မိုးသောက်၊ နေမင်းအိမ်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ အိုင်ရင်းဇင်မာမြင့်၊ ဘီလီလမင်းအေးနှင့် Jewel တို့ ပါဝင်သီဆိုထားသော တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးသီချင်းများအနေဖြင့် ယခင်က ခင်မောင်တိုး သီဆိုခဲ့သော တေးသီချင်းများကို ပြန်လည်သီဆိုထားခြင်းဖြစ်သည်။

“ဒီအခွေလေးကို လုပ်ဖြစ်တာကတော့ “လှိုင်း”တေးထုတ်လုပ်ရေးက ကိုဉာဏ်လင်းနဲ့ တိုင်ပင်ပြီး လုပ်ဖြစ်သွားတာပါ၊ သီချင်းတွေအားလုံးက တာဝန်ကြီးတာမို့ သီဆိုမယ့် အဆိုတော်ကအစ သေချာရွေးရတယ်၊ သီချင်းတွေဆိုလည်း တေးရေးဆရာ အဥ္ဇလီမောင်မောင်ရဲ့သီချင်းတွေ ဖြစ်နေတယ်၊ အဲဒီတော့ ကိုဉာဏ်လင်းက “လှိုင်း”ထုတ်လုပ်ရေးကနေ အမှတ်တရ အခွေလေးလုပ်မယ်ဆိုပြီး ပြောလာတယ်၊ ကျွန်တော်က ပင်တိုင်တီးခတ်ရမယ်ဆိုတော့ အင်မတန်ကို သေချာစိစစ်မှ ရတော့မယ်ဆိုတဲ့အသိက ရှိလာတယ်၊ သီချင်းစတိုက်ကြတဲ့အခါ မဖြူဖြူကျော်သိန်းတို့၊ စောလားထော်ဝါးတို့ တိုက်နေတဲ့အချိန်၊ အွန်လိုင်းပေ့ခ်ျတစ်ခုကနေလွှင့်တော့ အားလုံးကဝေဖန်ကြတယ်၊ သီချင်းတွေပျက်ပြီဆိုပြီးပြောလာကြတယ်၊ အဲဒီတော့ ပြောတဲ့သူတွေ အားလုံးကို ပြောချင်ပါတယ်၊ ကျွန်တော်တို့က ဒီသီချင်းတွေသီဆိုဖို့အတွက် ကီးချိန်နေတာပါ၊ ဒါကို ဒီသီချင်းကို ဒီလိုဆိုမှာလားလို့ပြောတာ တော်တော်ဆိုးပါတယ်၊ ကီးချိန်တယ်ဆိုတာ အဆိုတော်အသံသိဖို့ ဂီတာနဲ့ ညှိတာပါ၊ ဒါကိုဝေဖန်နေတာ မြင်ရတဲ့အခါ ဒါတောင်မသိဘဲ ဂီတလောကကို ဘယ်လိုသုံးသပ်ကြမှာလဲလို့ပဲ ပြောချင်ပါတယ်”ဟု Lazy Club မှ ကိုနိုင်ဇော်က ပြောသည်။ **ကိုလင်း**

# ပရိသတ်စိတ်ဝင်စားမှု ရဖို့ယခင်ကထက် ပိုကြိုးစားရမယ်ဆိုသည့် အဆိုတော် ဗညားဟန်

**ကိုလင်း**

မြန်မာသံစဉ် ဂီတလောကမှာ ကိုယ်ပိုင်သံစဉ်တေးသီချင်းများစွာဖြင့် အောင်မြင်မှုတွေရရှိခဲ့သည့် အဆိုတော် ဗညားဟန်တစ်ယောက် သူ၏ ၁၁ ခွေမြောက် တစ်ကိုယ်တော်ခွေထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည် ။

**မေး - ဂီတပိုင်းနဲ့ပတ်သက်ပြီး တစ်ကိုယ်တော် လုပ်နေတာလေး ပြောပါဦး။**

- အစ်ကိုရဲ့ တစ်ကိုယ်တော်အခွေက ကိုးပုဒ်လောက်ရှိပြီ။ ဖေ့စ်ဘုတ်လည်း တင်ထားပါတယ်။ နောက်ဆုံးစုံတွဲ တစ်ပုဒ်ပြီးရင် ခွေထွက်တော့မှာပါ။ စုံတွဲကိုလည်း အိအိချွန်နဲ့ဆိုဖို့ပဲ ကျန်ပါတော့တယ်။ တေးရေးဆရာကတော့ လူငယ်တေးရေးဆရာအသစ် ရာဇဝင်ရဲ့ တစ်ကိုယ်တော်ရေးဖွဲ့မှု ၁၀ ပုဒ်ပါပါမယ်။ "သတိရရဲ့လား မြခွာညို" ဆိုပြီး ပေးထားပါတယ်။

**မေး - အစ်ကိုရဲ့ဒီသီချင်းခွေက ဘယ်နှခွေမြောက်လို့ ပြောလို့ရမလဲ။ အရင်ဆိုနေကျ သံစဉ်အတိုင်းတွေပဲလား။**

- ကျွန်တော့်ရဲ့ တစ်ကိုယ်တော် ၁၁ ခွေမြောက်ပါ။ အတွဲခွေတွေတော့ မပါပါဘူး။ အရင် အစ်ကိုဆိုခဲ့တဲ့ သီချင်းတွေကို ကိုယ်လုပ်ချင်တိုင်း လုပ်ခဲ့တယ်။ ပရိသတ်က တည့်တည့်ပြောရရင် မြန်မာသံကို ပိုအားကျတယ်။ ပိုအားပေးတယ်။ အစ်ကိုက သီချင်းသံစဉ်မျိုးစုံ ဆိုပြတယ်။ သူ့တို့ မကြိုက်ကြဘူး။ အစ်ကိုဆိုနေကျဖြစ်တဲ့ ဝါဆိုမိုးနဲ့ ပြန်ခဲ့ပါ၊ သမုဒယ ဝါဆိုမိုး၊ မိုးကိုချစ်သည် ဒါပေမယ့် မုန်းသည်စတဲ့ ပုံစံမျိုးတွေ ဆိုထားတယ်။ ဒီအခွေမှာ ပရိသတ်ကြိုက်တဲ့ မြန်မာသံတွေ ပိုဆိုပြထားပါတယ်။

**မေး - အဆိုတော် တစ်ယောက်အနေနဲ့ အွန်လိုင်းပေါ်၊ You Tube တွေမှာ တင်တဲ့အပေါ်မှာ ဘယ်လိုမြင်မိလဲ ပြောပါဦး။**

- အစ်ကို့အနေနဲ့ အခုချိန်မှာ အလုပ်သင့်ဆုံးလို့ မြင်ပါတယ်။ အစ်ကိုတို့လို အနုပညာသမားတွေမှာ ဒီအချိန်မှာ ခွေထုတ်ပေးမယ့် ပရိုဂျူဆာမရှိဘူး။ နောက်ပိုင်းသူခိုးခွေတွေ ပေါ်လာတယ်။ ဘယ်သူမှလည်း ခွေဝယ်မကြည့်တော့ဘူး ဖြစ်လာတယ်။ ဆိုင်မှာ အစ်ကိုခွေတွေ တင်ရောင်းမယ်ဆိုရင် ပရိသတ်ကြားထဲ ဒီသီချင်းပျံ့ဖို့ တော်တော်ခက်တဲ့ကာလကို ရောက်သွားတော့ ကိုယ့်အနုပညာကို ပရိသတ်သိဖို့ အရေးကြီးတယ်လေ။



အွန်လိုင်းပေါ် တင်တယ်၊ ကိုယ့်ရဲ့ဖေ့စ်ဘုတ် စာမျက်နှာမှာ တင် တယ်။ You Tube မှာလည်း တင်ရတယ်။ ကိုယ့်တစ်ဦးတစ် ယောက် ရဲ့ အမြင်ကို ပြောတာပါ။ ဒီအချိန် အင်မတန်လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်လို့ မြင်ပါတယ်။

**မေး - ဝါရင့်အဆိုတော်အနေနဲ့ ဂီတလောကအပေါ်မှာ ဘယ်လိုသုံးသပ်မိတာမျိုးရှိမလဲ။**

- ဂီတလောက အခြေအနေကို ကျွန်တော် သိပ်မသုံးသပ်တတ်ပါဘူး။ ခေတ်ကာလအခြေအနေအရ ဝေဖန်ရတာ ခက်တယ်လေ။ ကိုယ့်တန်ရာတန်ရာနဲ့ ကြိုးစားပြီးတော့ လှုပ်ရှားရတာပါပဲ။ အရင်တုန်းကနဲ့စာရင် တော်တော်လေးကျပ်တည်းလာတယ်။ ကိုယ့်ဟာကိုယ်လှုပ်ရှားရတာဖြစ်တာမို့ လုပ်ရပိုခက်ခဲလာပါတယ်။

**မေး - မြန်မာသံတွေ ပရိသတ်ပိုအားပေးလာအောင် အစ်ကိုဘယ်လိုဆောင်ရွက်ဖို့ ရှိမလဲ။**

- ပရိသတ်တွေ မြန်မာသံစဉ်တွေ ပိုအားပေးလာဖို့ အရေးကြီးဆုံးကတော့ အသစ်အဆန်းပါပဲ။ အဟောင်းသံသရာထဲမှာ တဝဲလည်လည်ဖြစ်နေရင်တော့ ပရိသတ်က ငြီးငွေ့သွားမှာပဲ။ အစ်ကိုတို့တောင် ဆိုနေကျအတိုင်း ဆိုပြနေရင် ပရိသတ်က ကြာလာရင် ငြီးငွေ့သွားမှာပဲ။ အစ်ကို အောင်မြင်လာတာ ၁၀ နှစ်ကျော်ကျော်လောက်ရှိပြီ။ မြန်မာသံစဉ်ကို သစ်ဆန်းလာဖို့ကတော့ အရေးကြီးပါတယ်။ ဥပမာ- သဟာအောင်တို့၊ မနောတို့ ပေါ်လာတယ်။ မြန်မာသံတော့ မြန်မာသံပဲ။ ဆန်းသစ်လာအောင် လုပ်ထားတယ်။ ပုံစံလေးတွေကွဲလာတာကို ပရိသတ်က ကြိုက်ပါတယ်။ ပရိသတ်ကို အဆန်းအသစ်လေးတွေချပြနိုင်တဲ့ အနုပညာရှင်ကတော့ ဒီခေတ်မှာ အောင်မြင်မှာဖြစ်ပါတယ်။

**မေး - အခုနောက်ပိုင်း တေးရေးတွေနဲ့ မူပိုင်ခွင့်ပတ်သက်ပြီး ပြဿနာတွေ ဖြစ်ကြဆိုတော့၊ အခက်အခဲလေးဖြစ်ကြတယ်ဆိုတော့ အစ်ကိုဘယ်လိုပြောချင်လဲ။**

- အစ်ကို့အနေနဲ့ ဒါတွေကို ထွေထွေထူးထူးလို့ မမြင်ပါဘူး။ သီချင်းခွေ၊ သံစဉ်တွေဆိုနေကြတာပါပဲ။ အခုမှ မဟုတ်ပါဘူး။ ဟိုးအရင် ကတည်းကပါ။ အဲတုန်းက အဲလိုပြဿနာတွေ ဖြစ်ခဲ့ဘူးသလား။ သူတို့အကြောင်းတရားတွေနဲ့ သူတို့ပေါ့။

ကိုယ်တို့အနုပညာကို ငြိမ်းငြိမ်း ချမ်းချမ်းပဲ ဖန်တီးနေချင်တယ်။ အနုပညာကို ဖန်တီးပြီးတော့ ပရိသတ်ကို တင်ပြကြတာဖြစ်လို့ ရင်ထဲကနှလုံးဖြူစင်ဖို့ လိုပါတယ်။ ဒါတွေက ပရိသတ်အတွက် လုပ်နေကြတာပဲလေ။ ဘယ်သူ့အပေါ်မှ စော်ကားချင်လို့ နာမည် ခိုးသုံးတာလည်း မဟုတ်ပါဘူး။ ရုပ်ပျက်ဆင်းပျက်လုပ်တာဆိုရင်တော့ တစ်မျိုးပေ့ါ။ ကောင်းစေချင်လို့ လုပ်တာသင့်ရင် ခွင့်လွှတ်လိုက်ရင် ငြိမ်းချမ်းတယ်လို့လည်း ထင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မဝေဖန်ချင်ပါဘူး။ သူများအတွက်နဲ့ စကားကျံ့ပြီး အမှားလည်း မပြောချင်ဘူး။ ။

# နမ္မချိုမှော်သွားလမ်းပေါ်ရှိ မော်ဟန်ရွာဈေးကြီး တံတားအသစ် ပြန်လည်တည်ဆောက်

**မိုးညှင်း ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာဈေးကြီးလမ်းနှင့် နမ္မချိုမှော်သွားလမ်းပေါ်ရှိ မော်ဟန်ရွာဈေးကြီး တံတားကို အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ လာမည့် ဇန်နဝါရီလကုန်အပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည် ။

အဆိုပါ တံတားအား ၂၀၁၇-၂၀၁၈ ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀ မတည်ပြီး ကျေးရွာလူထုမှ ကူညီပံ့ပိုးငွေကျပ် ၃၅ သိန်း စုစုပေါင်းငွေကျပ် ၈၅ သိန်းခန့်အကုန်အကျခံ တည်ဆောက်လျက်ရှိပြီး တံတားမှာ အလျား ၂၄ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေရှိသော RC ကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည်။



"ဒီတံတားဟာ နမ္မချိုကျောက်စိမ်းမှော်သွားလမ်း မော်ဟန်ရွာအထက ကျောင်းလမ်းနဲ့ ရွာမဈေးကြီးလမ်းတွေကို ဖြတ်သန်းတည်ဆောက်ထားတဲ့ အဓိကတံတားဖြစ်သလို မန္တလေးကနေ နမ္မချိုကျောက်စိမ်းမှော်ကို မော်တော်ယာဉ်ကြီးတွေ အဓိက ဖြတ်သန်းသွားလာတဲ့ တံတားဖြစ်ပါတယ်၊ အရင်တံတားက ကျဉ်းမြောင်းတော့သွားလာရတာ ခက်ခဲပါတယ်၊ဒီတံတားကတော့ အားလုံးအဆင်ပြေတော့မှာပါ" ဟု မော်ဟန် ရွာမ ရပ်ကွက်နေဦးမောင်ငယ်က ပြောသည်။

အဆိုပါတံတားတည်ဆောက် ပြီးစီးပါက ကျောင်းသားကျောင်းသူများ၊ ဈေးသွားဈေးလာနှင့် ဒေသခံများ၊ နမ္မချိုကျောက်စိမ်းမှော်သို့ ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်ကြီးများအတွက် လျင်မြန်လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဝင်း**

# အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ကာကွယ်စောင့်ရှောက်ရေးဥပဒေပေါ်ထွက်လာရန် စီစဉ်နေ

**ဘားအံ ဒီဇင်ဘာ ၂၂**

"အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး နိုင်ငံအတွင်း အိမ်တွင်းအကြမ်းဖက်မှုတွေရှိတယ်၊ အဲဒီမှာစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေ အကြမ်းဖက်မှုရှိတဲ့အတွက်ဒါတွေကိုကာကွယ်ပေးဖို့ အသိပညာပေးဟောပြောနေသလို ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုလွှတ်တော်တင်ပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ကာကွယ်စောင့်ရှောက်ရေးဥပဒေ မကြာခင်ပေါ်ထွက်လာဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Matie Stopes Myanmar တို့ပူးပေါင်းပြီး ကျားမရေးရာနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု အခြေခံသင်တန်းဖွင့်ပွဲကို ဘားအံမြို့တော်ဝင်ရတနာခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသော အခမ်းအနားတွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။



"အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ လူ့အဖွဲ့အစည်းအတွင်းဖြစ်ပေါ်နေတာတွေကို သိရှိရတဲ့အတွက် လျော့ကျဖို့ ဆောင်ရွက်နေသလို ထိရောက်ဟန့်တားတဲ့ ပြစ်မှုပြစ်ဒဏ်တွေကို ချနေတဲ့အပိုင်းလည်းရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်းကို ကျားမရေးရာကျန်းမာရေးကိစ္စများ၊ လူမှုပတ်ဝန်းကျင်တွင် ကျားမအကြမ်းဖက်မှုများ ဘာကြောင့်ဖြစ်ရသလဲ၊ ဘာကွာဟမှုရှိနေလဲ၊ အခြေခံသဘောတရားများကို သိရှိနိုင်ရန်အတွက် ရည်ရွယ်ပြီးဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင်မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးခေါင်းစဉ်များဖြင့် သင်ကြားပေးခဲ့ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၂၀၃၀ အထိ ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှဝန်ထမ်းများ၊ အမျိုးသမီးများအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ပြီး ယင်းသင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ KOICA အဖွဲ့တို့ပူးပေါင်း၍ မြန်မာ့ဆယ်မာအူးလ်အွန်ဒုံကျေးရွာစီမံကိန်းလှုပ်ရှားမှုအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာတွင် ဒီဇင်ဘာလအတွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**မြို့နယ် (ပြန်/ဆက်)**

# အခြေခံကွန်ပျူတာ သင်တန်းဆင်း

**မိုးကောင်း ဒီဇင်ဘာ ၂၂**

မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၀ ရက်က မိုးကောင်းမြို့နတ်ကြီးကုန်းရပ်ကွက်အမှတ်(၃၆၁) ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်မြသွေးစံက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်၊ သင်တန်းထူးချွန်ဆုနှင့် သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများပေးအပ်ကြသည်။ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအနေဖြင့် အခြေခံလက်သမား၊ ပန်းရန်သင်တန်းနှင့် အခြေခံအပ်ချုပ် စက်သင်တန်းနှစ်ကြိမ်စီ၊ အခြေခံစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်း တစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာရက် ၂၀ ကြာမြင့်ကြောင်း သိရသည်။

**ဝင်းအောင်**

# တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းဆင်း

**တာချီလိတ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းမ၌ ဒီဇင်ဘာ ၂၀ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဦးနှင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးစံသိန်းကအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဦးစီးမှူးက သင်တန်းသားသင်တန်းသူ ၂၀ ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီးနောက် တက်ရောက်လာသူများက သင်တန်းသားသင်တန်းသူများ ပြုလုပ်ထားသည့် စားသောက်ကုန်များကို ကြည့်ရှုလေ့လာခဲ့သည်။

ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် သင်တန်းဆရာများက ဆန်၊ ပဲစင်းငုံ၊ ပြောင်း၊ ဂျုံနှင့် အသီးအနှံများကို အခြေခံပြုလုပ်သည့် ကိတ်၊ အာဟာရမှုန့်၊ ကွတ်ကီး၊ ပဲကိတ်လိပ်၊ ပဲရွှေချီ၊ ဆနွင်းမကင်း၊ ပူတင်း၊ ပဲချောင်းကြော်၊ အကြော်မှုန့်၊ တောင်ကြီးပဲရေပွကြော်၊ သစ်သီးယို၊ သစ်သီးဖျော်ရည်၊ ဂျယ်လီ ပြုလုပ်နည်းများကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# MPT ၏ LTE+ ကွန်ရက်ကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းများ ဆောင်ရွက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံတစ်ဝန်းရှိ MPT သုံးစွဲသူများအနေဖြင့် မြန်နှုန်းမြင့် ဒေတာကွန်ရက်များ၊ ကောင်းမွန်သောဖုန်းခေါ်ဆိုမှုများကို ရရှိအသုံးပြုနိုင်ရန်အတွက် MPT က နောက်ဆုံးပေါ်နည်းပညာများဖြင့် ဆန်းသစ်တီထွင်ထားသည့် LTE+ ကွန်ရက်ကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ နှစ်ကုန်တွင် မြို့နယ်ပေါင်း ၂၈၀ ၌ ဖြန့်ကြက်ချိတ်ဆက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT သည် မြန်မာပြည်တစ်ဝန်းရှိ သုံးစွဲသူများအားလုံးအတွက် အမြန်နှုန်းများကို ပိုမိုကောင်းမွန်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ နောက်ဆုံးပေါ် 4×4 MIMO နည်းပညာအသုံးပြုထားသည့် LTE+ ကွန်ရက်ပေါ်တွင် bandwidth ပမာဏကို ယခင်ကထက် နှစ်ဆတိုးမြှင့်လိုက်သည့်အတွက် သုံးစွဲသူများအနေဖြင့် ယခင်ကရရှိခဲ့သည့် နှုန်းထားထက် နှစ်ဆပိုမိုမြန်ဆန်သည့် ၃၀၀ Mbps အထိ အမြင့်ဆုံးအဖြစ် တိုးမြှင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုကွန်ရက်ကို အသုံးပြု၍ နည်းပညာကိုက်ညီသည့် မည်သည့်ဖုန်းအမျိုးအစားဖြင့်မဆို Download၊ Upload လုပ်ခြင်းများကို ပိုမိုမြန်ဆန်စွာ လုပ်ဆောင်နိုင်မည့်အပြင် ကြည်လင်ပြတ်သားသည့် High Resolution ဗွီဒီယိုများကိုလည်း အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန်မလိုဘဲ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ဒီဇင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည့် LTE+ ကွန်ရက်အကြောင်း မိတ်ဆက်ပွဲတွင် MPT မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

MPT အနေဖြင့် အဆိုပါ LTE+ ကွန်ရက်ကို မြို့နယ်ပေါင်း ၂၈၀ ရှိ သုံးစွဲသူများထံသို့ ၂၀၁၈ ခုနှစ် အကုန်တွင် ဖြန့်ကြက်ချိတ်ဆက်ပေးသွားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ MPT-KSGM Joint Operations ၏ Chief Technical Officer Mr. Noboru Edagawa က ယခုနှစ်အစောပိုင်းတွင် LTE+ ကို မိတ်ဆက်ခဲ့ပြီးသည့်နောက် သုံးစွဲသူများ၏ ဒေတာသုံးစွဲမှုနှုန်း အဆမတန်မြင့်တက်လာသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရန်ကုန်နှင့် အနီးတစ်ဝိုက်အပြင် သတ်မှတ်ထားသည့် နေရာများတွင်လည်း ပိုမိုလျင်မြန်သည့် ဒေတာအမြန်နှုန်းကို အသုံးပြုနိုင်မည့် LTE+ ကွန်ရက် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ MPT ၏ နောက်ဆုံးပေါ် LTE+ ကွန်ရက်ကို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်းများအားလုံးတွင် မကြာမီအချိန်အတွင်း ချိတ်ဆက် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

MPT အနေဖြင့် ဒေတာကွန်ရက် ပိုမိုကောင်းမွန်ရန်သာမက အရည်အသွေးကောင်းမွန်သည့် ကွန်ရက်ပေါ်မှ ဖုန်းခေါ်ဆိုမှုများ ရရှိရန်အတွက်လည်း ဆောင်ရွက်ခဲ့ကာ မိတ်ဆက်ပွဲတွင် အနာဂတ်၌ ပြောင်းလဲလာမည့် တယ်လီဖုန်းခေါ်ဆိုမှုအရည်အသွေးများကို လက်တွေ့သရုပ်ပြခဲ့သည်။ ပိုမိုကြည်လင်ပြတ်သားသော အသံခေါ်ဆိုမှုများနှင့် နောက်ခံ ဆူညံသံနည်းပါးသော ဖုန်းခေါ်ဆိုမှုများကို ပြုလုပ်နိုင်စေမည့် Voice over LTE (VoLTE) နည်းပညာကိုလည်း ချပြမိတ်ဆက်ခဲ့သည်။ “VoLTE နဲ့ဆိုရင် ကိုယ့်ဘေးနားမှာ လာထိုင်ပြီး စကားပြောနေသလိုပါပဲ၊ ဒီနည်းပညာက ပိုမိုကြည်လင်ပြတ်သားတဲ့ အသံခေါ်ဆိုမှုတွေကို နောက်ခံဆူညံသံအနည်းဆုံးနဲ့ ကြားရနိုင်စေမှာဖြစ်ပါတယ်”ဟု Mr. Noboru Edagawa က ပြောကြားသည်။

ထို့အပြင် Carrier Aggregation ဟုခေါ်သည့် နည်းပညာသစ်ကို အသုံးပြုမှုမှတစ်ဆင့် ရန်ကုန်မြို့ပေါ်ရှိ MPT သုံးစွဲသူများအတွက် အွန်လိုင်းသုံးစွဲမှုအတွေ့အကြုံများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုအဆင့်မြှင့်တင်မှုကို ဇန်နဝါရီလအတွင်း၌ ရန်ကုန်မြို့ရှိ Junction Mawtin, Junctioin Square နှင့် တော်ဝင်စင်တာ စသည့် ဈေးဝယ်စင်တာများတွင် စတင်သွားမည်ဖြစ်ကာ အဆိုပါနေရာများရှိ MPT သုံးစွဲသူများအနေဖြင့် ပိုမိုကောင်းမွန်သည့် အင်တာနက်သုံးစွဲမှု အတွေ့အကြုံကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။




LTE+ နည်းပညာသည် သုံးစွဲသူများ၏ မိုဘိုင်းကိရိယာများမှတစ်ဆင့် မတူညီသည့် LTE+ Frequency Bands နှစ်ခုကို ချိတ်ဆက်စေခြင်းဖြင့် MPT ၏ ဖုန်းလိုင်းကို အသုံးပြုသူများအတွက် LTE+ အတွင်း အလွှာအချင်းချင်းပေါင်းစပ်စေကာ အမြန်ဆုံး ဒေတာနှုန်းထားတစ်ခုကို ဖြစ်ပေါ်စေခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် MPT ၏ LTE+ အတွက် လှိုင်းနှုန်းစဉ်သုံးခုကို ပေါင်းစပ်ထားခြင်းဖြင့် အမြန်ဆုံးသော ဒေတာနှုန်းထားဖြစ်သည့် 800Mbps အထိကိုပင် ရရှိစေပြီး မြန်မာနိုင်ငံအတွင်း အမြန်ဆုံးနှုန်းထားတစ်ခုအဖြစ် မှတ်ကျောက်တင်နိုင်ပြီဖြစ်ကြောင်း LTE+ ကွန်ရက် အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းအကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

**New Product**

## ၂၄ မဂ္ဂါပစ်ဇယ် ဆယ်လ်ဖီကင်မရာပါတဲ့ Vivo V7 စမတ်ဖုန်းသစ်

Vivo V7 ဟာ အရည်အသွေးပိုင်းနဲ့ ဈေးနှုန်းသင့်တော်မှုကြောင့် နိုင်ငံတကာနဲ့ ပြည်တွင်းဈေးကွက်မှာ အထိုက်အလျောက် နာမည်ရနေတဲ့ Vivo ရဲ့နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာရော ပြည်တွင်းဈေးကွက်မှာပါ အခု ဒီဇင်ဘာလအတွင်းမှာ စတင်ရောင်းချနေတာဖြစ်ပါတယ်။

Vivo V7 ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိပြီး အခုနောက်ပိုင်းထွက် စမတ်ဖုန်းသစ်တွေရဲ့ထုံးစံအတိုင်း ဖုန်းကိုယ်ထည် ဘေးဘောင်တွေကို ပါးလျားအောင် ပြုလုပ်ထားလို့ ကိုယ်နဲ့ screen အချိုးဟာ ကွာခြားချက်နည်းပါးပါတယ်။ ဖုန်းကိုယ်ထည်ဟာ ပေါ့ပါးကျစ်လျစ်တဲ့ အလူမီနီယံကိုယ်ထည်ဖြစ်ပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ Nougat ထဲက နောက်ဆုံးဗားရှင်းဖြစ်တဲ့ 7.1.2 ကို အသုံးပြုထားပြီး UI အနေနဲ့ Funtouch OS3.2 ကို သုံးထားပါတယ်။ Hardware အပိုင်းမှာ Snapdragon 450 Chipset, Octa-core 1.8GHz CPU တို့ကို သုံးထားပြီး RAM က 4GB ပါဝင်ပါတယ်။ အင်တာနယ်မင်မိုရီက 32GB ရှိလို့ နည်းနေပေမယ့် မန်မိုရီကတ်ထပ်စိုက်သုံးရင် 256GB အထိ သုံးနိုင်သလို မန်မိုရီကတ်အတွက်လည်း သီးခြားအပေါက်တစ်ခု ပါဝင်ပါတယ်။

Vivo V7 ရဲ့အဓိက ထူးခြားချက်က ဆယ်လ်ဖီကင်မရာဖြစ်ပြီး ရှေ့ဘက်ဆယ်လ်ဖီကင်မရာကို ထူးထူးခြားခြား ၂၄မဂ္ဂါပစ်ဇယ်အထိ ထည့်ထားတာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေနဲ့ Video Chat အသုံးပြုမယ့်သူတွေအတွက် အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ နောက်ဘက်ကင်မရာကတော့ ပုံမှန်ဖုန်းအများစုမှာ ပါနေတဲ့ ၁၆ မဂ္ဂါပစ်ဇယ်ဖြစ်ပြီး ဓာတ်ပုံနဲ့ ဗီဒီယိုတွေ အရည်အသွေးကောင်းမွန်စေဖို့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေ ပေါင်းထည့်ထားပါတယ်။

နက်ဝပ်ပိုင်းအနေနဲ့ GSM နက်ဝပ်မှာ ဆင်းကတ်နှစ်ကတ် တစ်ပြိုင်တည်း ထည့်သုံးနိုင်ပြီး အင်တာနက်အတွက်လည်း 4G(LTE)အထိ ထောက်ပံ့ပေးထားပါတယ်။ Fingerprint Sensor ကတော့ ကျောဘက်မှာ ပါဝင်ပါတယ်။ Vivo V7 မှာ ဖုန်းပြောဆိုစဉ်နဲ့ မီဒီယာဖိုင်တွေဖွင့်စဉ် အသံပိုင်းအတွက်လည်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးထားပြီး အခြား ကောင်းမွန်တဲ့လုပ်ဆောင်ချက်တစ်ခုအနေနဲ့ USB on the go ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ဘက်ထရီပိုင်းအနေနဲ့လည်း 3000 mAh Li-ion ဘက်ထရီကို သုံးထားလို့ စွမ်းဆောင်ရည် ပြည့်ဝပါတယ်။




ပြည်တွင်းဈေးကွက်မှာ Vivo V7 ကို ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်၊ အနက်ရောင်နဲ့ အပြာရောင် သုံးမျိုးရနိုင်ပြီး လက်ရှိဈေးနှုန်းက ကျပ်သုံးသိန်းခွဲဝန်းကျင်ရှိပါတယ်။

**သူရဖြိုး**

## မြို့နယ်ပေါင်း ၉၀ နီးပါးတွင် အူရီဒူး၏ 4G Plus ကွန်ရက် လွှမ်းခြုံထားပြီးဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အူရီဒူးမြန်မာအနေဖြင့် ယခုနှစ် မေလအတွင်း 1800 MHZ လှိုင်းနှုန်းစဉ်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် 4G Plus ကွန်ရက်ကို ဆက်လက်ချဲ့ထွင်ခြင်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် မြို့နယ်ပေါင်း ၉၀ နီးပါး၌ ကွန်ရက်လွှမ်းခြုံထားပြီးဖြစ်ကာ ဆက်လက်၍လည်း ကွန်ရက်ကို တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးအနေဖြင့် ကွန်ရက်နှင့် အခြေခံအဆောက်အအုံများကို သိသာထင်ရှားစွာ တိုးချဲ့မည်ဖြစ်ကြောင်း၊ ကွန်ရက်ဖြန့်ကြက်မှုများအတွက် အတွေ့အကြုံပြည့်ဝထင်ရှားသော ကုမ္ပဏီနှစ်ခုဖြစ်သည့် Nokia နှင့် ZTE တို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းက မြို့နယ် ၉၀ နီးပါးကို အူရီဒူး၏ 4G ကွန်ရက် ဖြန့်ကြက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ တိုင်းဒေသကြီးအလိုက် အူရီဒူး၏ 4G ကွန်ရက် လွှမ်းခြုံထားမှုမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၃ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁ မြို့နယ်၊ နေပြည်တော်တွင် ခြောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငါးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် ခြောက်မြို့နယ်တို့ဖြစ်သည်။

ပြည်နယ်များတွင် ကွန်ရက်လွှမ်းခြုံထားမှုမှာ ရှမ်းပြည်နယ်တွင် ငါးမြို့နယ်၊ မွန်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကရင်ပြည်နယ်တွင် တစ်မြို့နယ်၊ ကချင်ပြည်နယ်တွင် တစ်မြို့နယ်တို့ဖြစ်ပြီး အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အူရီဒူးအသုံးပြုသူများအနေဖြင့် 4G အင်တာနက်ဒေတာကို ပုံမှန်နှုန်းဖြစ်သည့် 1MB လျှင် ငါးကျပ်နှုန်းဖြင့် ရယူအသုံးပြုနိုင်သလို ဒေတာအစီအစဉ်များ၊ Package များ ဝယ်ယူခြင်းဖြင့် ပိုမိုသက်သာသော နှုန်းထားများဖြင့်လည်း ရယူအသုံးပြုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# 4G လှိုင်းနှုန်းစဉ်အသုံးပြုမှု နှစ်ဆတိုးမြှင့်ရန် တယ်လီနောက ဒေါ်လာ သန်း ၈၀ ထပ်မံ ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တယ်လီနောမြန်မာသည် 1800 MHz လှိုင်းနှုန်းစဉ်၏ ထပ်ဆောင်းလှိုင်းနှုန်းစဉ်များဖြစ်သည့် 2x10 MHz ကို ထပ်ဆောင်းရယူရန် အမေရိကန်ဒေါ်လာ သန်း ၈၀ ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် တည်ငြိမ်ပြီး အဆင့်မြင့်မားသည့် 4G ဒေတာသုံးစွဲမှု အတွေ့အကြုံများ စဉ်ဆက်မပြတ် ပေးအပ်နိုင်ရန်အတွက် ကွန်ရက်အဆင့်မြှင့်တင်မှုများကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ မိုဘိုင်းဒေတာသုံးစွဲမှုကို လွန်စွာအလေးထား အသုံးပြုနေတာဖြစ်လို့ ဒီလိုမြင့်မားတဲ့ အသုံးပြုမှုတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ရာ တယ်လီနောအနေနဲ့ ခေတ်မီ အဆင့်မြင့်ကွန်ရက်တစ်ခု ဖော်ဆောင်ထားဖို့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်လုပ်ဆောင်လျက် ရှိပါတယ်၊ ဒီနေ့အချိန်အခါမှာဆိုရင် တယ်လီနောအနေနဲ့ အရည်အသွေးမြင့်မားတဲ့ 4G ဝန်ဆောင်မှုတွေကို တိုးချဲ့ပေးအပ်နိုင်ဖို့ လှိုင်းနှုန်းစဉ်အသုံးပြုမှုကို နှစ်ဆတိုးမြှင့်လိုက်တာဖြစ်လို့ သုံးစွဲသူတွေအနေနဲ့ တည်ငြိမ်ချောမွေ့ပြီး အပြတ်အတောက်ကင်းတဲ့ အင်တာနက်ဝန်ဆောင်မှုတွေကို လက်ငင်း ပိုမိုတွေ့ကြုံရရှိကြမှာဖြစ်သလို အဆောက်အအုံတွေရဲ့ အတွင်းပိုင်းကျကျ နေရာတွေအထိကိုပါ ပိုမိုကောင်းမွန်တဲ့ ကွန်ရက်လွှမ်းခြုံမှုတွေ ရှိလာစေမှာလည်း ဖြစ်ပါတယ်”ဟု တယ်လီနော၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

တယ်လီနောသည် 1800 MHz လှိုင်းနှုန်းစဉ်၏ ပထမဆုံး 2x10 MHz ကို ယခုနှစ် မေလအတွင်းက အမေရိကန် ဒေါ်လာ သန်း ၈၀ ဖြင့် အသုံးပြုခွင့်ရရှိထားခဲ့ပြီးဖြစ်သည်။ 1800 MHz လှိုင်းနှုန်းစဉ်ကို အသုံးပြုခွင့် လုပ်ငန်းစဉ်တွင် ထပ်ဆောင်းလှိုင်းနှုန်းစဉ်များကို အများဆုံး 2x10 MHz အထိ ဆက်သွယ်ရေးအော်ပရေတာများအား ထပ်မံရယူခွင့်ပြုထားပြီး ဦးစွာလျှောက်ထားသူကို ဦးစားပေး အသုံးပြုခွင့်စနစ်ဖြင့် ခွင့်ပြုထားခြင်းဖြစ်ကာ တယ်လီနောသည် ထပ်ဆောင်းလှိုင်းနှုန်းစဉ်များ ရယူခွင့်ကို ပထမဆုံး ရယူအသုံးပြုသည့် အော်ပရေတာဖြစ်ကြောင်းလည်း သိရသည်။

တယ်လီနောမြန်မာသည် မြန်မာနိုင်ငံအတွင်း၌ 4G ကွန်ရက်များကို ဆက်လက်တိုးချဲ့လျက်ရှိရာ ယခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၏ မြို့ကြီးများနှင့် ထင်ရှားသော ခရီးသွားနေရာများအပါအဝင် နေရာ ၅၀ သို့ ကွန်ရက်လွှမ်းခြုံထားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ မြို့ပြလူဦးရေ စုစုပေါင်း၏ သုံးပုံ နှစ်ပုံသည် တယ်လီနော၏ 4G ကွန်ရက်လွှမ်းခြုံမှု ရသည့်နေရာတွင် ရှိလာနေပြီဖြစ်သည်။

“မြန်မာနိုင်ငံအနေနဲ့ ဒစ်ဂျစ်တယ်အခြေပြု စီးပွားရေးကဏ္ဍကို အရှိန်အဟုန်နဲ့ ဖော်ဆောင်သွားဖို့ ရှင်းလင်းသေချာတဲ့ ရည်မှန်းချက်ရှိနေပြီး အဆင့်မြင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံတွေ တိုးချဲ့ဖော်ဆောင်မှုက နိုင်ငံရဲ့ဒစ်ဂျစ်တယ်အခြေပြု ပြုပြင်ပြောင်းလဲမှုတွေအတွက် အများကြီးအထောက်အကူပြုမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်၊ မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းကြီးတွေထဲက တစ်ခုအနေနဲ့ စီးပွားရေးလုပ်ငန်းသစ်တွေ ပေါ်ထွန်းစေမယ့်၊ အလားအလာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆွဲဆောင်နိုင်စေမယ့် ဒစ်ဂျစ်တယ်စကြံန်တစ်ခု ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ဆက်လက် အားပေးကူညီသွားမှာ ဖြစ်ပါတယ်”ဟု တယ်လီနော အမှုဆောင်အရာရှိချုပ်က ဆက်လက်ပြောကြားသည်။

တယ်လီနောသည် မြန်မာနိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ် လုပ်ငန်းများစတင်ချိန်မှ ယနေ့အထိ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကာ တာဝါတိုင်ပေါင်း ၈၀၀၀ ခန့်ကို အသုံးပြု၍ မိုဘိုင်းနှင့် ဒေတာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ သုံးစွဲသူ ၁၉ သန်းကျော်အား ဝန်ဆောင်မှုများပေးလျက်ရှိသည်။

**သူရဖြိုး**

## အင်းလေးဇုန်ဝင်ကြေးကောက်ခံမှုကိစ္စ ရှင်းလင်းဆွေးနွေး

**ညောင်ရွှေ ဒီဇင်ဘာ ၂၂**

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးဇုန်ဝင်ကြေး ကောက်ခံမှုကိစ္စ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက်က ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးစိုင်း ရှုန်တစ်လုံက အင်းလေးဇုန်ဝင်ကြေးကောက်ခံမှုကိစ္စ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက အင်း လေးဇုန်ဝင်ကြေးကောက်ခံမှုကိစ္စနှင့် ပတ်သက်၍ မိမိတို့၏ သဘောထားအမြင်များကို ထုတ်ဖော်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး ဆွေးနွေးပွဲပြုလုပ်

**မြောင် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လူမှုရေးဆိုင်ရာသုတေသနအဖွဲ့(SPPRG)တို့ ပူးပေါင်း၍ မြောင်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက်က မြောင်မြို့ဝင်းသီဂီခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဘိုစန်းက စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ လူမှုရေးဆိုင်ရာ သုတေသနအဖွဲ့မှ ပရိုဂရမ်ဒါရိုက်တာ မစ္စတာ Harmmu က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရပ်ကွက် ကျေးရွာများမှ အသင်းအဖွဲ့ဝင် ၁၈၁ ဦး တက်ရောက်ပြီး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ဆက်လက်ပြုလုပ်ခဲ့သည်။ **တင်ကိုကို**

## ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လင်းခေးမြို့နယ်၌ကျင်းပရေး အကြိုညှိနှိုင်း

**တောင်ကြီး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွင်း ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

လင်းခေးမြို့တွင် ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တာဝန်ရှိသူတို့အနေဖြင့်အဘက်ဘက်မှ အတူတကွ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ တာဝန်ရှိသူတစ်ဦး လင်းခေးနှင့် လွိုင်လင်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း နွေစပါး ၃၀၀၁၅ ဧက စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေများကို ငမိုးရိပ်ဆည်နှင့် လဂွမ်းဆည်တို့မှ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပေးဝေလျက်ရှိရာ ငမိုးရိပ်ဆည် ရေမြောင်းများမှ ဒီဇင်ဘာ ၁၆ ရက်တွင် ရေပေးနေစဉ်။**

မြို့နယ်(ပြန်/ဆက်)

## မသန်စွမ်းသူများအား ဝှီးချဲ၊ ချိုင်းထောက်နှင့် အထောက်အကူပြုကိရိယာများ ထောက်ပံ့ပေးအပ်

**ဖန်းမော် ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် ဖန်းမော်မြို့မှ မသန်စွမ်းသူများအား မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ဖန်းမော်ခရိုင်ရုံးခွဲ)က ဝှီးချဲ၊ ချိုင်းထောက်၊ တုတ်ကောက်နှင့် အခြားအထောက်အကူပြု ကိရိယာများကို ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က မြို့မရပ်ကွက် ပျိုးခင်းအားမာန် စာကြည့်တိုက်၌ ကျင်းပသည်။

အထောက်အကူပြုကိရိယာများ ပေးအပ်ပွဲတွင် မြို့မရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ဖန်းမော်ခရိုင်ရုံးခွဲ)ဥက္ကဋ္ဌ အရှင်ဩဘာသ အထောက်အကူပြု ကိရိယာများပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဖန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးသန်းထွန်းအောင်က မသန်စွမ်းသူများအနေဖြင့် အားငယ်ခြင်းမရှိဘဲ ဘဝတွင် ရဲရဲရင့်ရင့် ရင်ဆိုင်ဖြတ်သန်းကြရန် အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး၊ ဥက္ကဋ္ဌဆရာတော်နှင့် တာဝန်ရှိသူများက ဖန်းမော်မြို့ရှိ မသန်စွမ်းသူများထံသို့ ဝှီးချဲရှစ်ခု၊ ချိုင်းထောက် သုံးစုံ၊ မျက်မမြင်တုတ်ကောက် ငါးချောင်းနှင့် ရိုးရိုးတုတ်ကောက် နှစ်ချောင်းတို့ကို ပေးအပ်ခဲ့သည်။



"အရင်က သစ်သားချိုင်းထောက်နဲ့ သွားလာနေရတော့ အဆင်မပြေဘူး၊ အခုတော့ ဒီချိုင်းထောက်အသစ်ရလာတဲ့အတွက် လမ်းလျှောက်ရတာ ပိုအဆင်ပြေလာမယ်၊ ချိုင်းထောက်အသစ်ရလို့ အလွန်ဝမ်းသာမိပါတယ်၊ ဘုန်းဘုန်းနဲ့တကွ လှူဒါန်းပေးကြတဲ့သူ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်"ဟု ချိုင်းထောက်အသစ် လက်ခံရရှိသူ ဒေါ်အေးဆွယ်က ကျေးဇူးတင်ဝမ်းသာစကားပြောကြားခဲ့သည်။

ဝှီးချဲ၊ ချိုင်းထောက်နှင့် တုတ်ကောက်များကို လက်ခံရရှိသူများအနေဖြင့် ပျက်စီးသွားမည်စိုးသောကြောင့် သိမ်းဆည်းထားခြင်းမပြုဘဲ အမှန်တကယ် အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်သည့်အတွက် ကောင်းမွန်စွာ အသုံးပြုကြပါရန်နှင့် ပျက်စီးသွားခဲ့ပါက နောက်ထပ် အသစ်ထပ်မံလှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း ဆရာတော် အရှင်ဩဘာသက မိန့်ကြားခဲ့သည်။ **မင်းမင်းဦး**

## ကလေး ၁၁၇၃၂ ဦးအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့

**တနင်္သာရီ ဒီဇင်ဘာ ၂၂**

တနင်္သာရီမြို့နယ်အတွင်း ပြည်သူလူထု အခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်ထိုးပေးခဲ့ရာ နောက်ဆုံး သတ်မှတ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၂၀ရက် ညနေ ၄ နာရီခွဲအထိ ကလေးငယ်ပေါင်း ၁၁၇၃၂ ဦးတို့ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံဆရာမထံမှ သိရသည်။



ကာကွယ်ဆေးများကို အသက် ကိုးလမှ ငါးနှစ်အထိ ကလေးများနှင့် ပထမအကြိမ် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးစဉ်က ကျန်ရှိသော အသက် ၁၅ နှစ်အောက်ကလေးများအား ထိုးပေးခဲ့ခြင်းဖြစ်ကာ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးရန် ကြိုတင်စာရင်း ကောက်ယူမှုအရ ကလေးဦးရေ ၁၁၇၄၄ ဦးရှိသည့်အနက် ၁၁၇၃၂ ဦးတို့အား ကျေးရွာများအလိုက် ကွင်းဆင်းထိုးနှံပေးနိုင်ခဲ့၍ ကလေး ၁၂ ဦးသာ ကျန်ရှိခဲ့ကြောင်း၊ ကျန်ရှိခဲ့သည့် ကလေး ၁၂ ဦးမှာ လက်ရှိနေမကောင်းသူနှင့် မိဘများက ကောလာဟလစကားများကို နားယောင်ပြီး ဆေးထိုးရန် စိုးရိမ်ကြောက်ရွံ့နေသူများဖြစ်ကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပုလဲ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်ရေသောက်ဧရိယာအတွင်းမှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒေသခံပြည်သူများ ပါဝင်၍ ပုထိုးသာကျေးရွာ ပညာဝေပုလ္လ စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစောသက်ခိုင်ဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းအောင်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းမန်နေဂျာဦးမင်းဇော်ဦးက စီမံကိန်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု ကျွမ်းကျင်သူ ဦးမင်းမင်းနှင့် လူမှုကာကွယ်စောင့်ရှောက်မှုကျွမ်းကျင်သူ ဒေါ်စန္ဒာတင်ရွှေတို့က ကနဦး ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ၊ ဒေသခံပြည်သူများ၏အမြင်အပေါ် အခြေခံပြီး ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ လျှော့ချကာကွယ်နည်းများနှင့် နစ်နာမှုများအတွက် ပြန်လည်ဖြေရှင်းရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက စီမံကိန်းနှင့်ပတ်သတ်၍ သိရှိလိုသည်များကို




မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ မြောက်ယမားဆည်ရေသောက်ဧရိယာအတွင်းမှ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မြေဆီလွှာစီမံခန့်ခွဲမှုဆိုင်ရာ ပညာပေး ဆွေးနွေး

**ရေတာရှည် ဒီဇင်ဘာ ၂၂**

ကျေးလက်ဒေသနေ တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု စီမံကိန်း (ADSP)၏ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချမှုဌာန (ခွဲ) ရုံးချုပ်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆွာချောင်းဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူများအား မြေဆီလွှာ စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကွင်းကြီးကျေးရွာအုပ်စု ကုန်းကြီးကျေးရွာအုပ်စုများမှ ဒေသခံတောင်သူ ၁၂၀ တက်ရောက်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါသိန်းက စိုက်ပျိုးမြေနှင့်ရေအသုံးချရေးနည်းလမ်းများကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်မြင့်က မြေဩဇာအသုံးပြုခြင်းဆိုင်ရာ အသိပညာများအားလည်းကောင်း၊ ဒေါက်တာ စန်းလှထွေးက မြေဆီလွှာအကြောင်းသိကောင်းစရာများနှင့် မြေပြုပြင်ခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ရာသီအလိုက်သီးနှံများစိုက်ပျိုးရာတွင် တောင်သူများကြုံ တွေ့ကြရသည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များမရှိစေရန် အပင်အာဟာရဓာတ်စီမံခန့်ခွဲခြင်းနှင့် သဘာဝ မြေဆွေးအရေးပါပုံ၊ ပြုလုပ်သုံးစွဲနည်းများကို တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကော့သောင်းမြို့တွင် ကလေးစာပေပွဲတော် ကျင်းပမည်

**ကော့သောင်း ဒီဇင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီးအစိုးရ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော် (ကော့သောင်း) ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် (သောကြာနေ့နှင့် စနေနေ့)တွင် ကော့သောင်းမြို့ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ကာတွန်းပြခန်း၊ ကဗျာပြခန်းများအပြင် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ကျောင်းသူကျောင်းသားအရွယ် ကလေးငယ်များ ပြင်ပဗဟုသုတ တိုးပွားစေရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ မူးယစ်ဆေးဝါး ဆိုးကျိုးများ၊ မြန်မာနိုင်ငံတောင်ဘက်စွန်းမှ ပင်လယ်ပျော် ဆလုံလူမျိုးများ၏ နေထိုင်မှုဓလေ့စရိုက်များ၊ စနစ်တကျ အမှိုက်စွန့်ပစ်တတ်လာရေး၊ နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်လျက်ရှိသည့် လူမှောင်ခို၊ လူကုန်ကူးမှု အသိပညာပေးခြင်းဆိုင်ရာများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ စသည်တို့ကို ဟောပြောမည့် ပညာပေးအစီအစဉ်များ၊ ဓာတ်ပုံပြခန်းများလည်း ခင်းကျင်းပြသ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်(ကော့သောင်း)ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး စာပေဝါသနာနှင့် စာဖတ်ခြင်းအလေ့အထများ တိုးပွားလာစေရန်၊ ကလေးများအား ပျော်ရွှင်မှုဖန်တီးပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကော့သောင်းမြို့ပေါ် အခြေခံပညာကျောင်းများနှင့် မြို့အနှံ့တွင် ကြော်ငြာပိုစတာများဖြင့် အသိပေးနိုးဆော် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးမှုနှင့် မှုခင်းကျဆင်းရေး ရပ်ကွက်နေပြည်သူများအား အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၂၂**
ရန်ကုန်မြို့ ဆိပ်ကမ်းသာမြို့နယ် ရဲရိပ်သာရပ်ကွက် မိသားစုဓမ္မာရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ဦးဆောင်ကာ ရပ်ကွက်ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် မှုခင်းများကျဆင်းရေးအတွက် ဒီဇင်ဘာ ၂၀ ရက်က အသိပညာပေး ဟောပြောခဲ့သည်။

ဆိပ်ကမ်းသာမြို့နယ် ရဲရိပ်သာရပ်ကွက် မိသားစုဓမ္မာရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးစီးကျင်းပသော ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအသိပညာပေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲတွင် ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဆိပ်ကမ်းမြို့မရဲစခန်းမှူး ရဲအုပ်ဟန်ထွန်းအောင်၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဇော်မင်းထွန်းနှင့် အဖွဲ့ဝင်များက အသိပညာပေးဟောပြောကြပြီး လူငယ်၊ လူလတ်နှင့် လူကြီး အလွှာပေါင်းစုံမှ ပြည်သူများ တက်ရောက်ကြသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**


ပြည်သူများအား ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး ဟောပြောစဉ်

# ဖျာပုံခရိုင်တွင် ဒီဇင်ဘာလအတွင်း စပါးဈေးနှင့် ဆန်ဈေးများ ကျဆင်းလျက်ရှိ

**ဖျာပုံ ဒီဇင်ဘာ ၂၂**
ဖျာပုံခရိုင်တွင် တောင်သူများအနေဖြင့် မိုးစပါးအားလုံးလိုလို ရိတ်သိမ်းပြီးဖြစ်၍ စပါးဈေးနှင့်ဆန်ဈေးများ ကျဆင်းလျက်ရှိနေကြောင်း စပါးကုန်သည်နှင့် ဆန်ကုန်သည်များထံမှ သိရသည်။

စပါးပေါ်ဦးစက သက်ငယ်စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်း ရှိခဲ့ရာမှ ယခုအချိန်တွင် စပါးတင်း၁၀၀လျှင် ကျပ်ခြောက်သိန်းကျော်၊ သက်ကြီးစပါး တင်း ၁၀၀ လျှင် ကျပ်၁၁သိန်း ရှိခဲ့ရာမှ ယခုတင်း ၁၀၀ လျှင် ကျပ် ရှစ်သိန်းခွဲခန့် ဈေးနှုန်းဖြင့်သာ ရောင်းဝယ်လျက်ရှိကြသည်။

စပါးဈေးကျဆင်းလာသဖြင့် ဆန်ဈေးများလည်း ကျဆင်းနေကြောင်း သိရသည်။ ဖျာပုံမြို့ဆန်ဈေးကွက်မှ ဈေးနှုန်းများအရ နိုဝင်ဘာလကုန်အထိ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ ရှိခဲ့သော ဖျာပုံတောင်ပျံ/ဘေးကြား ဆန်ဟောင်းမှာ ဒီဇင်ဘာ ၁၉ ရက်တွင် ၃၅၀၀၀ ကျပ်အထိ လျော့ကျနေပြီး ဖျာပုံတောင်ပျံ/ဘေးကြားဆန် အသစ်များမှာ တစ်အိတ်လျှင် ၂၈၀၀၀ ကျပ် ရှိသည်။ သက်ငယ်(အချွန်) ဆန်မှာ နိုဝင်ဘာလကုန်အထိ တစ်အိတ် ၂၆၀၀၀ ကျပ် ရှိခဲ့ရာမှ ယခုအချိန်တွင် ဆန်တစ်အိတ်လျှင် ၂၂၀၀၀ ကျပ်သာရှိတော့ကြောင်း သိရသည်။



စပါးဈေးနှင့်ဆန်ဈေး ကျဆင်းရခြင်းမှာ မိုးစပါးများကို တောင်သူအများစု ရိတ်သိမ်းပြီးစီး၍ နွေစပါးပြန်လည်စိုက်ပျိုးကြရန်အတွက် အထွေထွေကုန်ကျစရိတ်များ ရှိနေခြင်းအပေါ် စပါးကုန်သည်များက အခွင့်ကောင်းယူကာ စပါးများကို ဈေးနှိမ်ပြီး ဝယ်ယူနေကြခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် တောင်သူများ ကုန်ကျစရိတ်အတွက် အဆင်ပြေစေရန် ခရိုင်အတွင်းရှိ မြို့နယ်များတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များက နွေစပါး တစ်ဧကလျှင် စိုက်စရိတ် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် တောင်သူများထံ ချေးငွေများ ထုတ်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အစည်းအဝေးကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အထောက်အကူပြု ကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်က တောင်ငူမြို့မေတ္တာနှင့် စေတနာ သွေးအလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ နာယက ဦးမြင့်ညို(အမေ့အိမ်)နှင့် ဦးကျော်လှ (သမာဓိ)တို့က အမှာစကားပြောကြားကြပြီး ဥက္ကဋ္ဌ ဦးရဲဝင်း (ရွှေဝါပဲဆီသန့်)နှင့် ဒုဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)တို့က မီးဘေးအထောက်အကူပြုကော်မတီ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တောင်ငူခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် တောင်ငူမြို့နယ်အတွင်းရှိ မီးသတ်ရေကန်များ ရေဖြည့်ထားရှိရေး၊ မီးသတိပေး ဗီနိုင်းကြော်ငြာများ ချိတ်ဆွဲရေး၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်နှင့် သဲအိတ်၊ ရေအိတ်များထားရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်းသို့ကွင်းဆင်းပြီး ပညာပေးလှုံ့ဆော်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

# ရေတာရှည်မြို့နယ်တွင် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဧက ၁၅၀ စတင်ဆောင်ရွက်နေ

**ရေတာရှည် ဒီဇင်ဘာ ၂၂**
ကျေးလက်ဒေသနေတောင်သူများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၁၅၀ ကို စံနမူနာပြု စက်မှုလယ်ယာစနစ်ကျလယ်ယာမြေအဖြစ် ယခုနှစ် နွေစပါးစိုက်ပျိုးချိန်အမီ စတင်ဖော်ဆောင်ခြင်း လုပ်ငန်းများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် မိုးတက်လမ်းကုမ္ပဏီက တာဝန်ယူကာ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။



"တောင်သူတွေအနေနဲ့ လယ်ယာမြေစိုက်ပျိုးရာမှာ မြေအနေအထားအဆင်မပြေတာ အများကြီးရှိပါတယ်၊ အခုခေတ်မှာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို အချိန်အဟုန်နဲ့ပြောင်းလဲလာတဲ့အခါမှာ စက်တွေသွားလာဖို့ ကုန်ထုတ်လမ်းမရှိလို့သူများအကွက်ကိုဖြတ်ကြရတာ၊ လမ်းပိတ်ဆို့မှု မဖြစ်အောင် တက်သုတ်ရိုက်ပြီး စိုက်ပျိုးကြရတဲ့အခါမှာ သီးနှံတွေအနေနဲ့ မြေဆီသြဇာကောင်းမွန်သလောက် အကျိုးခံစားခွင့် ဆုံးရှုံးကြရတာတွေရှိပါတယ်၊ အခုလို စနစ်ကျလယ်ယာမြေတွေ ဖော်ဆောင်ပေးတဲ့အခါမှာ ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ရေယူအဆောက်အအုံ၊ စက်ဆင်းလမ်းတွေပါ ပါဝင်မှာဖြစ်တဲ့အတွက် တောင်သူတွေအများကြီးအဆင်ပြေသွားမှာဖြစ်ပါတယ်"ဟု မိုးတက်လမ်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ညီညီလွင်က ဒီဇင်ဘာ ၁၉ ရက်က ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် လယ်မြေများကို ကွေကွက်များဖော်ဆောင်သည့်အခါ တွေ့ကြုံရမည့်အခက်အခဲနှင့်ပတ်သက်၍ တောင်သူများ၏မေးမြန်းမှုများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များက လည်းကောင်း၊ အပေါ်ယံမြေဆီလွှာ ပျက်စီးဆုံးရှုံးမှုနှင့် အစားထိုးပြန်လည်ဖြည့်တင်းရမည့် နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်ကလည်းကောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**

# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်စဉ် (GAP Guideline)နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရောင်းချရေး နှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝ ကောင်းမွန်သောသီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်တင်ပို့ ရောင်းချနိုင်ရေးအတွက် မြန်မာ GAP နည်းပညာ လက်စွဲ (GAP Protocol)အား အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ထုတ်ကုန်အရည်အသွေးပြည့်ဝကောင်းမွန်ရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးကဏ္ဍနှင့် လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေးကဏ္ဍစသည့် ကဏ္ဍကြီး လေးရပ်ပေါ်မူတည်၍ ပြုစုရေးဆွဲခဲ့ပြီး အများပြည်သူ သိရှိနားလည်စေရေးအတွက် အသိပေးကြော်ငြာခြင်း အခမ်းအနားကို နေပြည်တော်၊ Man Myanmar Hotel ၌ ၁၀-၁၁-၂၀၁၇ နေ့ရက်တွင် အောင်မြင်စွာ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အများဆုံး စားသုံးသီးနှံနှင့် ပြည်ပပို့ကုန်အများဆုံးသီးနှံများ ဖြစ်သည့် သရက်၊ ကျွဲကော၊ သခွားမွှေး၊ ဖရဲ၊ ထောပတ်သီး၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း)၊ နှမ်း၊ မြေပဲ၊ စပါးနှင့် ကော်ဖီစသည့် သီးနှံ (၁၅) မျိုးတို့၏ GAP ကျင့်စဉ်များအား ထုတ်ပြန်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသောသီးနှံများ စားသုံးနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအနေဖြင့် မြန်မာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်စဉ်များ (GAP Guideline) ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သီးနှံအလိုက် GAP ကျင့်စဉ်များအား စိုက်ပျိုးရေးဦးစီးဌာန၏ website www.doa.gov.mm နှင့် Facebook page www.facebook.com/doamoali တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင် ဇီဝနည်းပညာဌာနခွဲ (ရုံးချုပ်)၊ ဖုန်းနံပါတ် ၀၆၇-၄၁၀၁၄၇၊ ၄၁၀၅၂၅၊ ၄၁၀၃၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# မတော်တဆ ထိခိုက်မှုနှင့် သေဆုံးမှုဖြစ်စဉ်များ လျှော့နည်းရေးဟောပြော

**ညောင်ဦး ဒီဇင်ဘာ ၂၂**

ရထားရဲတပ်ဖွဲ့ အမှတ် ၁၈ တပ်ခွဲ၊ တပ်စု ၃ ပုဂံမှ တပ်စုမှူး ရဲအုပ်အောင်ကျော်မိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များအဖွဲ့က ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီက ညောင်ဦးမြို့နယ် ငါ့လင်းပုတ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးငွေညွန့်နှင့် ပူးပေါင်း၍ အဆိုပါ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများကို မီးရထားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုဖြစ်စဉ်များ လျှော့နည်းကျဆင်းစေရန် ရည်ရွယ်၍ အသိပညာပေး ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ကွင်းဆင်း ဟောပြောပွဲသို့ ငါ့လင်းပုတ်ကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး ရထားရဲတပ်ဖွဲ့ အမှတ် ၁၈ တပ်ခွဲ၊ တပ်စု ၃ ပုဂံမှ တပ်စုမှူးရဲအုပ်အောင်ကျော်မိုးက မီးရထားဖြင့် လူ၊ တိရစ္ဆာန်များ မတော်တဆ ထိခိုက်မိ၍ သေဆုံးမှုဖြစ်စဉ်များ၊ မီးရထားအား ခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများ အရေးယူခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ရထားပို့ဆောင်ရေး ဥပဒေပုဒ်မများအကြောင်းကို အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တပ်စုမှူး ရဲအုပ်အောင်ကျော်မိုးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ကရင်ပြည်နယ်အတွင်း တိရစ္ဆာန်ကောင်ရေကောက်ယူခြင်း ဆောင်ရွက်မည်

**ဘားအံ ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို နှစ် ၂၀ကျော်ကြာပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းလုပ်ငန်းကို ၁၉၇၉ ခုနှစ်ကနေ၁၉၉၄ ခုနှစ်အထိ ကောက်ယူခဲ့ပါတယ်၊ အဲဒီနောက်ပိုင်း မကောက်ဖြစ်တာ ယနေ့အထိ ၂၄ နှစ်ကြာခဲ့ပြီဖြစ်လို့ အခုပထမဆုံးအကြိမ် ပြန်လည်ကောက်ယူသွားမှာဖြစ်ပါတယ်"ဟု ကရင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းဇင်မောင်က ပြောသည်။

တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် ၂၀ ရာခိုင်နှုန်းအထိ ကောက်ယူသွားမည်ဖြစ်ပြီး စာရင်းကောက်ယူခြင်းကို ရပ်ကွက် ၂၀ ရာခိုင်နှုန်း၊ ကျေးရွာ ၂၀ ရာခိုင်နှုန်းတို့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ရပ်ကွက် ကျေးရွာပေါင်း ၃၉၀ တွင် ကောက်ယူသွားမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောသည်။

တိရစ္ဆာန်ကောင်ရေ ကောက်ယူရာတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ခွေး၊ ငုံး၊ ကြက်၊ ဘဲ၊ ဘဲငန်း၊ ကြက်ဆင်၊ မန်ဒါလီ စသည့်တိရစ္ဆာန်များကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းများကောက်ယူနိုင်ရေးအတွက် ရပ်ကွက် ကျေးရွာများတွင် သင်တန်းများပို့ချပေးလျက်ရှိပြီး ယင်းသင်တန်းများကို ဘားအံမြို့နယ်အတွင်း ၁၆ ကြိမ် ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်းဇယားများအား အတည်ပြုထုတ်ပြန်ရန်အတွက်ရည်ရွယ်ပြီးကောက်ယူရခြင်းဖြစ်ကြောင်း၊ ယခုလိုကောက်ယူရရှိသော အချက်အလက်များကို မြန်မာနိုင်ငံစီးပွားရေးနှင့်တိရစ္ဆာန် အကောင်ရေတိကျစွာရရှိပြီး ရရှိသော စာရင်းကို အခြေပြုကာ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်များလုပ်ကိုင်ရာတွင် ပြန်လည်အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများကို ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်**


**မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ နှောကန်စံပြကျေးရွာ အထကတွင် (၁၉၅၈)ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော**

## ကျောင်းသား ကျောင်းသူဟောင်းများသို့ နှိုးဆော်လွှာ

အလက စဖွင့်သည်မှစ၍ ၁၉၅၈ခုနှစ် ယခု ၂၀၁၇ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ပထမအကြိမ်မြောက် တွေ့ဆုံပွဲနှင့် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် နှောကန်(အထက)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့တတ်နိုင်သည့်ဘက်မှ လုပ်အား၊ ပညာအား၊ ငွေအား၊ အတတ်ပညာအားများဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်**

၁။ ကိုမိုးသန်း ဖုန်း-၀၉-၅၁၇၇၄၉၈
၂။ ကိုဇော်မင်း ဖုန်း-၀၉-၄၅၆၅၁၉၈၉၀
၃။ ကိုဖြိုး ဖုန်း-၀၉-၄၂၁၁၈၀၄၄၈
၄။ ကိုမြဝင်းမောင် ဖုန်း-၀၉-၉၆၈၆၄၅၅၂၂
၅။ ကိုမိုးဝင်း ဖုန်း-၀၉-၄၉၃၀၅၇၂၇
၆။ ကိုဇော်ဆန်း ဖုန်း-၀၉-၉၅၂၃၅၂၄၂၆
၇။ ကိုအောင်ဆန်းလင်းဖုန်း-၀၉-၄၂၀၀၃၄၈၈၃
၈။ ကိုအောင်ဇော်ဦး ဖုန်း-၀၉-၇၉၇၅၀၀၆၁၄
၉။ ကိုအောင်သူဝင်း ဖုန်း-၀၉-၄၄၅၁၈၂၁၈၃
၁၀။ ကိုကျော်ဝင်း ဖုန်း-၀၉-၄၃၁၀၆၈၁၀

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**




## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(၁) သတ္တမတန်း(F)မှ မရွှန်းလဲ့ဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထွေး ၈/စလန(နိုင်)၁၈၀၈၆၅ ဖြစ်ပါသည်။ **ဦးအောင်ကျော်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းရပ်၊ စပျစ် ခြံ အုပ်စု၊ ဝမ်းတော်ပြည့်တိုးချဲ့မှ ဦးသူရထွန်း ၉/မထလ(နိုင်)၀၀၂၂၈၅ နှင့် ဗိုလ်ကြီးဟန်စိုးထွန်း (ငြိမ်း)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မလင်းလင်းရတနာထွန်း၊ မဖြိုးဖြိုးရတနာထွန်း၊ မသီရိရတနာထွန်းတို့၏ ဖခင် အမည်မှန်မှာ ဦးသူရထွန်း (ခ) ဦးဟန်စိုးထွန်း ၉/မထလ(နိုင်) ၀၀၂၂၈၅ ဖြစ်ပါကြောင်း။

**ဦးသူရထွန်း (ခ) ဦးဟန်စိုးထွန်း**

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ် ၂၂/ဘီ ဟုခေါ်တွင်သော အိမ်မြေနှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၆၁/ဋ-၂၊ ဧရိယာ(၀ဒသမ၀၅၇)ဧက အကျယ်ရှိ မြေပိုင် မြေ အမျိုးအစား မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြေ/ ယာ)ဌာန၌ ယခင်က ဖခင်ကြီးဦးအောင်ခင်မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီးနောက် ဦးအောင်ခင် ကွယ်လွန်သည့်အခါ ၎င်း၏ အမွေစားအမွေခံသားသမီးများဖြစ်သည့် ဒေါ်ရစ်စောဟ္ဝာ(ခ)ဒေါ်သန်းသန်းမြင့်နှင့် ဦးသန်းချောင်း(ခ)ဦးအုန်းသန်းတို့မှ တရား ဝင်အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပါသည်။

ထို့ပြင် ဖခင်ကြီးဦးအောင်ခင် လက်ထက်မှစ၍ ယခုလက်ရှိအချိန်အထိအဆိုပါ မြေကွက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ အခြားသူသို့ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခဲ့ခြင်းလည်းမရှိခဲ့ပါ။

ထို့ကြောင့် တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူများ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ငှားရမ်းခြင်းတို့မပြုလုပ်ပါရန်နှင့်လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)**

**ရုံးခန်း(၁)၊ အမှတ် ၅၆၁၊ MAC Tower, အခန်း၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ရုံးခန်း(၂)၊ ယူနိုက်တက်ကွန်ဒို၊ အခန်း၂၀၇၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်း ရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဝန်ထမ်းသက်သာကော်မတီပိုင် မော်တော်ယာဉ် (ဟိုက်အေ့စ်)တစ်စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ တင်ဒါပုံစံ စည်းကမ်းချက်များကို ၂၂-၁၂-၂၀၁၇ရက်မှ ၂၇-၁၂-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါကို ၂၈-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီ မတိုင်မီ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ ၂၈-၁၂-၂၀၁၇ရက် (၁၃း၀၀)နာရီတွင် တင်ဒါဖွင့်မည်ဖြစ်ပါသည်။
၅။ မော်တော်ယာဉ် မျက်မြင်အခြေအနေအား ကြည့်ရှုလိုပါက အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၂၅၁၈၉၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါလေလံရောင်းချရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကသာခရိုင်မှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၂-၁၂-၂၀၁၇ရက် နံနက် ၉ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၁၂-၂၀၁၇ရက် ညနေ ၄နာရီ
တင်ဒါဖွင့်မည့်ရက် - ၃၀-၁၂-၂၀၁၇ရက် နံနက် ၁၀ နာရီ

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကသာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၀၂၅၀၄၈**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (ခုတင်-၁၀၀) နှင့်အောက်ဆေးရုံများအတွက် (FDA) အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းနှင့်ဓာတ်မှန်ဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့်အချက်အလက်များ စာရင်းကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန (သစ္စာလမ်း)တွင် လူကိုယ်တိုင်လာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်ရက်** - ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီ

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန**
**ဖုန်း-၀၄၂-၂၂၁၉၂၊ ၀၄၂-၂၃၁၉၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်မင်းထွန်း ၁၀/မလမ(နိုင်)၁၈၄၂၂၂၏ (Passport-No ) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၂၉၉**

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်ရှိ ယဉ်ရပ်နားကွင်းတွင် ထပ်တိုး ပြုလုပ်မည့်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) ကျန်ရှိနေသည့် အလယ်ဧရိယာကွန်ကရစ်ခင်းခြင်း (၂၇၃၇၉ စတုရန်းပေ)
(ခ) ကျောက်ကြီးနံရံစီခြင်း (ပေ၂၃၀×၄ပေ×၁ပေ)
(ဂ) အုတ်စီရေမြောင်းပြုလုပ်ခြင်း(ပေ၄၈၀×၃ပေ၆လက်မ×၂ပေ)
(ဃ) ကပ်တုံးပြုလုပ်ခြင်း (၂၅၂ပေ×၉လက်မ×၆လက်မ)
(င) Car Stand ပြုလုပ်ခြင်း(၁၃၅ပေ×၃၄ပေ×၈ပေ)
(စ) Box Culvert(၆ပေ×၂ပေ×၃ပေ၆လက်မ)
(ဆ) လုံခြုံရေးဂိတ်တဲ(၁၀ပေ×၁၀ပေ×၁၀ပေ)
(ဇ) အရှေ့မျက်နှာစာခြံစည်းရိုး (အဝင်/အထွက်အပေါက်များတွင် သံပန်းတံခါးအပါ)
၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် အချက်အလက်ပုံစံပြည့်စုံစွာဖြင့် နိုင်ငံခြားရေးဝန် ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အအုံထောက်ပံ့နှင့် ဆက်သွယ်ရေးဌာနသို့ ၅-၁-၂၀၁၈ရက် ၁၆း၀၀နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
(ဖုန်း-၀၆၇-၄၁၂၃၄၁၊ အဆောက်အအုံထောက်ပံ့ဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြား ရေးဝန်ကြီးဌာန)

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

## မင်္ဂလာဆော်ခံပွဲဖျက်သိမ်းကြောင်းကြေညာခြင်း

ဦးအေးမော်-ဒေါ်ထွေးထွေးသိန်းတို့၏သမီးကြီး မပန်းအိဖြူနှင့် (ဦးသိန်းစိုး)-ဒေါ်ကျင်တုတ်တို့၏သားလတ် မောင်လင်းထိန်ဦးတို့သည် နှစ်ဦးသဘောထား မတိုက်ဆိုင်ပါသဖြင့် ၂၄-၁၂-၂၀၁၇ ရက်(တနင်္ဂနွေနေ့)တွင်ပြုလုပ်မည့် မင်္ဂလာဆော်ခံပွဲအား မိန်းကလေးဘက်မှ ဖျက်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်လင်းထိန်ဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း မောင်လင်းထိန်ဦးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**မပန်းအိဖြူ ၁၂/မဂတ(နိုင်)၀၈၆၆၂၁**

**ပျောက်ဆုံးကြောင်း**

ဦးမန်ဘူရ်(ဘ)ဦးကပ်လျှန် ၄/ထတလ (နိုင်)၀၁၃၉၀၅ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၂၁၂၄၆၅၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ် ၄၆နေ ဒေါ်ညိုညိုဆန်း(ခ)မစု ၁၀/မဒန(နိုင်)၀၂၆၇၀၂ ၏သား မောင်ဝေဖြိုးဦးသည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ညိုညိုဆန်း**


ဆရာကောင်း နှင့် ဒေါ်ခင်လှိုင်ဦး
(B.Agr.Sc) B.A(History)
ဦးစီးတည်ထောင်သော
နေပြည်တော်ပျဉ်းမနားမြို့၏ တစ်နိုင်ငံလုံး Top-10-ဝင် နှင့် နှစ်စဉ်(၆)ဘာသာဂုဏ်ထူးရှင်များ မွေးထုတ်ပေးရာ...
ပညာပန်းတိုင်
ကိုယ်ပိုင်အထက်တန်းကျောင်း
၆-ဘာသာဂုဏ်ထူးရှင်များ
၂၀၁၆–၂၀၁၇ ပညာသင်နှစ် အောင်ချက်ရာခိုင်နှုန်း
(၆)ဘာသာဂုဏ်ထူးရှင် (၁)ဦး
(၅)ဘာသာဂုဏ်ထူးရှင် (၂)ဦး
(၄)ဘာသာဂုဏ်ထူးရှင် (၅)ဦး
(၃)ဘာသာဂုဏ်ထူးရှင် (၇)ဦး
(၂)ဘာသာဂုဏ်ထူးရှင် (၇)ဦး
(၁)ဘာသာဂုဏ်ထူးရှင် (၃၂)ဦး
အောင်ချက်ရာခိုင်နှုန်း (78.09%)
၂၀၁၈–၂၀၁၉ ပညာသင်နှစ်အတွက် မူလတန်းမှအထက်တန်းအထိ ယနေ့မှစတင်၍ လက်ခံပါမည်။
မောင်နေမျိုးသူ
မောင်သက်နောင်စိုး
မောင်ဇွဲဝဏ္ဏအောင်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ
မအေးပရယ်စု
မငြိမ်းဝေအောင်
မသွယ်သွယ်ထွန်း
မအေးအေးမွှင့်
မရွှန်းလဲ့လဲ့နိုင်
မြန်မာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ
၅-ဘာသာ နှင့် ၄-ဘာသာဂုဏ်ထူးရှင်များ
■ (၁) ဘားနဒ်လမ်းသွယ်၊အမှတ်(၂)လမ်းမကြီး၊ဦးမင်းဒင်ရပ်ကွက်၊နေပြည်တော်၊ပျဉ်းမနားမြို့၊ဖုန်း–၀၆၇ ၂၁၄၃၁၊ ၀၉ ၈၃၀၀၅၂၄၊ ၀၉၄ ၂၀၇၁၁၃၄၆၊ ၀၉၄ ၂၀၇၃၃၅၅၅
■ (၂) ပဒုမ္မာလမ်း၊ ဘောဂဝတီရပ်ကွက်၊ (အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာရှေ့)၊နေပြည်တော်၊ပျဉ်းမနားမြို့။ ဖုန်း–၀၉ ၇၇၉၇၉၉၉၇၃၊ ၀၉ ၄၄၃၃၃၃၃၈၃

# ပညာပန်းတိုင်

## ကိုယ်ပိုင်အထက်တန်းကျောင်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့

၂၀၁၈-၁၉ ပညာသင်နှစ်အတွက်

ပညာရေးလုပ်ငန်းတွင် စိတ်ဝင်စားသော၊ တာဝန်သိစိတ် နှင့် တာဝန်ယူစိတ်ရှိပြီး တာဝန်ကို လေးစားသော

အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | | | |
|---|---|---|---|
| ၁။ | လက်ထောက်အဆောင်မှူး | - | ဘွဲ့ရများ(ဘော်ဒါဆောင် လုပ်ငန်းအတွေ့အကြုံ ရှိသူ) |
| ၂။ | အတန်းကြီးကြပ်(မူ/လယ်/ထက်) | - | ဘွဲ့ရများ(ဘာသာရပ် အနည်းဆုံး ၂ ခုပိုင်နိုင်ရမည်) (အင်္ဂလိပ်စာ ကျွမ်းကျင်မှု ဦးစားပေးမည်) |
| ၃။ | စာကြည့်လမ်းညွှန် (Guide) (မူ/လယ်/ထက်) | - | ဘွဲ့ရများနှင့် တက္ကသိုလ် တက်နေသူများ (ဘာသာရပ် အနည်းဆုံး ၂ ခုပိုင်နိုင်ရမည်) (အင်္ဂလိပ်စာ ကျွမ်းကျင်မှု ဦးစားပေးမည်) |

(အမှတ်စဉ် - ၁၊ ၂၊ ၃ တွင် အထက်တန်းအတွက် လျှောက်ထားသူသည် အဆောင်တွင်နေနိုင်ရမည်။ နေ/စား တာဝန်ယူမည်)

| | | | |
|---|---|---|---|
| ၄။ | မူ/လယ် (အင်္ဂလိပ်၊သင်္ချာ) ဘာသာပြ | - | ဆရာဖြစ်လက်မှတ် ကိုင်ဆောင်ထားသူ |
| ၅။ | စာကြည့်တိုက်မှူး | - | စာပေဝါသနာပါသူ၊ အတွေ့အကြုံ ရှိသူ |
| ၆။ | ပန်းချီ၊ ဂီတ၊ ကာယ ဆရာ | - | သင်ကြားမှု အတွေ့အကြုံ ရှိသူ |
| ၇။ | စာစီစာရိုက် နှင့် ပုံနှိပ်လုပ်ငန်း | - | လုပ်ငန်း ကျွမ်းကျင်ပြီး အတွေ့အကြုံ ရှိသူ (အလုပ်သင်မလို၊ သင်တန်းဆင်း လက်မှတ်မလို) |
| ၈။ | ငွေစာရင်း(စာရင်းကိုင်) | - | လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည် |
| ၉။ | ဧည့်ကြို နှင့် သတင်းအချက်အလက်ဌာန(မ) | - | ရုပ်ရည်အသင့်အတင့်ရှိပြီး၊ စကားပြော အထူးပြေပြစ်ကောင်းမွန်သူ၊ သင်ယူလိုစိတ်ရှိသူ |

လျှောက်လွှာများကို (၂၀၁၇၊ ဒီဇင်ဘာ လ၊ ၃၁ ရက်နေ့) နောက်ဆုံးထား လျှောက်ထားနိုင်သည်။

- လျှောက်ထားလိုသူသည် ဝင်ခွင့်လျှောက်လွှာ တွင် ဖြည့်စွက်ပြီး လိုင်စင်ဓာတ်ပုံ (၂) ပုံ၊ ပညာရေးအထောက်အထား၊ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)၊ အိမ်ထောင်စုဇယား (မိတ္တူ)၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် အပြည့်အစုံ စသည်တို့ နှင့် အတူ ကျောင်းတွင် လာရောက် လျှောက်ထားနိုင်သည်။
- ရပ်ဝေးမှ လျှောက်ထားသူများသည် ကျောင်းလိပ်စာအတိုင်း ကျောင်းသို့ အရောက်ပေးပို့ရမည်။ (ကျောင်းသို့ရောက်မလာသော လျှောက်လွှာများအား တာဝန်မယူပါ။)
- လျှောက်လွှာများကိုဘုတ်အဖွဲ့မှစိစစ်ပြီးလူတွေ့စစ်ဆေးရန်ရွေးချယ်ခံရသူကိုလူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်ကို (၅-၁-၂၀၁၈) နောက်ဆုံးထားပြီး ဖုန်းဖြင့် အကြောင်း ကြားပေးမည်။ (ရွေးချယ်ခံရခြင်းမရှိခဲ့လျှင် အကြောင်းမကြားပါ။) ရွေးချယ်ခံရသူသည် ရပ်ဝေး မှ လျှောက်ထားသူဖြစ်ပါက လူတွေ့စစ်ဆေးမှုအတွက် မိမိအစီအစဉ်ဖြင့် သာ လာရောက် ရမည်။

ဆက်သွယ်ရန် - ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

ပဒုမ္မာလမ်း၊ ဘောဂဝတီရပ်၊ အေးငြိမ်းချမ်းသာ ဂိလာန ဘိုးဘွားရိပ်သာရှေ့၊ နေပြည်တော်၊ ပျဉ်းမနားမြို့။

ဖုန်း - ၀၉၇၇၉၇၉၉၉၇၃(ရုံးချိန်အတွင်းသာ)

---

### နှစ် (၂၀) ပြည့် ကြွေရတုအထိမ်းအမှတ် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) ၁၉၉၃ ခုနှစ်အဝင်နှင့် ၁၉၉၈ ခုနှစ် (ဘွဲ့ရ)ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မိမိတို့ကို ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယဂုဏော အနန္တောဟူသောဂုဏ်ကို ပူဇော်လိုသောစိတ်ထားဖြင့် စုပေါင်းပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများမှ အပူဇော်ခံကြွရောက်ပေးကြပါရန်နှင့် ၁၉၉၃-၉၈ သူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၉-၁-၂၀၁၈ (သောကြာနေ့)

အချိန် - ညနေ ၃း၀၀ နာရီ

နေရာ - ရေနံ့သာဆောင်၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)

၁၉၉၃-၉၈ ကျောင်းသား၊ ကျောင်းသူဟောင်းများ

---

### ဆေးတက္ကသိုလ် (၁) ရန်ကုန် (၁၉၆၆-၇၃)

အတန်းဖော်သူငယ်ချင်းများအားဖိတ်ကြားအပ်ပါသည်။

ကွယ်လွန်သွားကြပြီးဖြစ်သော အတန်းဖော်သူငယ်ချင်းများအတွက် ရည်မှန်း၍ သံဃာတော်(၅)ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေခြင်း၊ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀း၀၀နာရီ ဆေးတက္ကသိုလ်(၁) လမ်းမတော်၊ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၆း၀၀နာရီ၊ Western Park Restaurant (Polo Club Residence) အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ တာမွေမြို့နယ်။

---

### အယူတော်ခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၆ခုနှစ် တရားမပထမအယူခံမှုအမှတ် ၄၄၈

| | | |
|---|---|---|
| ဦးမြဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်စန္ဒာဝင်း) | နှင့် | ဒေါ်သက်ထားကြိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်စော) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၄၀၅/က နေ အယူခံတရားပြိုင် ဒေါ်သက်ထားကြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၀ရက်နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၄၁/၂၀၁၅အမှုတွင်ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ဤအယူခံမှုကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၉ရက် (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်)တွင် ဆိုင်ရန်ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင်သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေ အရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့မလာမ ရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်း ၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီအရင်ခံစာတင်သွင်းရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ထင်ကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

မကွေးခရိုင်တရားရုံးတော်၌

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်(၉၅)

| | | |
|---|---|---|
| ဒေါ်ခင်မျိုးမြင့် | နှင့် | ၁။ ဦးဇော်မျိုးနိုင် |
| မန်နေဂျာ | | ၂။ ဒေါ်သူဇာတင် |
| သမဝါယမဘဏ်လီမိတက် | | ၃။ ဦးသံချောင်း |
| (မကွေးဘဏ်ခွဲ) | | ၄။ ဒေါ်ဇီး |

မကွေးမြို့၊ ရန်အောင်ရပ် အထက ၁လမ်း၊ အမှတ်(၆၅)နေ (၁)တရားပြိုင် ဦးဇော်မျိုးနိုင်နှင့် (၂)တရားပြိုင် ဒေါ်သူဇာတင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မျိုးမြင့်၊ မန်နေဂျာ၊ သမဝါယမဘဏ်လီမိတက် (မကွေးဘဏ်ခွဲ)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ပေးအပ်ပေါင်နှံမှုမှ ထုတ်ချေးငွေအရင်းနှင့်အတိုးငွေ စုစုပေါင်း (၃၆၈၁၆၉၂၆၁ ကျပ် ၅၉ပြား)ကို အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ရက်(၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

---

# အကြိမ် (၅၀)မြောက် ရွှေရတု အလောင်းတော်ကဿပ ဖူးမြော်ရန်

အလောင်းတော်ကဿပရဟန္တာအရှင်မြတ်ကြီးအား အကြိမ် (၅၀)မြောက် ထမနဲဆွမ်းနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲ ၂၇-၁-၂၀၁၈သို့ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ဆရာတော် ဦးပညာဿမိ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပုပ္ပားကုမာရရာမတိုက် ပဓာနနာယက ဆရာတော်နှင့် ဖိုလ်ဝင်တောင် ဆရာတော်အရှင်ဝိမလတို့ဦးဆောင်၍ သွားရောက်ဖူးမြော်ကြပါမည်။

ရန်ကုန်မှ ၂၇-၁-၂၀၁၈ရက် ည ၈း၀၀နာရီထွက်၍ ၂-၂-၂၀၁၈ရက် ည ပြန်ရောက်ပါမည်။

လိုက်ပါလာသူဘုရားဖူးပါရမီရှင်များ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ဌေး။

အမှတ် ၈၂၁၊ မဟာဗန္ဓုလလမ်း၊ ၁၀လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၂၃၀၀၀၇၄၊ ၀၉-၂၅၄၁၁၂၃၁၇၊ ၀၁-၂၂၆၀၂၄၊ ၀၉-၄၄၃၀၀၂၄၇၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ဒုတိယခရီးစဉ် ၁၀ တန်းစာမေးပွဲအပြီး

---

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက (၁)နဝမတန်းမှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ၈/တတက(နိုင်)၁၁၇၃၂၉ ဖြစ်ကြောင်း။ **ဦးတင်ထွန်းအောင်**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/2838 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## မြန်မာနိုင်ငံဆရာဝန်အသင်း

## ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်

အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၈- ၂၀၂၀) ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး၊ တရားမျှတမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရွေးချယ်တင်မြှောက်ပွဲကို (၂၀၁၈)ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက် (စနေနေ့) (နံနက် ၁၀း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ) မြန်မာနိုင်ငံဆရာဝန်အသင်း (ခန်းမဆောင်-ဘီ)၌ ကျင်းပမည်ဖြစ်ပါသည်။

**၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင် (သို့မဟုတ်) အသင်းဝင်ကြေးအကြွေးမရှိသည့်အသင်းဝင်ဖြစ်ရမည်။

(ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဃ) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းကမ်းများကို တိကျစွာ လိုက်နာနိုင်သူ ဖြစ်ရမည်။

**၂။ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ် အရွေးချယ်ခံမည့်သူများ၏ သတ်မှတ်အရည်အချင်းများ-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသားဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ရမည်။

(ခ) သက်တမ်းရှိ(ဆမ) လက်ဝယ်ရှိသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီ၏ မှတ်ပုံတင်လက်ဝယ်ရှိသူဖြစ်ရမည်။

(ဂ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင် (သို့မဟုတ်) အသင်းဝင်ကြေး အကြွေးမရှိသည့် အသင်းဝင်ဖြစ်ရမည်။

(ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(င) မိမိဆန္ဒအလျောက် ဆရာဝန်အသင်း၏တာဝန်များကို ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) နိုင်ငံရေးပါတီတစ်ခုခု၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန် ထမ်းဆောင်နေသူလည်းကောင်း မဖြစ်စေရ။

(ဆ) မြန်မာနိုင်ငံဆရာဝန်အသင်းမှလည်းကောင်း၊ အသင်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများမှလည်းကောင်း ပုံမှန်လစာနှင့် ပုံမှန်ချီးမြှင့်ငွေ ခံစားနေသူ မဖြစ်စေရ။

(ဇ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရပါမည်။

၃။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာတွင် Computer Software ဖြင့် လျှို့ဝှက်မဲပေးခြင်း စနစ်ကျင့်သုံးမည်ဖြစ်ပြီး မဲအရေအတွက် အများဆုံးရရှိသူ(၂၀)ဦးကို ရွေးချယ်ပေးမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် (၈-၁၂-၂၀၁၇)မှ (၂၈-၁၂-၂၀၁၇)ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ် နံနက်(၁၀း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအတွင်း(ရုံးပိတ်ရက်များမှအပ) ဆန္ဒပြုလွှာပုံစံနှင့်ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး အထောက်အထားများနှင့်တကွ(၂၈-၁၂-၂၀၁၇) ရက်နေ့ ညနေ(၄း၀၀)နာရီနောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများကို(၁၂-၁-၂၀၁၈)ရက်နေ့ နံနက်ပိုင်းမှစတင်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ရုံး၌ ကြေညာထားမည်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကို Computer Software ဖြင့်လျှို့ဝှက်မဲပေးခြင်းစနစ်ကို ကျင့်သုံးမည်ဖြစ်၍ ဆောင်ရွက်ရမည့်အဆင့်များကို မြန်မာနိုင်ငံဆရာဝန်အသင်း website: www.mmacentral.org နှင့် Facebook: www.facebook.com/mmacme တွင်ကြည့်ရှုလေ့လာနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့
## ယာဉ်တန်ချိန်(၂)တန်နှင့်အထက်ကုန်တင်ယာဉ်များနှင့်'က' ကုန်စည်လုပ်ငန်းလိုင်စင် ကုန်တင်ယာဉ်များ GPS စနစ် တပ်ဆင်ရန်နှင့် Control Centre အတွက် အိတ်ဖွင့်တင်ဒါ
# (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းလုပ်ကိုင်နေသော ယာဉ်တန်ချိန် (၂)တန်နှင့်အထက် ကုန်တင်ယာဉ်များနှင့်'က'ကုန်စည်လုပ်ငန်း လိုင်စင်ရယူထားသော ကုန်တင်ယာဉ်များအား GPS စနစ် တပ်ဆင်၍ စနစ်တကျထိန်းသိမ်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုန်တင်ယာဉ်များတွင် GPS စနစ်တပ်ဆင်ပေးခြင်းနှင့် Control Centre တပ်ဆင်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသော ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပပေါင်းစပ်လုပ်ကိုင်သည့် ကုမ္ပဏီများကို ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အခန်းအမှတ် ၂၁၆ ၌ ၂-၁-၂၀၁၈ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါလျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၁၂-၁-၂၀၁၈ရက် ညနေ ၁၆:၃၀ နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်နှင့် ကိုက်ညီသော အဆိုပြုလွှာများကို အမြန်ရွေးချယ်သွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၇၇၇၇၁၆၉၈၂ နှင့်၀၉-၉၇၇၉၅၆၄၉၀တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(ကုန်တင်ယာဉ်ဌာန)၊ အမှတ် ၃၇၊ မြေညီထပ်၊ လမ်းမတော် (၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၁၀၉၆၆၉၊ ၀၉-၄၃၁၉၀၇၄၁ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**
**သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဗန်းမော်တက္ကသိုလ်
# နဝမအကြိမ်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ဗန်းမော်တက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူး)ဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဗန်းမော်တက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းကြေး**
တက်ရောက်ဘွဲ့ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာတင်သွင်း ၁၉-၁၂-၂၀၁၇ရက်မှ၁၉-၁-၂၀၁၈ရက်အထိ ရမည့်ရက်

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲမှဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သော (၃) လအတွင်း ရိုက်ကူးထားသော (၂"×၁½") ဓာတ်ပုံစတစ်ကာ (၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
၃။ သတ်မှတ်ဘွဲ့ကြေးများကို ဗန်းမော်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။
၄။ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ် ဗန်းမော်တက္ကသိုလ်သို့လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၅။ ဘွဲ့နှင်းဘသင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲ အပါအဝင်)လုံးဝခွင့်ပြုမည်မဟုတ်ပါ။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ယခင်နှစ်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
၈။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲ ဖုန်း-၀၇၄-၅၀၅၂၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဝင်း)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဗန်းမော်တက္ကသိုလ်**

---

# အထည်ဆိုင်ဝန်ထမ်းအလိုရှိသည်

အရောင်းဝန်ထမ်းအမျိုးသမီး (၅)ဦး
Cashier ဝန်ထမ်းအမျိုးသမီး (၂)ဦး
ဆက်သွယ်ရန်လိပ်စာ - Monywa Ocean Center မြေညီထပ် UARA & BAZA Fashion ဆိုင်တွင် လာရောက်လျှောက်ထားနိုင်သည်။
ဖုန်း-၀၉-၇၈၇၃၈၈၈၈၄

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် A.G.T.I ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားအတွက်
# ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ရက်(စနေနေ့) နံနက်၉:၀၀နာရီ
**အခမ်းအနားကျင်းပခြင်း** - ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားသို့အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများတက်ရောက်ယူနိုင်သည်-
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပုတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ)တို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။
၃။ အခမ်းအနားကြေးအားအောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက် -၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
(ခ) အဝေးရောက် -၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
၄။ အခမ်းအနားအတွက် (၆)လအတွင်းရိုက်ကူးထားသော(တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။
၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။
၆။ အခမ်းအနားသို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။
၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။
မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
# 'ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း'

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် Ph.D(IT) ဘွဲ့သင်တန်း၊ M.C.Sc./M.C.Tech. ဘွဲ့သင်တန်းနှင့် B.C.Sc./B.C.Tech. ဘွဲ့ သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၇-၂-၂၀၁၈ရက်(စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်(၃)လအတွင်းရိုက်ကူးထားသော ၂"×၁½"အရွယ်ဓာတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင်ပေးသွင်းရမည်။
၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။
၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် 'ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း'ဟုဖော်ပြပြီး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာ အပြည့်အစုံကိုတိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အသေးစိတ်အစီအစဉ်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၆၁၀၈၈၉ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒေါက်တာအေးအေးသင်း**
**မော်ကွန်းထိန်းအဆင့်(၁)**
**စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

---

# ခြံမြေအမြန်ရောင်းမည်

ပြင်ဦးလွင် ရပ်ကွက်ကြီး(၁၃) ဆင်ခေါင်းလေး
ဝဒသမ၅၈ကေ သိန်း(၃၀၀) ညှိနှိုင်းဈေး။
ဝဒသမ၂၅ကေ သိန်း(၂၅၀) ညှိနှိုင်းဈေး။
ဖုန်း-၀၉-၉၇၈၀၅၀၉၉၉၊ ၀၉-၂၆၀၉၆၉၃၂၂

---

# ခြံမြေအမြန်ရောင်းမည်

သန်လျင်အောင်ချမ်းသာ တိုးချဲ့ကွက်သစ်လမ်းမကြီးဘေး စလစ်မြေခြံခတ်ပြီး
ပေ (၄၀×၆၀) သိန်း (၁၅၀) ညှိနှိုင်းဈေး။
ဖုန်း-၀၉-၉၇၈၀၅၀၉၉၉၊ ၀၉-၂၆၀၉၆၉၃၂၂

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော (Android Tablet) များ အမြန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၈ ရက် မွန်းလွဲ ၂:၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

# တေးသီချင်းများသုံးစွဲခွင့်ပြုရန်အတွက် အသိပေးကြေညာချက်

**သက်ဆိုင်ရာတေးသံရှင် သို့မဟုတ် တေးသံရှင်၏မိသားစုဝင်များ အသိပေးခြင်း**

- မြန်မာနိုင်ငံအတွင်းရှိ Dara Trading Co.,Ltd မှ သက်ဆိုင်ရာ တေးသံရှင်များရဲ့ တေးသီချင်းများကို Champ Digital Music Box ပြုလုပ်ရောင်းချရာ၌ မြန်မာ့အဆိုတော်ကြီးများ၏ တေးသီချင်းများအား Champ Digital Music Box အတွင်း မေတ္တာလက်ဆောင်အဖြစ် ထည့်သွင်းပေးလိုသည့်အတွက်ကြောင့် ကျွန်ုပ်တို့ Dara Trading Co., Ltd မှ သက်ဆိုင်ရာတေးသံရှင် သို့မဟုတ် မူပိုင်ခွင့်ရှိသော သက်ဆိုင်ရာ မိသားစုဝင်များထံ တေးသီချင်းများအား အသုံးပြုခွင့်ပေးပါရန် ခွင့်ပန်အပ်ပါသည်။ Champ Digital Music Box မှ ရရှိတဲ့ အမြတ်ငွေတချို့ကို Champ Music Box မိသားစုမှ မိဘမဲ့ကျောင်း ဘိုးဘွားရိပ်သာနှင့် ဘုန်းကြီးကျောင်းတို့တွင် လှူဒါန်းသွားမည်ဖြစ်သည်။
- အသုံးပြုကာလကြာမြင့်ချိန်မှာ တစ်နှစ်တိတိဖြစ်သည်။

| | |
|---|---|
| ၁။ ဘိုဖြူ | ၁၆။ တူးတူး |
| ၂။ စိုင်းထီးဆိုင် | ၁၇။ မီမီဝင်းဖေ |
| ၃။ စိုင်းဆိုင်မောင်း | ၁၈။ ခိုင်ထူး |
| ၄။ မြန်မာပြည်သိန်းတန် | ၁၉။ ပိုးအိစံ |
| ၅။ ပိုးဒါလီသိန်းတန် | ၂၀။ စိုးပိုင် |
| ၆။ ဖြူသီ | ၂၁။ ဘိုဘိုဟန် |
| ၇။ လွှမ်းမိုး | ၂၂။ မျိုးမြင့်လေး |
| ၈။ ခင်မောင်တိုး | ၂၃။ ဗညားဟန် |
| ၉။ ဟသ်ာတထွန်းရင် | ၂၄။ စိုးစန္ဒာထွန်း |
| ၁၀။ မေဆွိ | ၂၅။ သုမောင် |
| ၁၁။ နွဲ့ယဉ်ဝင်း | ၂၆။ ဇော်ဝမ်း |
| ၁၂။ မာမာအေး | ၂၇။ အောင်သူ |
| ၁၃။ ထူးအိမ်သင် | ၂၈။ ချိုပြုံး |
| ၁၄။ သန်းနိုင် | ၂၉။ ဂီတဖေဝင်း |
| ၁၅။ သန်းဖေလေး | ၃၀။ မဒီ |

အထက်ပါအမည်ရှိသော တေးသံရှင်များအားလုံး သီချင်းမူပိုင်ခွင့် အနုပညာကြေးများကိုလည်း ဖုန်း-၀၉-၄၂၈၀၇၇၆၄၇၊ ၀၉-၇၇၀၆၁၈၂၆၆ မေးမြန်းပြောကြားနိုင်ပါသည်။

**Dara Trading Co.,Ltd**
**No.J(5) Maykha Housing,**
**Sa kha Ward, Laydaungkan Street,**
**Thingangyun Township, Yangon**

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေဧရိယာဝဒသမ၂၅၃ဧကေ၊ မြေကွက်အမှတ် (ဥ-၃၃၃၈) ဦးကျော်ကျော် ၉/ကဆန(နိုင်)၀၀၅၅၃၅(ဘ)ဦးဘသင်အမည်ပေါက် နှစ် ၃၀ မြေငှား ဂရန်စာချုပ်မြေကွက်ကို ဦးကျုံဖိန် ၅/ကသန(ဧည့်)၀၀၀၁၀၅(ဘ)ဦးအချမ်းမှ နေပြည်တော် မှတ်ပုံတင်စာချုပ်စာတမ်းရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၆၀/၂၀၁၀ (၂၈-၁၂-၂၀၁၀)တင်ပြ၍ ဒေါ်သဲမချိုမြင့် ၉/ညဥန(နိုင်)၁၁၂၇၄၆ အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လယ်ဝေးမြို့နယ်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၆

| | | |
|---|---|---|
| ၁။ ဦးဆန်းကြွယ် | နှင့် | ၁။ ဦးကျော်ကျော် |
| ၂။ ဒေါ်ယုယုနွယ် | | ၂။ ဒေါ်ရွှေရွှေမော် |
| **တရားလိုများ** | | **တရားပြိုင်များ** |

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဇလီငှက်ကြီးတောင်အုပ်စု၊ တောင်ဖီလာ၊ နေပြည်တော်ဘိလပ်မြေစက်ရုံ၊ (၆) ခန်းတွဲအိမ်ရာနေ အမှတ် (၂) တရားပြိုင် ဒေါ်ရွှေရွှေမော်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ဆန်အိတ်ဖိုးကျန်ငွေ(၁၂၆၀၀၀၀/-)နှင့် နစ်နာကြေးငွေ(၅၀၀၀၀၀/-) စုစုပေါင်းငွေ(၁၇၆၀၀၀၀/-)ရလိုမှု လျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ရက်(၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းနှင်းစိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**

---

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(၂) အဌမတန်း(A) မှ မောင်တေဇာငြိမ်းချမ်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဦး ၈/စလန(နိုင်)၁၁၆၅၁၈ ဖြစ်ပါသည်။

**ဦးထွန်းနိုင်ဦး**

---

# အမည်ပြောင်း

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နေ ဦးကျော်သက်အောင် ၁၄/ရကန(နိုင်)၀၀၂၃၁၀၏သမီး အမက ရေတံခွန် (KG)တန်းမှ မဖြူစင်သန့်အား မမေမြတ်ရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေမြတ်ရှင်းသန့်**

---

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ၊ အထက (ခွဲ)ဆဌမတန်းမှ မောင်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးကျော် ၈/မတန(နိုင်)၀၄၃၅၉၂ ဖြစ်ပါကြောင်း။

**ဦးစိုးမိုးကျော်**

---

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းရွှေ ၈/မထန(နိုင်)၀၃၅၅၇၀ ဖြစ်ပါကြောင်း။

**ဦးသန်းရွှေ**

---

# ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊အလက(၆)၊ ပဉ္စမတန်းမှ မသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/ကနန(နိုင်)၀၃၆၅၂၄ ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

---

# တစ်ဦးတည်းဖြစ်ကြောင်း

ဦးစန် - ဒေါ်ခင်ကြည်တို့၏သား မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးမြင့်သိန်း ၉/မရမ(နိုင်)၀၁၃၄၄၉ နှင့် ဦးမြင့်သိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်သိန်း(ခ)ဦးမြင့်သိမ်း**

---

# ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ အထက နဝမတန်းမှ မယုဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်သိန်း ၅/ပလန(နိုင်)၀၀၅၈၄၇ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ အထက နဝမတန်းမှ မောင်စည်သူလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဆိတ်ဖိုလ် ၅/ယမပ(နိုင်)၀၅၃၁၈၆ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ အထက နဝမတန်းမှ မသင်းယုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကံကြီးအောင် ၅/ယမပ(နိုင်)၀၅၄၇၄၄ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ အထက နဝမတန်းမှ မောင်ရန်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၅/ယမပ(နိုင်)၀၁၅၄၄၃ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ အထက နဝမတန်းမှ မဆွေဆွေဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၅/ယမပ(နိုင်)၀၅၄၇၅၂ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

မုံရွာမြို့၊ အထက (၂) နဝမတန်း(B) မှ မောင်ရှင်းခန့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇင်ဝေထွန်းမြင့် ၅/မရန(နိုင်)၁၇၂၃၀၀ ဖြစ်ပါကြောင်း။

---

# မွေးသက္ကရာဇ်အမှန်

ကျွန်တော် ဦးရဲမင်းနိုင် ၁၂/လသယ(နိုင်)၀၆၄၂၅၇ (ဘ) ဦးခင်စိုး၏ ကျောင်းထောက်ခံစာ၊ Service Book တို့ရှိ မွေးသက္ကရာဇ်နှင့်နိုင်ငံသားကတ်ပြားရှိ မွေးသက္ကရာဇ်တို့သည်ကွဲလွဲနေပါ၍ ၈-၈-၁၉၈၈ သည် ကျွန်တော်၏ မွေးသက္ကရာဇ်အမှန် ဖြစ်ပါသည်။

# ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြုလုပ်သည့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၇-၁၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၅/၂၀၁၇ ဖြင့် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတအပါအဝင် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်

*စာမျက်နှာ ၄ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# မြန်မာ ယူ-၂၁ အသင်း ထိုင်းကို ဂိုးပြတ်အနိုင်ယူပြီး တတိယနေရာရရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ကန်တိုမြို့၌ ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းက ထိုင်းယူ-၂၁ အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ထိုင်း အသင်းကို တတိယလုပွဲတွင်လည်း ထပ်မံအနိုင်ယူကာ တတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က ထိုင်းကို အနိုင် ရခဲ့သလို ယခုပြန်လည်တွေ့ဆုံရာတွင်လည်း ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် တတိယဆုရရှိခဲ့သည်။ ဦးကြည်လွင် ကိုင်တွယ်သည့် မြန်မာ ယူ-၂၁ အသင်းသည် ပြင်ဆင်ချိန်နည်းပါးပြီး ကစားသမားကောင်းများ ပါဝင်ခြင်းမရှိ၍ ယခုပြိုင်ပွဲတွင် အကောင်းဆုံးအနေအထား မရခဲ့သော်လည်း ထိုင်းအသင်းကိုမူ နှစ်ပွဲစလုံး အနိုင်ကစားနိုင်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပွဲထွက် လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး ယခုပွဲတွင် ပထမဆုံး ပွဲထွက်ကစားခွင့်ရသည့် တိုက်စစ်မှူး ရွှေကိုကအီစိုး၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၅* ✳

**မြန်မာယူ-၂၁ အသင်းနှင့် ထိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။**

ဓာတ်ပုံ-MFF

## သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့်အတွက် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်

*စာ-၅*

## မောင်တောမြို့နယ် ကညင်ချောင်း စီးပွားရေးဇုန်ထူထောင်

*စာ-၁၀*

## ကျူးဘားသမ္မတ ၂၀၁၈ ခုနှစ်တွင် ရာထူးမှ အနားယူတော့မည်

*စာ-၁၄*

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017